# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 12 April 2019 ၉၆၁၉


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက် မာရာပါနာအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက် မာရာပါနာအား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ်မြောက် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက် မာရာပါနာအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ဆက်ဆံရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးနှင့် သီရိလင်္ကာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ယနေ့ မာတိကာ**


**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းတိုးတက်စေရေး ဆောင်ရွက်မှုများ ထုတ်ပြန်**

စာမျက်နှာ » ၇

**NRPC နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၈





## ကြေးမုံ

# အသက်နှင့်ခန္ဓာကို မြတ်နိုးတန်ဖိုးထား

ဗုဒ္ဓမြတ်စွာဘုရားရှင်က မိမိကိုယ်သာ ကိုးကွယ်ရာ၊ မှီခိုအားထားရာဟု ဟောကြားထားသည်။ သူတစ်ပါးကို အားကိုးခြင်းထက် မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အားကိုးပြီး ကောင်းကျိုးချမ်းသာတို့ ဖြစ်ထွန်းအောင် ကြိုးပမ်းရှက်ဆောင်ကြရသည်။ ထိုသို့ကြိုးပမ်းရှက်ဆောင်ရန်အတွက် မိမိတို့၏ အသက်နှင့်ခန္ဓာသည် အရေးအကြီးဆုံးဖြစ်သည်။ လူအများအနေဖြင့်လည်း မိမိ၏အသက်နှင့်ခန္ဓာကိုသာ တန်ဖိုးအကြီးဆုံးအရာ၊ အမြတ်နိုးဆုံးအရာဟု ခံယူထားကြသည်။

ရခဲလှသောလူ့ဘဝတစ်ခဏတာတွင် မိမိတို့၏အသက်နှင့်ခန္ဓာ တည်တံ့ခိုင်မြဲရေး၊ ကျန်းမာချမ်းသာရေးကို ကြိုးပမ်းအားထုတ်ကြရမည်၊ အလေးမူဂရုစိုက်ကြရမည်၊ သို့မှသာ မိမိတို့အလိုရှိရာကို ဆောင်ကြဉ်းယူနိုင်မည်ဖြစ်သည်။ မျက်မှောက်လောကတွင် မိမိတို့၏အသက်နှင့်ခန္ဓာကို တန်ဖိုးမထားကြသူများကို တွေ့ရသည်။ ပေါ့ပေါ့ဆဆနေကြခြင်း၊ သတိမမူပြုမူကြခြင်းကြောင့် မိမိတို့၏အသက်နှင့်ခန္ဓာ အချည်းအနှီး ပျက်စီးဆုံးရှုံးခြင်းဖြစ်ရသည်များကို တွေ့ရသည်။

ကံ၊ ကံ၏အကျိုးအားကြောင့် အချိန်မတိုင်မီ၊ လူ့သက်တမ်းမပြည့်မီ ပျက်စီးခြင်းတို့ မလွဲမသွေဖြစ်ရသည်ဆိုသော်လည်း အသက်ကို ဉာဏ်စောင့်ခြင်းဖြင့် ပျက်စီးခြင်းတို့ လျော့နည်းခြင်းဖြစ်ပေါ်အောင် သတိမူကြိုးပမ်းအားထုတ်ရမည်ဖြစ်ပေသည်။ ယခုအခါ နိုင်ငံအတွက်၊ မိမိ မိသားစုအတွက် တန်ဖိုးကြီးမားသော လူသားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးရသောအဖြစ်များတွင် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပေါ်ရသော အမှုများမှာ အများဆုံးဟုဆိုနိုင်သည်။

နှစ်စဉ် တစ်နှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ထောင်ချီဖြစ်ပေါ်လျက်ရှိပြီး သေဆုံး၊ ဒဏ်ရာရသူပေါင်း ရာချီဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ သေဆုံး၊ ဒဏ်ရာရသူများ၏ ကိုယ်တိုင်ကြုံတွေ့ရသည့် အဖြစ်ဆိုးများသာမက ၎င်းတို့၏ မိသားစုများ၏ နောက်ဆက်တွဲ ဆင်းရဲဒုက္ခများမှာ ကြီးမားလှပါသည်။ ယင်းသို့သော ပူပင်သောကများနှင့်ဘဝပျက်မှုများ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ဖြစ်ပေါ်နေသဖြင့် ထိုသို့မဖြစ်ပေါ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ မြန်မာလူမျိုးများအဖို့ ပျော်ရွှင်ဖွယ်အကောင်းဆုံး ရိုးရာအစဉ်အလာမပျက် ဆင်နွှဲကြသည့် သင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ ထိုကာလတွင် လူ့အသက်နှင့်ခန္ဓာများ ပျက်စီးဆုံးရှုံးမှုကို အများဆုံးဖြစ်စေသည့် မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ်များ နှစ်စဉ်ဖြစ်ပွားလေ့ရှိပါသည်။ မြန်မာတို့နှင့် အလားတူဆင်နွှဲသော ထိုင်းနိုင်ငံ၏ ထိခိုက်သေဆုံးမှုများနှင့်နှိုင်းစာလျှင် များပြားသည်ဟု မဆိုနိုင်သော်လည်း လျော့နည်းအောင် သတိပြုရမည်ဖြစ်သည်။

ယမန်နှစ် ၁၃၈၀ ပြည့်နှစ် နှစ်သစ်ကူး မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးတွင် မော်တော်ယာဉ် မတော်တဆမှု အကြိမ် ၃၅၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၆၉၀ ရှိကာ သေဆုံးသူ ၁၃၃ ဦးရှိသည်ဟု သိရသည်။ သင်္ကြန်ကာလ၌ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ယာဉ်မတော်တဆမှု ဖြစ်ကြရာတွင် ရန်ကုန်တိုင်းဒေသကြီးထက် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့လူ့အသက်နှင့်ခန္ဓာများ ပျက်စီးဆုံးရှုံးရခြင်းသည် ကံတရားကြောင့် မည်သို့မျှရှောင်လွှဲမရခြင်းဟု ဆိုသည်ထက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းမရှိဘဲ မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်သောကြောင့် မသေဆုံး၊ မထိခိုက်သင့်ဘဲ သေဆုံး၊ ထိခိုက်မှုဖြစ်ရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း အပျော်လွန်ကာ ဖြစ်ပွားရခြင်းဟု ဆိုနိုင်သည်။

ထို့ကြောင့် မကြာမီကျရောက်တော့မည့် သင်္ကြန်ပွဲတော်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် အထူးသဖြင့် ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းများကို တိကျစွာလိုက်နာကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ၂၀၁၉ ခုနှစ် မတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၂၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၇၆၈ ဦးနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၂၀၈၃၀ စုစုပေါင်း ၂၁၅၉၈ ဦးကို ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပအလုပ်အကိုင်အနေဖြင့် မလေးရှားနိုင်ငံသို့ ၄၃၄၈ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၂ ဦး၊ ကိုရီးယားနိုင်ငံသို့ ၈၁၄ ဦး၊ ထိုင်းနိုင်ငံသို့ ၁၆၅၉၃ ဦး၊ ဂျပန်နိုင်ငံသို့ ၅၂၇ ဦး၊ ယူအေအီးသို့ ၁၇ ဦး၊ ကာတာနိုင်ငံသို့ ၁၅ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၈၅ ဦး၊ မကာအိုနိုင်ငံသို့ သုံးဦး စုစုပေါင်း ၂၂၅၃၄ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကွယ်လွန်သူ သတင်းစာဆရာကြီး ချစ်ကြည်ရေး ကြည်ညွန့် ကွယ်လွန်ခြင်း ၁၅ နှစ်ပြည့်အတွက် ငွေကျပ် ၁၅ သိန်း လှူဒါန်း

**ရန်ကုန် မေ ၁၁**

ကွယ်လွန်သူ သတင်းစာဆရာကြီး ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) ကွယ်လွန်ခြင်း ၁၅ နှစ်ပြည့်အဖြစ် ဆရာကြီး၏ဇနီး ဒေါ်ခင်နုနုနှင့် သားသမီးမြေးများက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းပွဲကို မေ ၁၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

### မှဒိတာစကားပြောကြား

အခမ်းအနားတွင် ဆရာကြီး၏ တပည့်များဖြစ်ကြသော ဦးသန်းအောင် (သန်းခိုင်အောင်)၊ ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေ၊ မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ၊ ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးခင်မောင်ကျော်ဒင်တို့က မုဒိတာစကားများ ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား သားဖြစ်သူ ဦးကျော်ဇောက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး အဖွဲ့ကိုယ်စား ဦးတင်ဝင်း (တင်ဝင်းလေး/ကြည့်မြင်တိုင်)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သတင်းစာဆရာကြီး ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)မိသားစုက ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့မှ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**



သတင်းစာဆရာကြီး ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) ကွယ်လွန်ခြင်း ၁၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆရာကြီး၏မိသားစုက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၁၀၅၄၀၀၀ | - | ၁၀၅၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၁၀၅၄၀၀၀ | - | ၁၀၅၄၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၇.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၅.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၆၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၁၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၆၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၂.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၈၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၃.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈.၆ |

## စာအုပ်၊ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းပြုလုပ်

**လှည်းကူး မေ ၁၁**

စာအုပ်၊ စာပေဖတ်ရှုခြင်းအားဖြင့် စဉ်းစားဆင်ခြင်ဉာဏ်နှင့် အတွေးအခေါ်များ မြင့်မားလာစေရန်၊ ပြင်ပအသိပညာဗဟုသုတများ ရရှိစေရန်နှင့် အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်စေရန် ရည်ရွယ်၍ လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကို မေ ၁၀ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် လှည်းကူးမြို့နယ် စာရေးဆရာများအသင်း၊ သတင်းစာဆရာများအသင်းနှင့် စာပေချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များက စာရေးဆရာဒေါက်တာဖေမြင့်၏ “ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံပါ” စာအုပ်အား အခန်းအလိုက် ကဏ္ဍတစ်ခုချင်းစီ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

မိုး/ဇလ

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ငွေပေးအပ်

**စစ်တွေ ဧပြီ ၁၁**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် စစ်တွေမြို့ ကုန်တန်းရပ်ကွက်ရှိ သဒ္ဓမ္မဂရုကျောင်းတိုက်သို့ သွားရောက်ကာ စစ်တွေမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ပြီး ဩဝါဒခံယူသည်။

**ရှင်းလင်းလျှောက်ထား**

ရှေးဦးစွာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုကော်မတီအနေဖြင့် စစ်တွေမြို့သို့ လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း ရခိုင်နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ပညာရှင်များ အပါအဝင် တွေ့သင့်တွေ့ထိုက်သည့် လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ကော်မတီက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ဒက္ခိဏာရာမကျောင်းတိုက်၏ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်နယ်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒထံမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဩဝါဒခံယူကြသည်။

ဆက်လက်၍ သဒ္ဓမ္မဂရုပုသိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မဏိရတနာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမ၊ ကြွဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝံသ၊ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမနှင့် ပြည်နယ်သံဃာ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဆရာတော်၊ သံဃာတော်များထံမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဩဝါဒခံယူသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်**

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကော်မတီဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းတို့က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဆရာတော်၊ သံဃာတော်များကလည်း ပါဝင်ကူညီပေးပါရန် လျှောက်ထားကြသည်။



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်၊ သံဃာတော်များအား ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ကော်မတီက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းလျှောက်ထားစဉ်။

**တက်ရောက်**

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ကော်မတီက တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့မှ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။




ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြောက်ဦးမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ မြောက်ဦးမြို့ ရတနပါလနာရေးကူညီမှု ဖောင်ဒေးရှင်းမှ ဦးအောင်သိန်း လက်ခံရယူစဉ်။

**အစီရင်ခံစာ တင်သွားမည်**

ထောက်ပံ့ပေးအပ်ပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌက ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် အခက်အခဲရှိနေသူများ၊ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ပတ်သက်၍ အထောက်အပံ့ အကူအညီပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် အဓိက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အတွက် တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် တင်ပြချက်၊ အကြံပြုချက်များကို ရယူပြီး နိုင်ငံတော်အစိုးရသို့ ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အစီရင်ခံစာ တင်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စအတွက် ရခိုင်ပြည်နယ်ကို လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယခုခရီးစဉ်တွင် ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် လူမှုကူညီရေးအဖွဲ့များမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့မှ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများကလည်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုတင်ပြလိုသည့် အချက်အလက်များရှိပါက တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကော်မတီဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်သွားမည့် အစီအစဉ်များကို ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌက မြောက်ဦးမြို့နယ်ရှိ စခန်း ၁၉ ခုမှ တိုက်ပွဲရှောင်ပြည်သူ ၆၂၆၂ ဦးအတွက် ငွေကျပ် ၅၆၃ ဒသမ ၅၈ သိန်းပေးအပ်ရာ မြောက်ဦးမြို့ရတနပါလနာရေးကူညီမှု ဖောင်ဒေးရှင်းမှ ဦးအောင်သိန်းက လက်ခံရယူသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျောက်တော်မြို့နယ်ရှိ စခန်းခုနစ်ခုမှ တိုက်ပွဲရှောင်ပြည်သူ ၂၇၂၆ ဦး အတွက် ငွေကျပ် ၂၄၅ ဒသမ ၃၄သိန်း ပေးအပ်ရာ ကျောက်တော်မြို့ ရပ်မိရပ်ဖ ဦးအောင်ကျော်သိန်းက လက်ခံရယူသည်။

ထို့နောက် ကျောက်တော်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းက တက်ရောက်လာသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

**အကြံပြုတင်ပြ**

ဆက်လက်၍ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့မှ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများလျော့ကျရန်၊ ဖြစ်ပေါ်နေသည့် ပဋိပက္ခများအား နိုင်ငံရေးနည်းဖြင့် အဖြေရှာရန်၊ မိုးရာသီကျရောက်တော့မည်ဖြစ်သဖြင့် တိုက်ပွဲရှောင်ပြည်သူများအတွက် စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးရန် အကြံပြုတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလား ဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ တတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက် မာရာပါနာတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်ခရီးစဉ်များ အပြန်အလှန် စီစဉ်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှု၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်း အပါအဝင်ကဏ္ဍစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့သွားနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများသည် မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင်အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပုဂံမြို့နှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများသို့လည်း သွားရောက်လည်ပတ်သွားမည်ဖြစ်ပြီး မေ ၁၅ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

**သတင်းစဉ်**

# "ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ရိုးရာပွဲတော်များကို ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေသော ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်သော ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ဃ) မည့်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

(င) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy(CD) တို့ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်း ပူးတွဲတင်ပြပါရှိရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်းငါးသောင်း၊ တတိယဆု နှစ်သိန်းနှင့် အထူးဆု တစ်သိန်းစီ စုစုပေါင်း ဆုရှစ်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၉ ခုနှစ် မေ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

❐ ကျောဖုံးမှ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အန်ရှွမ်းမြို့ရှိ Huangshu လေဆိပ်သို့ရောက်ရှိကြရာ ကွေ့ကျိုးပြည်နယ်စစ်ဒေသအကြီးအကဲနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အန်ရှွမ်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး အန်ရှွမ်းမြို့ရထားဘူတာရုံမှ ကွေ့ယန်းမြို့ရှိ မြောက်ပိုင်းဘူတာရုံသို့ လျှပ်စစ်အမြန်ရထားဖြင့် လိုက်ပါစီးနင်းလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွေ့ယန်းမြို့ မြောက်ပိုင်းဘူတာရုံသို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မြန်မာ့နှစ်သစ်ကူးအကြို သက်ကြီးဘိုးဘွားများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် မေ ၁၁**

မြန်မာ့ရိုးရာ နှစ်သစ်ကူးကာလကို ကြိုဆိုသောအားဖြင့် သက်ကြီးဘိုးဘွား ၂၀၀ ခန့်အား ထောက်ပံ့လှူဒါန်းပွဲကို သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ မိုးကြိုးစွမ်းဘုန်းတော်ကြီးကျောင်း အဂ္ဂမဓမ္မသာသနာ့ဗိမာန်တော်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၁၉၆ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၉၆ သိန်းကို သီလဝါ အထူးစီးပွားရေးဇုန်မှ ထောက်ပံ့လှူဒါန်းခဲ့ပြီး သီလဝါစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများက လည်း ဆန်၊ ဆီ၊ ပဲနို့၊ ကော်ဖီမစ်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ပါဝင်အားဖြင့်လှူဒါန်းခဲ့ကြသည်။



**သတင်းနှင့် ဓာတ်ပုံ ကိုထက်**



# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ နှစ်သစ်ကူးမဟာသင်္ကြန်ကို ပျော်ရွှင်စွာကြိုဆို

**နေပြည်တော် မေ ၁၁**

၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကို ကြိုဆိုပွဲနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းစတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို မေ ၁၁ ရက် ညနေ ၄ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ မြက်ခင်းပြင်တွင် ကျင်းပသည်။

အဆိုပါမဟာသင်္ကြန်ကြိုဆိုပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကခုန်ကြခြင်း၊ မြန်မာ့ရိုးရာမုန့်များဖြင့် စုပေါင်းစတုဒိသာ ကျွေးမွေးကြခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ ရေပက်ကစားကြခြင်းတို့ကို ပြုလုပ်၍ နှစ်သစ်မင်္ဂလာကို ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ဒုတိယအကြိမ် နွေရာသီ ရေကူးသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတောက်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတောက်ထွန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နွေရာသီသင်တန်း ရေကူးပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတောက်ထွန်းတို့က ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည် နွေရာသီရေကူးသင်တန်း သုံးကြိမ် ဖွင့်လှစ်မည်ဖြစ်ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၄၀၀ ကျော် တက်ရောက်သင်ကြားခဲ့သည်။ တတိယအကြိမ် နွေရာသီရေကူးသင်တန်းကို မေလတွင် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတောက်ထွန်းက “ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ အလားအလာရှိတဲ့ လူငယ်ကစားသမားတွေထွက်ပေါ်လာဖို့ နွေရာသီသင်တန်းတွေ ဖွင့်လှစ်နေတာဖြစ်ပါတယ်။ အလားအလာရှိတဲ့ လူငယ်ကစားသမားတွေရှိရင်လည်း အဖွဲ့ချုပ်လက်ရွေးစင်အဖြစ် ရွေးချယ်သွားဖို့ရှိပါတယ်။ ကျွန်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ကာလမှာ ရေကူးအားကစားနည်းတိုးတက်အောင်မြင်ဖို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေကူးအားကစားနည်းဟာ နိုင်ငံတကာပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ ဝေးကွာနေတာကြောင့် တစ်ကျော့ပြန်အောင်မြင်မှုရဖို့ ရေတို၊ ရေရှည်စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

**ရှိုင်းထက်ဇော်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်(CNG) သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့် နေ့ရက်နှင့် အချိန်များ

| စဉ် | CNG အရောင်းဆိုင် | ဆိုင်အရေအတွက် | ဖွင့်လှစ်ရောင်းချမည့်ရက် | ဖွင့်လှစ်ရောင်းချမည့်အချိန် | | |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | ကြာချိန် |
| ၁ | အင်းစိန်(၀၀၂)၊ အလုံ(၁) (၀၀၃)၊ ကျိုက္ကလို့(၀၀၄)၊ သာကေတ(၁) (၀၀၅)၊ ဒဂုံမြို့သစ်(၀၀၆)၊ ပုလဲ (၀၀၈)၊ ကြည့်မြင်တိုင်(၀၁၆)၊ ထောက်ကြန့်(၀၄၂)၊ ပလိပ် | ၉ | မေ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၀း၀၀ | ၂၄း၀၀ | ၂၄ |
| ၂ | သမိုင်း(၁)(၀၀၁)၊ ဘုရင့်နောက် (၀၀၇)၊ လှိုင်သာယာ (၁) (၀၀၉)၊ မြောက်ဥက္ကလာ (၁) (၀၁၁)၊ ဒညင်းကုန်း (၁) (၀၁၂)၊ ရွှေပြည်သာ (၁) (၀၁၄)၊ တောင်ဥက္ကလာ (၁) (၀၁၇)၊ သန်လျင် (၁)(၀၁၈)၊ စော်ဘွားကြီးကုန်း (၀၁၉)၊ မင်္ဂလာတောင်ညွန့် (၀၂၀)၊ ဒဂုံဆိပ်ကမ်း (၀၂၁)၊ သာကေတ (၂) (၀၂၂)၊ ဒဂုံအရှေ့(၂) (၀၂၃)၊ လှော်ကား (၀၂၅)၊ လှိုင်သာယာ (၂) (၀၂၆)၊ ရွှေပြည်သာ (၂) (၀၂၇) သုဝဏ္ဏ (၀၂၈)၊ တောင်ဥက္ကလာပ(၂) (၀၃၇)၊ လှိုင်သာယာ (၃) (၀၃၉) | ၁၉ | မေ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၂၂း၀၀ | ၁၈ |
| ၃ | အလုံ(၂)(၀၁၃)၊ ဒဂုံအရှေ့ (၁)(၀၁၅)၊ ပါရမီ(၀၂၄)၊ အလုံ(၃)(၀၂၉)၊ ရွှေညောင်ပင် (၀၃၀)၊ သန်လျင် (၂)(၀၃၁)၊ မောင်းမကန် (၀၃၈)၊ ရေနံချောင်း(၂)၊ ချောက် | ၉ | မေ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၁၈း၀၀ | ၁၂ |
| ၄ | ရွာမ(၀၃၂)၊ ဒညင်းကုန်း(၂) (၀၃၃)၊ ကျိုက္ကဆံ(၀၃၄)၊ ဗိုလ်တထောင်(၀၃၅)၊ မြောက်ဥက္ကလာ(၂)(၀၃၆)၊ မင်းဓမ္မ (၀၄၀)၊ သမိုင်း(၂) (၀၄၁)၊ ရေနံချောင်း(၁)၊ မန္တလေး | ၉ | မေ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | အရောင်းပိတ်ပါမည် | | |
| **စုစုပေါင်း** | | ၄၆ | | | | |



သထုံမြို့ လိပ်အင်းရပ်ကွက် သုဝဏ္ဏ (၂)လမ်း၌ မေ ၁၁ ရက်က သထုံမြို့မစခန်းမှူး ဒုရဲမှူးဇော်မင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အန္တိုင်းမဲ့သွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီမှုအသင်းနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းပြီး သောက်သုံးရေ လှူဒါန်းခြင်း၊ ရေပြတ်လပ်သော ရေလှောင်ကန်များကို ရေဖြည့်ခြင်းများ ပြုလုပ်ကြစဉ်။

လှိုင်ထွန်းအောင်(သထုံ)

# ရေသွန်းသာကြည် ပျော်ရမည်ကို

■ သောင်းကေတု



တပေါင်းကုန်၍ တန်ခူးလဆန်းခဲ့ပြီ။ မကြာမီ အတာသင်္ကြန်ပွဲတော် ကျင်းပပြီး ၁၃၈၁ ခုနှစ်ကို နှစ်သစ်ကူးပြောင်းတော့မည်။ သင်္ကြန်ပွဲတော်ကို မြန်မာ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ယူနန်ပြည်နယ် တောင်ပိုင်းတို့တွင် တစ်ပြိုင်တည်းကျင်းပကြသည်။ ဟိုတုန်းက မန္တလေးသင်္ကြန်၊ ရန်ကုန်သင်္ကြန်၊ မော်လမြိုင်သင်္ကြန်တို့ နာမည်ကြီးကြသည်။ ယခုနှစ်များအတွင်း ချင်းတွင်းသင်္ကြန်၊ အင်းလေးရေပေါ်သင်္ကြန်များကို တီထွင်ဆန်းသစ်ကာ ကျင်းပလာကြသည်။ ကျွန်တော်တို့ တောင်ငူမှာလည်း ယခုနှစ် လမ်းလျှောက်သင်္ကြန်ကျင်းပမည်ဟု ကြားသိရသည်။ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးကို ခေမာလမ်းထိပ်မှ တပင်ရွှေထီးလမ်းအထိ လမ်းလျှောက်သင်္ကြန်ကျင်းပမည့်အပြင် အရှေ့ဘက်ကျုံးထိပ်တွင် ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်ရေကစားမဏ္ဍပ်များလည်း ပါဝင်ပါမည်။ ဧပြီလဆန်းကတည်းက ကျုံးထိပ်က ဗဟိုမဏ္ဍပ်ကို စတင်ဆောက်လုပ်နေပါပြီ။

အရှေ့ဘက်ကျုံးနံဘေး "ရှင်းရှင်းသန့်သန့်" လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း လှမ်းမြင်နေရသော မဏ္ဍပ်အဆောက်အအုံကို ကြည့်ကာ ရှေးခေတ် တောင်ငူခေတ်ကောင်းစားစဉ်က ဘုရင်ကိုယ်တော်တိုင် ပါဝင်ဆင်နွှဲသော ကေတုမတီမြို့တော်၏ မဟာသင်္ကြန်မြင်ကွင်းကို ပြန်လည် မြင်ယောင်မိပါသည်။

## ရေနန်းသဘင်တွင် ပျော်ရွှင်

အေဒီ ၁၅၁၀ ခုနှစ်တွင် မဟာသီရိဇေယျသူရ မင်းကြီးညိုဘုရင်သည် ကေတုမတီမြို့တော်ကို တည်ခဲ့သည်။ ရှေးယခင်မြို့မတည်မီက တည်ရှိခဲ့သော ကြာအင်းရေကန်ကြီးကို မြို့တော်အတွင်း ထည့်သွင်းတည်ထားခဲ့သည်။ ကန်တော်အလယ်တွင် ရေနန်းပြာသာဒ်တည်ဆောက်ကာ ရေနန်းသဘင်တွင် ပျော်ရွှင်စွာ အပန်းဖြေခဲ့ကြသည်။

တောင်ငူခေတ်သည် ရတုခေတ်၊ ချောင်းခေတ် ဖြစ်သည်။ တိုင်းပြည် တည်ထောင်နေသော ခေတ်ဖြစ်၍ အခါမလပ်စစ်ချီနေရသည်။ နေပြည်တော်ကို လွမ်းဆွတ်၍ရတုများရေးကာ ကျေးငှက်ဖြင့် စေလွှတ်ပို့ကြသည်။ ထို့အတူပင် ဇာတိမာန်ထက်သန်စေသော ရွှေနားတော်သွင်း ချောင်းများစွာကို ရေးဖွဲ့ကြသည်။ ဘိုးလောင်းတော်၊ ဘေးလောင်းတော်၊ ခမည်းတော်တို့၏ ဘုန်းလက်ရုံးကြီးမားပုံ၊ စစ်ပွဲများအောင်နိုင်ပုံ၊ မြို့တော်များတည်ဆောက်ပုံတို့ကို လင်္ကာရေးဖွဲ့ကာ သားတော်၊ မြေးတော်များကို မြပုခက်နှင့်လွှဲကာ ရွတ်ဆိုဆက်သကြသည်။ သင်္ကြန်နှင့်ပတ်သက်၍ နတ်ရှင်နောင်၏ရတုများစွာတွင်လည်းကောင်း၊ မင်းဇေယျရန္တမိတ်ရေးဖွဲ့သော မင်းရဲနရာချောင်းများတွင်လည်းကောင်း အသေးစိတ် ရေးစပ်ဖွဲ့ဆိုကြပါသည်။

"ရေဖျန်းသဘင်၊ တာသစ်ရင်က၊ ကြွေးရှင်ဝတ်ခြွေ၊ ငှက်ပေါင်းရွှေနှင့်၊ စုံခြေတစ်ခွင်၊ ညွှန့်ညွှန့်တွင်နှိုက်၊ ရွှေစင်ချပ်ဝေးလုပ်လုပ်ပြေမျှ မင်းနေဦးစွန်း၊ ဆက်နန်းဘုံထွတ်၊ သာခေါင်လွတ်က၊ ရေဆွတ်မယ်နှင့်၊ ဆုံခွင့်မမီ၊ လွမ်းဖွယ်သီသော်"

"အောက်မေ့ချေချေ၊ ပြေကြောင်းဖြေလည်း၊ ထွေထွေလွမ်းဆွတ်၊ မပြေတတ်ခဲ့၊ လနတ်ပြည့်ဝန်း၊ ချီရက်စွန်းဝယ်၊ ရည်ညွန်းကိုယ်စား၊ ရစေသားဟု၊ ရွှေလားသန္တာ၊ လုရာရာကို၊ မြူတာသွန်းငှက်၊ ရေပန်းသက်နှင့် စွယ်ခာတ်သရေ၊ ဆံမွေသကျ၊ စည်းခုံမြဝယ်၊ မပျပျောင်းရုပ်၊ လျှောက်စဉ်ချုပ်၍၊ ကျွန်ုပ်သံညောင်း၊ ပန်နက် တောင်းရှင့်၊ တပေါင်းသဘင်၊ မမြင်သည်ပ၊ လွတ်မျှအာသာ၊ သည်အတာသည်၊ စစ်မှာကြာပြန်ခဲ့ရလော။"

ရှေးမြန်မာဘုရင်များလက်ထက်က မိုးစဲလင်းပွင့်ကာလ နတ်တော်လတွင် စစ်ချီထွက်ကြသည်။ ချစ်သူမင်းသမီးလေးက စစ်ချီသွားသော မင်းသားအတွက် ဘေးရန်ကင်းစေရန် သဇင်ပန်း၊ အောင်သပြေပန်း၊ လုရာရာပန်းများကို မွှေးကြိုင်သော ပန်းသက်ရေများဖြင့် ရွှေမြူတာအိုးတွင် ထည့်ကာ ကေတုမတီနေပြည်တော်ရှိ နန်းဦးတွင် ကိုးကွယ်သော စွယ်တော်မြတ်၊ ရွှေဆံတော်စေတီ၊ ဘိုးတော်မင်းရဲသိခ်သူ တည်ထားကိုးကွယ်ခဲ့သော မြစည်းခုံစေတီတော်တို့တွင် အောင်မြင်စေကြောင်း ဆုမွန်တောင်းခဲ့ကြသည်။ တပေါင်းလအမီ အောင်ပွဲနှင့် ပြန်ခဲ့မည်ဟု မှာခဲ့သော်လည်း စစ်ရေးခက်ခဲသဖြင့် တပေါင်းလပြည့် မြတ်စောညီနောင်ပွဲတော်ကိုလည်း မမီခဲ့။ နှစ်သစ်ကူးသည့် အတာရေသဘင်ပွဲတော်လည်း စစ်ရေးကြောင့် လွဲခဲ့ရပေပြီ။

"ပေါ်နွှေလလျှင်၊ တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့် ပျံ့ပျူးချပ်ထိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေစွန့်က၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို"

နတ်ရှင်နောင်၏ ထင်ရှားသောစစ်ချီရတုတစ်ပုဒ်ဖြစ်သည့် ပေါ်နွှေလလျှင် အစချီသော ရတုမှာလည်း တပေါင်း၊ တန်ခူး မင်းလွင်ဦးမှာ မိုးသားတိမ်တိုက်တို့ အုံ့ဆိုင်းကာ ထစ်ချုန်းလျက်ရှိသည်။ လျှပ်လက်ကာ မိုးရွာသွန်း၍ စစ်မြေပြင်မှ ပြန်ရခက်နေသည်။ အတာကူးသည့် လတန်ခူးတွင် နှစ်ကိုယ်ယှဉ်တွဲကာ ရေသွန်းလောင်းပျော်ရွှင်ရန် ရည်စူးသော်လည်း အတာပွဲနှင့် လွဲခဲ့လေပြီ။ ချစ်သူရှိရာ ကေတုမတီနေပြည်တော်သို့ ငှက်အသွင်ဖြင့် ပျံကြွမတတ် ခံစားနေရသည့်အကြောင်းကို ရတုတစ်ပုဒ်ရေးဖွဲ့ခဲ့သည်။



ဆရာမြို့မငြိမ်းက ဤရတုပိုဒ်ကို ဦးတည်၍ရေးဖွဲ့ခဲ့သော နတ်သျှင်နောင်သီချင်းသည် ဂန္ထဝင်မြောက် သီချင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။ သိင်္ဂါရရသ၊ ကရုဏာရသအပြည့်ပါဝင်သော တေးတစ်ပုဒ်ဖြစ်ခဲ့သည်။

တောင်ငူခေတ်နှောင်းပိုင်း ဘုရင်တစ်ပါးဖြစ်သော ရွှေနန်းတည်မင်း (မင်းရဲသီဟသူ) လက်ထက်တွင် ဟံသာဝတီနေပြည်တော်ကို အောင်မြင်ခဲ့ပြီး တောင်ငူနန်းတော်ကို အသစ်ပြန်လည်တည်ဆောက်သည်။ လေးကျွန်းကန်တော်ကြီးကို ကျွန်းလေးကျွန်းတည်ဆောက်ကာ ဥယျာဉ်များတည်သည်။ ငှက်ပျောကျွန်း၊ စံပယ်ကျွန်း၊ လိမ္မော်ကျွန်း၊ အုန်းကျွန်း ကျွန်းလေးကျွန်းကို လှည့်လည်ရေကစားသည်။

ကေတုမတီမြို့တော်၏ စည်ကားသာယာပုံ၊ ဆယ့်နှစ်လရာသီပွဲတော်များ ကျင်းပသည့်အကြောင်းကို စာဆိုတော် မင်းဇေယျရန္တမိတ် ရေးဖွဲ့ခဲ့သော "မင်းရဲနရာ"ချောင်းတွင် အသေးစိတ်ဖော်ပြထားသည်။

"ရှင့်ဘိုးစကြာ၊ ပျော်ရာဗိမာန်၊ ဝေဇယန်၏၊ သဏ္ဌာန်ခေါ်သာ၊ နောက်မျက်နှာနှိုက်၊ နန္ဒာမလွန်၊ ရေနန်းကန်လည်း၊ သီတာခြားသန်း၊ လေးမည်ကျွန်းနှင့်၊ မခန်းသီးပွင့်၊ ပျံ့လွင့်မွှေးကြူ၊ အူရရှူတည်၊ ဇမ္ဗူရည်သတ်၊ ရွှေပြာသာဒ်လည်း၊ မတ်မတ်ဖြိုးမောက်၊ ရေကပေါက်သို့"

တန်ခူးလတွင် ကေတုမတီမြို့တော်၌ အတာသင်္ကြန်ပွဲဆင်နွှဲရန်အတွက် မုခ်ဦးကနားများ ဆောက်ကြသည်။ မင်းညီမင်းသား၊ မှူးမတ်များကလည်း မိမိတို့အဆောင်အယောင်အလိုက် ဝတ်ဆင်ခွင့်ရသော ရွှေစလွယ်၊ ရွှေနားတောင်း၊ သိုရင်းအင်္ကျီဝတ်လုံ၊ ဘောင်းတော်များဆောင်းကာ ဟန်ရေးပြင်နေကြသလို၊ နန်းတွင်းသူများကလည်း ဝတ်ကောင်း စားလှ၊ မြိတ်လွယ်မြိတ်စို့ ဆံထုံးအလှများထုံးကာ အလှချင်းပြိုင်နေကြသည်။ ကိုယ်ချစ်နေသော မင်းညီမင်းသား၊ မှူးမတ်များကို ရေသွန်းလောင်းရန်အတွက် စံပယ်၊ နှင်းဆီ၊ သရဖီ၊ ကံ့ကော်ပန်းများနှင့် ထုံနေအောင် စီရင်ထားသော ပန်းသက်ရေများဖြင့် ရေပက်ဖျန်းကြသည်။ လုလင်ပျိုများကလည်း သူ့ထက်ငါ အတာရေအေးတို့ဖြင့် သွန်းလောင်းနေကြသည်။ ထိုစဉ် ဘုန်းတော်ကြီးမြတ်လှသော တောင်ငူရွှေနန်းတည်မင်းတရားကြီး (နတ်ရှင်နောင်၏ခမည်းတော်)သည် မင်းအပေါင်းခြံရံကာ ၃၃ ပါးသော သိကြားငယ်တို့ ဝန်းရံကာ ကြွချီလာသော သိကြားမင်းကြီးကဲ့သို့ ရေသဘင်နန်းတော်သို့ ထွက်ကြွတော်မူလာသည်။ အတာရေသဘင်ပွဲကို မိဖုရားကြီးခြံရံကာ ကိုယ်တိုင်ဆင်နွှဲတော်မူသည်။

## ရေသပ္ပာယ်ရန် ကြွရောက်

ထို့နောက် နန်းဦးပြာသာဒ်တော်တွင် ကိုးကွယ်ထားသော စွယ်တော်ရှင်ခမည်းတော် တောင်ငူဘုရင် တည်ထားသော ရွှေဆံတော်စေတီ၊ ဘိုးတော်မင်းရဲသိခ်သူ (ဘုရင့်နောင်၊ မင်းခေါင်တို့၏ ခမည်းတော်) တည်ထားသော မြစည်းခုံစေတီတော်များသို့ ရေသပ္ပာယ်ရန် ကြွရောက်သည်။ ကြွရောက်လာကြသော မင်းပရိသတ်အပေါင်းတို့ကို စတုဒိသာ ကျွေးမွေးတော်မူသည်။ ထိုအကြောင်းကို မင်းရဲနရာချောင်းတွင်

"အုံ့မှိုင်း အုံ့မှိုင်း၊ မင်းလွင်ဆိုင်းက၊ ပင်တိုင်းညှာကူး၊ မြရည်လူးသို့၊ တန်ခူးသာလွန်၊ တာလဆန်းသော်၊ ရေသွန်းသဘင်၊ ဆင်ယင်တလျည်၊ မျဉ်းရှည်ချပ်ကာ၊ မြူးကကြိုင်လွတ်၊ ပန်းစုံသက်နှင့်၊ မှူးမတ်မင်းသား၊ ကနားမုတ်လှ၊ ရွှေကရွှေထီး၊ ညီးညီးလျှပ်လျှပ်၊ သလပ်သတောင်း၊ ရွှေပေါင်းရွှေသွယ်၊ စလွယ်သင်းကျစ်၊ နတ်ကဖြစ်သို့၊ ထုံးသစ်ကေရှင်၊ လက်သင်ခေါက်ကြိုက်၊ ရောင်မြိုက်နွဲ့နှောင်း၊ ရွယ်ရှိပေါင်းမျှ၊ မူးလောင်းမတ်သား၊ ရည်သွားတလတ်၊ သွန်းဆုလုယက်၊ ရည်ငံလျက်လျှင်၊ ဖြူရွက်ဖြန့်ရိပ်၊ ရာစင်းထိပ်လည်း၊ သုံးကျိပ်သုံးပါး၊ ရံဝန်းလျားသည်၊ သိကြားနတ်သွင်၊ နွဲ့စံရွှင်၍၊ မင်းအင်ရှုမျှော်၊ သာခုခေါ်မှ ၊ စွယ်တော်လက်ျာ၊ ဆံကြာဘုန်းစည်၊ နှံ့မျှလည်၍၊ စိတ်ကြည်ရွှင်လန်း၊ လှည့်ကာသွန်းသည်၊ ရည်ညွှန်းတည့်နောင်ရေး လှည့်ချကြွေး"

ဟု ဖော်ပြထားပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ကျော်က ကေတုမတီမြို့တော်တွင် ဆင်နွှဲခဲ့သည့် မဟာသင်္ကြန်ပွဲတော်ကြီးတွင် အသေးစိတ်ဖော်ပြထားသော စာဆိုတော် မင်းဇေယျရန္တမိတ်၏ "မင်းရဲနရာချောင်း"ကို ဖတ်ရှုရင်း မျက်စိထဲတွင် မြင်ယောင်လာပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်တွင် တောင်ငူမြို့၏ သင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲသော ရေပက်ခံမော်တော်ယာဉ်၏ ဓာတ်ပုံကို ဂျပန်ဓာတ်ပုံဆရာ ရှင်မာမူယာက မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။ ထိုပုံတွင် မော်တော်ယာဉ်ကို ကဒေါင်းပုံသဏ္ဌာန်သရုပ်ဖော်ထားပြီး လူငယ်များက တူညီဝတ်စုံဖြင့် ပါဝင်ဖျော်ဖြေနေသည်ကို တွေ့ရသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၀ ပြည့်နှစ် ဝန်းကျင်က ပုံတစ်ပုံဖြစ်ပါသည်။ မြန်မာတို့၏ နှစ်သစ်မင်္ဂလာကြိုဆိုသည့်ပွဲတွင် တောင်ငူသူတောင်ငူသားများ ခေတ်အဆက်ဆက်တွင် ပျော်ရွှင်စွာဆင်နွှဲကြသည်ကို တင်ပြအပ်ပါသည်။ နှစ်သစ်မင်္ဂလာတွင် ကျန်းမာ၊ ချမ်းသာ၊ စီးပွားတိုးတက်စေကြောင်း၊ ငြိမ်းချမ်းသာယာစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။ ။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပထမအကြိမ်မြောက် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ကျင်းပ

**နေပြည်တော် မေ ၁၁**

ဝန်ထမ်းများချစ်ခင်ရင်းနှီးစွာဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကိုပါဝင်ဆင်နွှဲပြီး နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုနိုင်ရန်နှင့် ဌာနတွင်းဝန်ထမ်းများ စည်းလုံး ညီညွတ်မှုတိုးပွားစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပထမအကြိမ်မြောက် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပ သည်။

**ပါဝင်တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစု များ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**





# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ အခမ်း အနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အဆိုပါသံရုံး ပရဝဏ်၌ ကျင်းပသည်။

**ခေတ်အဆက်ဆက် လက်ဆင့်ကမ်း**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှစ်နိုင်ငံ ယခင်နိုင်ငံ့ခေါင်းဆောင်များ အတူပြုစုပျိုးထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အမွေဆက်ခံပြီး ထွန်းကားစေရန်နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနိုင်စေရန် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံရုံးက တရုတ်-မြန်မာ နယ်ပယ်အသီးသီးမှ မိတ်ဆွေများနှင့်အတူ အတာသင်္ကြန်ကြိုဆိုပွဲအခမ်းအနား ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ဆုမွန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက သင်္ကြန်မိုး၊ မန်းတောင်ရိပ်ခိုဲ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး မစ္စ ဝမ်ရှယ်ဟုန်နှင့် သံရုံးမိသားစု ဝင်များက “ပန်းတိုင်ငြိမ်းချမ်းစွာပွင့်စေ” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုဝင်များ၊ ဧည့်သည်တော်များသည် အတာရေများပက်ဖျန်း၍ ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲကို ပျော်ရွှင်စွာဆင်နွှဲကြ သည်။

**ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်**

ယခု ကျင်းပသည့် ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ အခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးက ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ် ကြောင်း သိရသည်။

ပါလီမန်ဒီမိုကရေစီခေတ်ကာလတွင်လည်း တရုတ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းသည် ရန်ကုန် မြို့သို့ နှစ်ကြိမ်လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မြန်မာ့ရိုးရာအတာသင်္ကြန် ပွဲတော်ကို ဆင်နွှဲခဲ့သကဲ့သို့ ဝန်ကြီးချုပ် ဦးနုသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဆစ်ဆောင် ပန္နားသို့သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်အတူ ဒေသခံတိုင်းရင်းသား လူမျိုးများနှင့် အတာသင်္ကြန်ပွဲတော်ကို သွားရောက်ဆင်နွှဲ ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းတိုးတက်စေရေး ဆောင်ရွက်မှုများ ထုတ်ပြန်

နေပြည်တော် မေ ၁၁

**တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းတိုးတက်စေရေးအတွက် ဥပဒေနှင့် တရားစီရင်ရေးရာ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ယနေ့ထုတ်ပြန်လိုက်သည်။**

**ဥပဒေရေးရာ ဆောင်ရွက်မှုများ**

**ဥပဒေမူကြမ်းများရေးဆွဲခြင်း**

❖ ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများအတွက် အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ် ပြည်ထောင်စုဥပဒေအမှတ် ၅) ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေ မူကြမ်းရေးဆွဲတင်ပြခြင်း၊

❖ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲ၍ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက် ခြင်း၊

**လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း**

❖ အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ပုဒ်မ ၅၇ အရ ခုံသမာဓိခန့်ထား ခြင်းနှင့် တရားရုံးစီရင်ပိုင်ခွင့်အပ်နှင်းခြင်းတို့ ဆောင်ရွက်ရန် အနညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (အမိန့် ကြော်ငြာစာအမှတ် ၆၄၃/၂၀၁၈) ကို ထုတ်ပြန်ခြင်း၊

❖ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပုဒ်မ ၇၃ အရ မှုခင်းစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (အမိန့်ကြော်ငြာစာအမှတ် ၆၄၉/၂၀၁၈) ကို ထုတ်ပြန်ခြင်း၊

**တရားစီရင်ရေးရာ ဆောင်ရွက်မှုများ**

**မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး မြန်ဆန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ခြင်း**

❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ အဆင့်လိုက် အကောင်အထည်ဖော်ခြင်း၊ အမှုများကို စံသတ်မှတ်သည့်အချိန်ကာလအတွင်း ပြီးပြတ်ရေးနှင့် အမှုရွှေ့ဆိုင်းမှု နှုန်းလျော့ကျရေး ဆောင်ရွက်ခြင်း၊

❖ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်အကောင် အထည်ဖော်ခြင်း၊ အမှုသည်များ၏ သဘောတူညီမှုဖြင့် အမှုများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်ခြင်း၊

❖ တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်နှင့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများ စစ်ဆေးစီရင်မှုဆိုင်ရာ စွမ်းရည် တိုးတက်စေရန် သင်ရိုးစာအုပ်များ ပြုစုထုတ်ဝေခြင်း၊ လေ့ကျင့်သင်ကြား ခြင်း၊

**Doing Business အညွှန်းကိန်းများတိုးတက်ရေး ဆောင်ရွက်ခြင်း**

❖ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများ တွင် အမှုပြီးပြတ်နှုန်းနှင့် အမှုစစ်ဆေးရာတွင် ကြာမြင့်သည့်ကာလ အသေးစိတ်အမှုစာရင်းများကို ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်၏ နှစ်စဉ်အစီရင်ခံစာ (၂၀၁၈) တွင် ဖော်ပြခြင်း၊ အစီရင် ခံစာနှင့် အသေးစိတ်စာရင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ဖော်ပြခြင်း၊

❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ကူးသန်းရောင်းဝယ် ရေးမှုခင်းဆိုင်ရာ စီရင်ချက်များနှင့် အဆင့်ဆင့်အယူခံတရားရုံးများ၊ အမှုစစ်တရားရုံးများ၏ စီရင်ချက်များကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ website တွင် ဖော်ပြခြင်း၊

❖ မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အကြိုညှိနှိုင်းအစည်း အဝေးပြုလုပ်ခြင်း၊ မှုခင်းအမျိုးအစားနှင့် အချိန်စံနှုန်းသတ်မှတ်ခြင်း၊ အမှုရွှေ့ဆိုင်းမှု မူဝါဒချမှတ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း၊

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများတွင် အမှုပြီးပြတ်နှုန်းနှင့် အမှုစစ်ဆေးရာတွင် ကြာမြင့်သည့် ကာလ အသေးစိတ်အမှုစာရင်းများကို မြန်မာဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=my/content/13834 တွင် လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် http://www.unionsupreme-court.gov.mm/?q=content/13873 တွင်လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာ စီရင်ချက်များနှင့် အဆင့်ဆင့်အယူခံတရားရုံးများ၊ အမှုစစ်တရားရုံးများ၏ စီရင်ချက်များကို မြန်မာဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=my/content/13867# တွင် လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=content/13872 တွင်လည်းကောင်း လေ့လာကြည့်ရှုနိုင် ကြောင်း သိရသည်။

**သတင်းစဉ်**

# NRPC နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၁၁**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**ဆွေးနွေးညှိနှိုင်း**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလနောက်ပိုင်း KNU နှင့် RCSS အဖွဲ့နှစ်ဖွဲ့၏ တစ်ချိန်တည်း တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ခေတ္တယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရပါကြောင်း၊ ခေတ္တယာယီ ရပ်ဆိုင်းထားချိန်တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNU အကြား အလွတ်သဘောတွေ့ဆုံမှု ခြောက်ကြိမ်ကျော် ပြုလုပ်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း။

အဆိုပါတွေ့ဆုံမှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ် ရပ်တန့်မသွားစေရန်၊ မပြေလည်မှုများမှ တိုက်ပွဲများဆီ ပြန်ရောက်မသွားစေရန်၊ အဓိကဒုက္ခကြုံတွေ့ရမည့် ဒေသခံပြည်သူများ မထိခိုက်စေရန်၊ နှစ်ဖက်ပါဝင်သူများက ကြိုးပမ်းအားထုတ်နေကြခြင်းဖြစ်သည်ဟု အပြုသဘောရှုမြင်ပါကြောင်း၊ ယခုကဲ့သို့ အားထုတ်ခဲ့ကြသည့်အတွက်လည်း ဆွေးနွေးပွဲများရပ်ဆိုင်းထားသည့်ကာလတွင် ကြီးကြီးမားမား ပဋိပက္ခများ ဖြစ်ပေါ်ခြင်းမရှိခဲ့မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**သတ္တိနှင့် ရဲရင့်မှုတို့လိုအပ်မည်**

ငြိမ်းချမ်းရေးခရီးဆိုသည်မှာ အစဉ်အမြဲ အနိမ့်၊ အမြင့်၊ အတက်၊ အကျများနှင့် ရင်ဆိုင်ရသည်မှာ ဓမ္မတာဖြစ်ပါကြောင်း၊ အဓိကအချက်သည် ပါဝင်သူများ၏ ငြိမ်းချမ်းရေးတည်ဆောက်လိုသည့် နိုင်ငံရေးဆန္ဒနှင့် စိတ်ရင်းစေတနာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် လွတ်လပ်ရေးနှင့်အတူ သက်တမ်းရှည်ကြာခဲ့ခြင်းဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်ဟုပင် နိုင်ငံတကာက ခေါ်တွင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို မျိုးဆက်များ ဆက်ပြီး လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့်အတွက် ယနေ့အချိန်ထိ မငြိမ်းသတ်နိုင်ဘဲ ရှိနေဆဲဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် လက်နက်ကိုင်ပဋိပက္ခကို စတင်ခဲ့ကြသူများမဟုတ်ပါကြောင်း၊ အဆိုပါ ပဋိပက္ခကို ချုပ်ငြိမ်းနိုင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်ပါကြောင်း။

ယခုလက်ရှိ ရရှိထားသည့် ငြိမ်းချမ်းစအခြေအနေကို ပြိုကွဲပျက်စီးအောင် ဖန်တီးရန် အလွန်လွယ်ကူပါကြောင်း၊ ငြိမ်းချမ်းရေးကို တည်ဆောက်ကြသူများသည် အမှန်တကယ်ဆုံးဖြတ်နိုင်သည့်၊ သတ္တိရှိသည့်သူများဟု ဆိုနိုင်ပါကြောင်း၊ KNU ဥက္ကဋ္ဌ ဖထီးမူတူးစေးဖိုး ပြောသကဲ့သို့ သတ္တိရှိမှငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောခဲ့သည့်အတိုင်း စေ့စပ်ညှိနှိုင်းဆွေးနွေးရာတွင်လည်း သတ္တိနှင့် ရဲရင့်မှုတို့ လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အတွေ့အကြုံများအရ နိုင်ငံရေးဆွေးနွေးပွဲများ၌ ဒူးတိုက်ဆွေးနွေးသည့်အခြေအနေများ ရောက်ရှိလာသည့်အချိန်တွင် လုံခြုံရေးကဏ္ဍနှင့်ဆက်စပ်၍ စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာပြီး စိုးရိမ်မှုများကြောင့် ဘက်ပေါင်းစုံမှ နောက်ပြန်ဆွဲမှုများကြုံရနိုင်သည်ကို NCA ညှိနှိုင်းစဉ် အချိန်ကတည်းက သတိပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ဆွေးနွေးမှုများတွင် မပြေလည်မှုများ ဖြစ်ပေါ်လာပါက ဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းကို အခြေခံဖြေရှင်းရန် NCA တွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

**သန္နိဋ္ဌာန်ချခဲ့ကြပြီးဖြစ်**

NCA ကို လက်မှတ်ရေးထိုးထားသည့် တပ်မတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အဆိုပါ သဘောတူစာချုပ်တွင် ပါဝင်သည့် အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချခဲ့ကြပြီးဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်သည် ညီလာခံကိုယ်စားလှယ်အားလုံး၏ သဘောထားနှင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ ညီလာခံတစ်ဆင့်ချင်း ထားရှိသင့်သည့် ရည်မှန်းချက်များကို အားလုံးစုပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုထုတ်ပြန်ကြေညာချက်အပေါ်တွင် အပြင်မှ ကောက်ယူချက်အမျိုးမျိုး၊ ဘာသာပြန်ဆိုချက်အမျိုးမျိုးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား လိုရာဆွဲ၍ ပြောကြားမှုများ ပေါ်ပေါက်ခဲ့ပါကြောင်း။

**အလေးအနက်ထားကြစေလို**

NCA ညှိနှိုင်းစဉ်အချိန်ကတည်းက ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပြည်ပပါဝင်မှုအခန်းကဏ္ဍကို မိမိတို့အကြား အကြိတ်အနယ်ဆွေးနွေးသုံးသပ်ပြီး သတိနှင့် ရေးဆွဲခဲ့ကြသည်ကို ခေါင်းဆောင်များအနေဖြင့် အထူးအလေးအနက်ထားကြစေလိုကြောင်း။

အဖွဲ့အစည်းတစ်ခုချင်းစီတွင် ချမှတ်ထားသည့် မူဝါဒများ၊ ရပ်တည်ချက်များ အသီးသီးရှိကြပါကြောင်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ကြသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ရပ်တည်ချက်များကို လေ့နံ့ခားထစ် ဆုပ်ကိုင်ထားခြင်းမျိုးမဟုတ်ဘဲ အပေးအယူ၊ အလျှော့အတင်းဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်ရန် အရေးကြီးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးဆွေးနွေးပွဲများတွင် အစုအဖွဲ့တစ်ခုချင်း၏လိုလားချက် ရာခိုင်နှုန်းပြည့် ရရှိနိုင်ရန် မည်သို့မျှ မဖြစ်နိုင်ပါကြောင်း။

အပြန်အလှန် နားလည်မှုဖြင့် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်နိုင်မှသာ စေ့စပ်ညှိနှိုင်းခြင်းကို အောင်မြင်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်၊ NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မည်သူ့ကိုမျှ အပြစ်မတင်ပါကြောင်း၊ မိမိတို့အားလုံးသည် ငြိမ်းချမ်းရေးကို အတူလျှောက်လှမ်းနေသည့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသူများဟု ခံယူပါကြောင်း၊ အဖွဲ့အစည်းအတွင်း မည်သည့်အခက်အခဲများနှင့် တွေ့ကြုံရသည်ဖြစ်စေ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် မိမိတို့အားလုံး မည်သို့ကူညီဖြေရှင်းနိုင်မည်ကို စိတ်ရင်းစေတနာနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်သည်ကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

**နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်လာ**

သမိုင်းကြောင်းတစ်လျှောက် ထဲထဲဝင်ဝင် လေ့လာကြည့်ပါက နိုင်ငံရေးဆွေးနွေးပွဲဟူသည်ကို မိမိတို့ခေတ်မှသာ နှစ်ဖက်သဘောတူညီချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုများဖြင့် ကြိုးပမ်းခဲ့သော်လည်း မဖြစ်ခဲ့ပါကြောင်း၊ တပ်မတော်အစိုးရခေတ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ အထိရောက်ရှိခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို နောင်ရွေးကောက်ပွဲများမှ တက်လာမည့် အစိုးရများလက်ထက်တွင် ဆက်လက်ဆောင်ရွက်ရန် ထားခဲ့ခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့်အစိုးရလက်ထက်တွင် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ လက်မှတ်ထိုးသည့်အဆင့်ထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အချိန်ဇယားအရ ကျင်းပပြုလုပ်ရခြင်းဖြစ်၍ နိုင်ငံရေးဆွေးနွေးသည့်အဆင့်ထိ မရောက်ခဲ့ပါကြောင်း၊ ယခုအခါတွင် အမှန်တကယ် စေ့စပ်ညှိနှိုင်းဆွေးနွေးရသည့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သမိုင်းကြောင်းတစ်လျှောက် ပေါ်ပေါက်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများဟု ပြောဆိုရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကူညီဖြေရှင်း**

နိုင်ငံ၏ ပထမဆုံးပေါ်ပေါက်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်သည့်အတွက် မည်သူမှ အတွေ့အကြုံမရှိပါကြောင်း၊ မကျေလည်မှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများသည် မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ အခက်အခဲ၊ စိန်ခေါ်မှုများဟု သိမြင်ခံယူပြီး အတူတကွ ဆွေးနွေးညှိနှိုင်းဖြေရှင်းသွားနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ ရှိရင်းစွဲ အခြေအနေတစ်ခုမှ နောက်ထပ်အပြောင်းအလဲကို ဦးတည်လျှောက်လှမ်းသည့်အခါ ခုခံမှုများ၊ ပွတ်တိုက်မှုများ ဖြစ်ပေါ်လာစမြဲဖြစ်ပါကြောင်း၊ အပြောင်းအလဲများကို ဖန်တီးကြသည့်အခါ ကြုံတွေ့ရလေ့ရှိသည့် ခုခံမှုဟုရှုမြင်ပြီး အစုအဖွဲ့တစ်ခု၏ အခက်အခဲကို အားလုံးက ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်ရန် ကြိုးစားအားထုတ်နိုင်မှသာ နိုင်ငံရေးဆွေးနွေးပွဲများ ချောမွေ့အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

**အမြန်ဆုံးစတင်လို**

နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင်ဆွေးနွေးပွဲများကို အမြန်ဆုံးစတင်လိုပါကြောင်း၊ ထိုသို့ စတင်နိုင်ရန် ရှိနေသည့်အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းရန်၊ ပူးပေါင်းဖြေရှင်းရန် အသင့်ရှိနေသည်ကို အလေးအနက်ပြောကြားလိုပါကြောင်း။

နေပြည်တော်ရှိ NRPC စားပွဲဝိုင်းကို အခက်အခဲအမျိုးမျိုးကြားက ရောက်အောင်လှမ်းခဲ့ကြသည့် KNU ခေါင်းဆောင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိမိတို့၏ အခက်အခဲများ၊ လိုလားချက်များကို ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီးပြောပြပြီး ဝိုင်းဝန်းအဖြေရှာရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသား အစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက ယခုလို KNU နှင့် NRPC အကြားတွင် တွေ့ဆုံနိုင်ခွင့်တောင်းဆိုသည့်နေရာတွင် အလွတ်သဘော လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းဖြင့် မိမိတို့ကြားထဲတွင်ရှိသည့် မတူညီမှုများအား မည်သို့အဖြေရှာရမည်ကို ဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ အလွတ်သဘောဆွေးနွေးပွဲဆိုသော်လည်း မိမိတို့နိုင်ငံ မိမိတို့၏ အနေအထားဖြင့် နိုင်ငံရေးယဉ်ကျေးမှုအပေါ်တွင် အခြေခံပြီး လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးစေလိုပါကြောင်း။

**အခက်အခဲများဖြင့်တွေ့ကြုံ**

သို့မှသာ ပေါ့ပေါ့ပါးပါးဖြင့် အဖြေရှာပြီး မည်သို့ရှေ့ဆက်သွားနိုင်မည်ဆိုသည့် အပိုင်းကို သွားရန်ဖြစ်ပါကြောင်း၊ KNU အနေဖြင့် သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချ၍ NCA ၏ ပေးထားချက်များအတိုင်း တစိုက်မတ်မတ်သွားနေသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ NCA တန်ဖိုးနှင့် မိမိတို့ကြားတွင်ရှိသည့် နိုင်ငံရေးယဉ်ကျေးမှုအပေါ် အခြေခံပြီး ရရှိလာသည့်တန်ဖိုးများကို မိမိတို့ အလွန်တန်ဖိုးထားသည့်အပြင် ၎င်းတန်ဖိုးအပေါ်တွင် တစ်ဖက်က နားလည်ယုံကြည်သည့် အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးကိုရရှိရန် မိမိတို့ မျှော်လင့်ပါကြောင်း၊ အဆိုပါအခွင့်အရေးကို ယနေ့အထိမရရှိသေးသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ယခုကဲ့သို့သော အခက်အခဲများဖြင့် တွေ့ကြုံနေရခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

**နားလည်ယုံကြည်မှုများကို တည်ဆောက်**

NCA သည် မတူညီသည့် အခြေအနေနှစ်ခုက ဆင်းသက်ခဲ့သည့် အခြေခံမှုများဖြင့် သွားသည်ဆိုသော်လည်း နှစ်ဖက်လက်ခံနိုင်သည့် အဓိပ္ပာယ်အနေအထားရောက်အောင် မိမိတို့ ဆက်လက်ဆွေးနွေးရန် လိုအပ်နေသည့်အတွက် NCA ၏ ပေးထားချက်များအပေါ် ကွဲပြားစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး အကောင်အထည်ဖော်နေမှုများသည် မဖြစ်မနေ ညှိနှိုင်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြီးပြတ်အောင်မြင်သည်အထိ လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည့်အပြင် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ခုဖြစ်သည့် အကျေအလည်ဆွေးနွေးညှိနှိုင်းခြင်း၊ အင်အားအသုံးမပြုခြင်းဆိုသည့် အခြေခံမှုများကို ကိုင်စွဲပြီးသွားမည်ဆိုပါက ရင်ကြားစေ့ရေးနှင့် တစ်ဖက်နှင့်တစ်ဖက် နားလည်ယုံကြည်မှုများကို ပိုမိုတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် NCA ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး၊ တွေ့ကြုံရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေး၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးနှင့် ကိုယ်စားလှယ်များက KNU အနေဖြင့် NCA ၏ပေးထားချက်များအပေါ်တွင် တူညီသည့်နားလည်မှုကို အခြေခံပြီး ပြည်ထောင်စုကြီး တည်ဆောက်ရန်၊ အဖွဲ့အစည်းများ **စာမျက်နှာ ၉ သို့ »»**

# စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်   ဧပြီ   ၁၁**

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကြိုးပမ်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အခြေခံအဆင့် ဝန်ထမ်းများမှစ၍ သက်ဆိုင်ရာအဆင့်ဆင့်ရှိ တာဝန်ရှိသူအားလုံးတို့က အလုပ်တာဝန်၏အရေးပါမှုကို ခွဲခြားသိမြင်တတ်ရန် လိုအပ်သကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ စီမံဆောင်ရွက်မှုများအပေါ် ကောင်းစွာအထောက်အပံ့ပေးနိုင်သည့် အဂတိတရားကင်းသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အလေးထားကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးလုပ်ငန်းကဏ္ဍများအလိုက် စီမံချက်များရေးဆွဲချမှတ်ပြီး တိကျသော ညွှန်ကြားချက်များ ချမှတ်ပေးခြင်း၊ လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ဖြည့်ဆည်းပေးခြင်း၊ ထူးချွန်မှုများအလိုက် ထိုက်တန်စွာ ချီးမြှောက်ပေးခြင်း စသည်တို့ဖြင့် မိမိတို့ဌာနကြီးအား ပျော်ရွှင်အောင်မြင်သော ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် ဆောင်ရွက်ခဲ့မှုများနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တင်ပြကြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများစုနှင့် တိုက်ရိုက်ထိတွေ့နေကြရပြီး နည်းပညာနှင့် လိုအပ်ချက်များ ဝန်ဆောင်မှုပေးနေရသည့် စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပြည့်ဝမှုတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းရန် လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပပို့ကုန် တိုးတက်ရေးအတွက် အဓိကအရေးပါသော စိုက်ပျိုးရေးထွက်ကုန်သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုသည် ပြောင်းလဲသက်ရောက်လာလျက်ရှိသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေရေး၊ ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သီးနှံပုံစံများ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း အသေးစိတ် ဆွေးနွေးမှာကြားသည်။

မတ် ၃၁ ရက်အထိ ကောက်ယူရရှိသော စာရင်းဇယားများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါး၊ နွေစပါးစုစုပေါင်း ၁၇၅၁၆၇၇၃ ဧက (ဧကတစ်ဆယ့်ခုနစ်သန်းကျော်) စိုက်ပျိုးခဲ့ပြီး ပဲတီစိမ်း(မိုး+ဆောင်း) ၂၈၈၇၇၂၈ ဧက၊ မြေပဲ(မိုး+ဆောင်း) ၂၆၁၃၅၁၄ ဧက၊ နှမ်း(မိုး+ဆောင်း)၃၆၃၀၂၉၄ ဧက၊ အစေ့ထုတ်ပြောင်း(မိုး+ဆောင်း)၁၂၈၇၀၁၄ ဧက အပါအဝင် သီးနှံစုံ ၄၈၆၉၄၉၁၁ ဧက(ဧကလေးဆယ့်ရှစ်သန်းကျော်) စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

»»» စာမျက်နှာ ၈ မှ

အကြားရှိ နက်ရှိုင်းသည့် ကွာဟမှုများ၊ အခြေခံမှုများအပေါ်မူတည်ပြီး ရှေ့ဆက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ မည်သို့ချမှတ်ဆောင်ရွက်မည်၊ KNU အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရောက်ရှိနိုင်ရန် မည်သို့သော လုပ်ငန်းစဉ်များကို ချမှတ်သွားသင့်သည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

**ငြိမ်းချမ်းရေးဖော်ဆောင်**

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)တို့မှ ကိုယ်စားလှယ်များက ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက မိမိတို့ တက်တက်ကြွကြွ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည့် အခွင့်အရေးရခြင်းသည် အလွန်ကောင်းမွန်ကြောင်း၊ ယခုတွေ့ဆုံမှုမှ တစ်ဖက်နှင့် တစ်ဖက်အကြားရှိ ကွာဟမှုများကို အတူတကွ ဆက်လက်ညှိနှိုင်းသွားနိုင်လောက်သည့် အနေအထားတစ်ခု ရရှိမည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိမိတို့ဘက်က ရှေ့ဆက်ညှိနှိုင်းရန် အခက်အခဲဖြစ်နေသည့် အနေအထားများကို ကျော်လွှားနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် အရောက်သွားနိုင်သည့် တင်ပြချက်များကို ရွေးချယ်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် ပြင်ဆင်ထားသည့် အဆိုပြုလွှာကိုလည်း ရရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးယဉ်ကျေးမှု အသစ်ကိုအခြေခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက KNU ခေါင်းဆောင်များအနေဖြင့် NCA ကို အလွန်တန်ဖိုးထားကြောင်း၊ ခိုင်ခိုင်မာမာရပ်တည်ကြောင်း၊ NCA ၏ အခြေခံမှုများနှင့်အညီ ရေရှည်တည်တံ့စေမည့် ငြိမ်းချမ်းရေးကို မရောက်ရောက်အောင်သွားမည့်ကိစ္စနှင့်ပတ်သက်၍ ယနေ့ဆွေးနွေးခဲ့ကြသည်ကို ကြားသိရသည့်အတွက် အလွန်ဝမ်းသာပါကြောင်း၊ လေးစားရပါကြောင်း၊ အမှန်တကယ် KNU အဖွဲ့သည် NCA လက်မှတ်မထိုးခင်ကတည်းက သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထားပြီး အပစ်အခတ်ရပ်စဲရေးကို အစောဆုံးနှင့် အရှည်ကြာဆုံး သန္နိဋ္ဌာန်ချဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါကြောင်း။

**နှစ်ဖက်သဘောထား ညီမျှ**

ယနေ့တွင် NCA စာချုပ်နှင့်ပတ်သက်၍ နားလည်မှုများ၊ အမြင်ကွဲလွဲမှုများအပေါ် များစွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြပြီး နှစ်ဖက်သဘောထား ညီမျှကြသည်ကိုလည်း ရရှိခဲ့ပါကြောင်း၊ NCA သဘောတူစာချုပ်၌ ပါသည့်အတိုင်း ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆောင်ရွက်နေသည့် ကြားကာလတွင် KNU အဖွဲ့နှင့်သက်ဆိုင်သည့် နယ်မြေများတွင် ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်သဘော အစည်းအဝေးများကို ပြုလုပ်ရန်လည်း သဘောတူညီချက်များ နှစ်ဖက်စလုံးတွင် ရှိပါကြောင်း၊ KNU ၏ ရှေ့လုပ်ငန်းစဉ် အဆိုပြုချက်များကိုလည်း အစိုးရက ဆက်လက်သုံးသပ်ဆွေးနွေးပြီး အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ကိုလည်း ပြောကြားလိုပါကြောင်း။

ဆက်လက်၍ နှစ်ဖက်အလုပ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စများကိုလည်း KNU က ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး ပြန်ကြားမည့်ကိစ္စကိုလည်း နှစ်ဖက်သဘောထားတူညီမှုများ ရရှိခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးသည် နှစ်ဖက်သဘောထားအမြင်များ၊ ယုံကြည်မှုများ၊ နားလည်မှုများ ကွဲလွဲနေသည့်ကိစ္စများနှင့် လိုအပ်နေသည့် ကိစ္စများအတွက် များစွာ တည့်မတ်နိုင်ခဲ့ပါကြောင်း၊ ရှေ့ဆက်လက်ပြီး အလုပ်သဘော အစည်းအဝေးများ ပြုလုပ်နိုင်ရန်နှင့် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပြီး ဆက်လက် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ တွဲဖက်အတွင်းရေးမှူး-၂ ပဒိုစောလှထွန်း၊ ဗဟိုအမြဲတမ်းကော်မတီဝင် ပဒိုစောဆဲဂေ၊ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များဖြစ်သော စောတာမလာသောနှင့် စောတာမူလာတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

---




## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၈) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၈)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၄-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၈)တွင် "ရာသီဥတုပြောင်းလဲမှုကို အန်တုရ၍ သီးနှံစိုက်ပျိုးရန် ကြိုတင်စီမံခြင်း၊ တောင်သူလယ်သမားတို့ တွေ့ကြုံခဲ့ရသော လယ်ယာမြေစနစ်များကို အခြေခံ၍၊ ဆေးဖက်လည်းဝင် ဝင်ငွေလည်းရ ရုံးပတီပင်ကို စိုက်ပျိုးကြ၊ ကျရိပ်မြင်နေတဲ့ နွေစပါးဈေးကွက်၊ ထိုင်ဝမ်ပြောင်းများ ဈေးကောင်းရသည့်အတွက် နွေသီးနှံအဖြစ် တွင်ကျယ်စွာစိုက်ပျိုး၊ ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ အရောင်းသွက်၍ ဈေးကောင်းရ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့ပေးနွားမများ၏ သက်သာချောင်ချိမှု ငါးသယံဇာတ ရေရှည်ထိန်းသိမ်းပြီး ပြည်တွင်းဖူလုံရေးသာမက ကမ္ဘာ့ငါးဈေးကွက်ကို ထိုးဖောက်ရန်လိုအပ်၊ ရာသီဥတုပူပြင်းမှုကြောင့် အသားတိုးကြက်များ သေဆုံးမှုမြင့်တက်၊ မိုးသံလေသံကြားရင်ဖြင့်" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီး လယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်"အခန်းဆက်ဝတ္ထုရှည်၊ "ဆုတောင်းသုံးခု"ပုံပြင်၊ "အလှူဒါနလွှမ်းခြုံသည့် မြန်မာ့နှစ်ဆန်းချိန်ခါ၊ နွေသင်္ကေတ ရေသယံဇာတနှင့် နည်းမှီဖွယ် ဆိုထုံးစကား၊ အဟောအပြော၊ စိန်းလန်းဝေဖြာ ကျွန်းသာယာ" စသည့် သုတရသဆောင်းပါးများ၊ "ဆင်ရေယုန်အတွက် ခေတ်သိပွဲဆေးကုထုံးနှင့် သဘာဝပတ်ဝန်းကျင် ကုထုံးများ၊ အပူလျှပ်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည် ကာကွယ်ခြင်း" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

---

## မန္တလေးမြို့၌ စာဖတ်ဝိုင်းကျင်းပ

**ပြည်ကြီးတံခွန်   ဧပြီ   ၁၁**

မန္တလေးခရိုင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ ဦးဆောင်ကျင်းပသော မော်ဝင်နှင်းဆီကဗျာစုစည်းမှု(၁)စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးခရိုင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာအနီမောင်၊ မဟာအောင်မြေမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမခင်ခင်ဝင်း(ပညာရေး)၊ စာရေးဆရာမ နုနုကြည်(အမေ့အိမ်)၊ စာရေးဆရာ အိုးဝေ(မြေနီကျင်း)၊ စာရေးဆရာ ရွှေညဏ်ဇော်၊ စာရေးဆရာ ဝေမှူးသန့်နှင့် ကဗျာဆရာ မော်ဝင်လရောင်တို့က ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ရှမ်းတိုင်းရင်းသားများရိုးရာသင်္ကြန်ပွဲတော် ပထမအကြိမ် ကျင်းပမှုမြင်ကွင်း

**မန္တလေး မေ ၁၁**

မန္တလေးမြို့ရှိ ရှမ်းတိုင်းရင်းသားအသင်းအဖွဲ့များ၊ ရှမ်းပြည်နယ်ဇာတိ အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ပထမအကြိမ်အဖြစ် ရှမ်းတိုင်းရင်းသားများရိုးရာသင်္ကြန်ပွဲတော်ကို ယနေ့ နံနက် ၁၀ နာရီက ၃၅ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

“ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် သင်္ကြန်ရောက်ခါနီးတိုင်း ရွာတိုင်းလိုလိုမှာ ရှမ်းရိုးရာ ဝိသေသလက္ခဏာအဖြစ် ကုန်းဆွန်းဘုရားကို ရေသပ္ပာယ်တဲ့ ဓလေ့ရှိပါတယ်။ အမြဲတမ်းလည်း ကျင်းပနေတာပါ။ အင်မတန်မှ ချစ်စရာကောင်းတဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုပါ။ အခု မန္တလေးမှာ လာပြီးနေထိုင်ကြတဲ့ ရှမ်းအသင်းအဖွဲ့တွေ၊ ရှမ်းလူမျိုးတွေ စုပေါင်းပြီး ကိုယ့်ရိုးရာသင်္ကြန်ပွဲတော်ကို ကျင်းပနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်” ဟု မန္တလေးမြို့ ရှမ်းတိုင်းရင်းသားများရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင် စိုင်းအောင်မင်းက ပြောသည်။

အဆိုပါပွဲတော်ကို နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပခဲ့ပြီး လာရောက်ပါဝင်ဆင်နွှဲကြသူများအား စေတနာဒိသာကျွေးမွေးဧည့်ခံသည့်အဖွဲ့ ၁၅ ဖွဲ့မှ ရှမ်းရိုးရာအစားအစာများ၊ သင်္ကြန်မုန့်ဖက်ထုပ်၊ ကြာဆံဟင်းခါး၊ ရွှေရင်အေး၊ ဆန်ချိုအေး၊ မုန့်လက်ဆောင်း စသည့် အစားအစာများ၊ ရှမ်းရိုးရာအဆိုအကများဖြင့် ကျွေးမွေးဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။









မင်းထက်အောင်
(မန်းကိုယ်ပွား)

ဓာတ်ပုံ
အောင်ဖြိုးကျော်





# ရွှေပြည်သာမြို့သူမြို့သားများ နီးစပ်ရာမဏ္ဍပ်များတွင် ရေကစားနိုင်ရန် သင်္ကြန်မဏ္ဍပ်သုံးခု စီစဉ်ထား



**ရန်ကုန် ဧပြီ ၁၁**

ရွှေပြည်သာ မြို့သူမြို့သားများ နီးစပ်ရာမဏ္ဍပ်များတွင် ရေကစားနိုင်ရန် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်သုံးခု စီစဉ်ထားကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

**မဏ္ဍပ်သုံးခုစီစဉ်ထား**

ရွှေပြည်သာအမှတ်(၄) လမ်းမကြီး ကွန်ပျူတာတက္ကသိုလ်အနီးရှိ "မဟာသင်္ကြန် ဗဟိုမဏ္ဍပ်"၊ ပုလဲလမ်းမကြီး ပျော်ဘွယ်မှတ်တိုင်နှင့် ၈၁ မှတ်တိုင်ကြားရှိ "ပြည်သူချစ်သူများ"မဏ္ဍပ်၊ အမှတ်(၉) ရပ်ကွက် ၃ လမ်းဆုံ၌ "အမေစုချစ်သူများ"မဏ္ဍပ် စုစုပေါင်း ရေကစားမဏ္ဍပ်သုံးခု စီစဉ်ထားသည်။ အဆိုပါမဏ္ဍပ်ကြီးသုံးခုတွင် ရွှေပြည်သာမြို့သူလုပ်ပျိုဖြူများက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်တွင်နေထိုင်သည့် ရွှေပြည်သာ မော်ကွန်းမဂ္ဂဇင်း အယ်ဒီတာချုပ် ကိုထွန်း(ကျယ်ဂေါင် ) က "မဏ္ဍပ်သုံးခုဖြစ်သွားပုံက ပထမ အမှတ် ၄ လမ်းမမှာ ထွေ/အုပ်ကစီစဉ်တဲ့ ဗဟိုမဏ္ဍပ်ဖြစ်သွားတယ်။ နောက် ဒုတိယက အမေစုချစ်သူများအဖွဲ့က ၉ ရပ်ကွက် ၃ လမ်းဆုံမှာ လုပ်ကြတယ်ဆိုတော့ ရွှေပြည်သာမြို့ရဲ့တောင်ဘက်ခြမ်းမှာ မဏ္ဍပ်မရှိဘူး။ ဒါနဲ့ နေရာစုံမှာဖြစ်သွားအောင်လို့ ကျွန်တော်တို့ ရွှေပြည်သာရဲ့တောင်ဘက်ခြမ်း ပုလဲလမ်းမပေါ်မှာ ပြည်သူချစ်သူများအမည်နဲ့ ဆောက်ဖြစ်သွားတာပါ"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

❖ **နှစ်သစ်ကူးကာလမှ**

အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက အုပ်စုအဆင့်မှ စောစီးစွာထွက်ရမည်ဖြစ်သည်။

**မျှော်လင့်ချက်ဆက်လက်ရှင်သန်**

ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု(G)တွင် ဆီရက်စ် (ဖိလစ်ပိုင်) အသင်းက ကိုးမှတ်၊ ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား)နှင့် ဘင်ဒေါင်း (ဗီယက်နမ်)တို့က လေးမှတ်စီရထားကာ ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် အိမ်ကွင်းနှစ်ပွဲကစားရသော်လည်း အမှတ်ရယူနိုင်ခြင်းမရှိဘဲ ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် သုံးပွဲကစားသုံးမှတ်ရထားပြီး ဟန္နိုင်းအသင်းကို ထပ်မံအနိုင်ရပါက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်မှာ ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စုအဖွင့်နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သော်လည်း ဗီယက်နမ်ကလပ် ဟန္နိုင်းအသင်းကို တတိယပွဲတွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်ခွင့်မျှော်လင့်ချက် ဆက်လက်ရှင်သန်လာခြင်းဖြစ်သည်။ ရန်ကုန်အသင်းပါဝင်သော အုပ်စု (F) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းက ခုနစ်မှတ်၊ ဟန္နိုင်း (ဗီယက်နမ်)က လေးမှတ်၊ ရန်ကုန် (မြန်မာ)နှင့် နာဂါဝေါ (ကမ္ဘောဒီးယား)က သုံးမှတ်စီရထားသည်။

**လက်ကျန်ပွဲများမှာ အရေးပါ**

ရန်ကုန်အသင်းသည် ၂၀၁၈ ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သော်လည်း လက်ရှိရာသီတွင် သုံးမှတ်သာရသေးသောကြောင့် နှစ်ကြိမ်ဆက်တက်ရောက်ရန် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# မြောင်းမြတွင် သင်္ကြန်အကြိုကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**မြောင်းမြ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့၏ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်အတွင်း ဝင်၊ ထွက် သွားလာလျက်ရှိသော ယာဉ်မျိုးစုံတို့ကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီက မြို့ဝင်မြို့ထွက်ဂိတ်များတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။



**ရပ်တန့်စစ်ဆေး**

ယာဉ်စစ်ဆေး ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် အမှတ်(၈၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး လှထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီဝင်များ ပူးပေါင်းအဖွဲ့တို့က ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ဆိုင်ကယ်ဦးထုပ်မဆောင်းသူများ၊ ယာဉ်စည်းကမ်းနှင့် ညီညွတ်မှုမရှိသော ခရီးသည်တင်ယာဉ်များ၊ ထော်လာဂျီယာဉ်များနှင့် ယာဉ်မျိုးစုံတို့ကို ရပ်တန့်စစ်ဆေးဆောင်ရွက်ကာ ယာဉ်စည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"မဟာသင်္ကြန်အကြိုကာလဖြစ်တဲ့ ယခုလ ၁၀ ရက်မှ ၁၂ ရက် အထိ မြောင်းမြမြို့ဝင်၊ မြို့ထွက်တွေမှာ စစ်ဆေးဆောင်ရွက်နေပြီး ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မောင်းသူတွေ အထူးသဖြင့် ဆိုင်ကယ်မောင်းသူတွေ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု အမှတ် (၈၁)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးလှထွန်းက ပြောသည်။

**အောင်မင်း (မြောင်းမြ)**



# မလှိုင်မြို့နယ်၌ စာမတတ်သူပပျောက်ရေး သင်တန်းပို့ချ

**မလှိုင် ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် စာမတတ်သူများ ပပျောက်ရေး အခြေခံပညာစာတတ်မြောက်ရေးအတွက် မိတ္ထီလာတက္ကသိုလ်မှ ဆရာ ဆရာမများက လာရောက်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကြိုဆို**

အခြေခံပညာစာတတ်မြောက်ရေးအတွက် လုပ်အားပေးလာကြသည့် ဆရာ ဆရာမများအား ဧပြီ ၄ ရက်တွင် မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကြိုဆိုခဲ့ကြသည်။

စာသင်ဝိုင်းတစ်ဝိုင်းလျှင် ဆရာ ဆရာမ နှစ်ဦးနှုန်းဖြင့် သင်ကြားပေးလျက်ရှိကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးထံမှ သိရသည်။

**ရက်ပေါင်း ၄၀ ကြာသင်ကြား**

မလှိုင်မြို့နယ်အတွင်း စာမတတ်သူပပျောက်ရေးအတွက် အခြေခံပညာစာတတ်မြောက်ရေး သင်ကြားပေးရာတွင် မလှိုင်တစ်မြို့နယ်လုံး၌ စာသင်ဝိုင်း ၆၄ ဝိုင်းရှိပြီး စုစုပေါင်းစာသင်သား ၉၁၀ ဆရာ ဆရာမ ၁၃၀ တို့က သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာစာတတ်မြောက်ရေးသင်တန်းကို တစ်ရက်လျှင် သုံးနာရီဖြင့် ဧပြီ ၉ ရက်မှစတင်ပြီး ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့တွင် စာမတတ်သူများပပျောက်ရေးအတွက် အခြေခံပညာစာတတ်မြောက်ရေး သင်ကြားပေးခြင်းကို အသက် ၁၅ နှစ်နှင့်အထက် အခြေခံပညာမတတ်သူများကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများရှိ ကျေးရွာစာသင်ကျောင်းများ၊ ရွာလယ် ဓမ္မာရုံများနှင့် အုပ်ချုပ်ရေးမှူးနေအိမ်များတွင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်သိန်း ( ပြန်/ဆက်)**

❍ **သင်္ကြန်ကာလမှ**

ရှာဖွေကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့စီ၊ ကန်တော်ကြီးနဲ့ သာခုကန်တို့မှာ တစ်ဖွဲ့စီ ရှာဖွေကယ်ဆယ်ရေးကိရိယာအစုံအလင်ပါရှိတဲ့ စက်တပ်ရော်ဘာလှေ၊ ဖိုက်ဘာလှေတို့ဖြင့် ၂၄ နာရီ တာဝန်ထမ်းဆောင်ကြမှာပါ။ နှစ်ဆန်း ၁ ရက်နေ့မှာ ရေကန်ကြီးများအတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ရာမှာ မတော်တဆ ခြေချော်ကျမှုမျိုးရှိတယ်။ ရေကန်ကြီးများမှာ အန္တရာယ်သတိပေးစည်းတားပြီး ရေအတိမ်အနက်ကို ဖော်ပြထားတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။

**တားမြစ်ထား**

ရွှေတိဂုံစေတီတော်အနီးရှိ ဦးဥတ္တမပန်းခြံရှိ ရေကန်တွင်မူ စက်တပ်ဆင်ထားသည့် လှေမပါရှိဘဲ မီးသတ်တပ်ဖွဲ့များ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ရန်ကုန်မြို့ရှိ ရေကန်ကြီးများတွင် ရေဆင်းကူးခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တားမြစ်ထားသော်လည်း သင်္ကြန်ကာလရက်များတွင် အပျော်ကြူးပြီး ရေကန်အတွင်းသို့ ဆင်းရာမှ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

**အောင်သူရ**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ကျင်းပမည့် နာရီစင်ထိပ်မှ ရန်အောင်မြင်ဘုရားလမ်းတစ်လျှောက် အလှဆင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။**

လှိုင်သန်းတင့်(ရမည်းသင်း)



# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရွေးကောက်ပွဲတွင် အနိုင်ရ

**ဂျေရုဆလင် မေ ၁၁**

အစ္စရေးနိုင်ငံရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု ပြန်လည်ရွေးကောက်ခြင်းခံခဲ့ရကြောင်း ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

သက်တမ်းငါးကြိမ်မြောက် တာဝန်ထမ်းဆောင်ရမည့် ဝန်ကြီးချုပ်နေတန်ယာဟုသည် အစ္စရေးနိုင်ငံ၏ သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ရာထူးဆက်ခံသူတစ်ဦးဖြစ်လာခဲ့သည်။ ယခုအချိန်တွင် လက်ယာယိမ်းညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၆၉ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်သည် လာဘ်ပေးလာဘ်ယူမှုဖြင့် စွပ်စွဲခြင်းခံနေရသော်လည်း ပြည်သူများက ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်ရန် ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန် စေ့စပ်ညှိနှိုင်းမှုများတွင် ဝန်ကြီးချုပ်အား စွပ်စွဲချက်များသည် အရေးကြီးသောအစိတ်အပိုင်းအဖြစ်ပါဝင်သည်။ ဝန်ကြီးချုပ်အား စွဲချက်တင်သည့်အချိန်တွင် အခြားသောအစိုးရအဖွဲ့ဝင်များအနေဖြင့် သူ၏အစိုးရအဖွဲ့တွင် ဆက်လက်တာဝန်ထမ်းရွက်ပေးရန် ဝန်ကြီးချုပ်နေတန်ယာဟုက ကတိတောင်းခံရန်လိုအပ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ဝန်ကြီးချုပ်နေတန်ယာဟု၏ လက်ရှိအစိုးရအဖွဲ့သည် အစ္စရေးနိုင်ငံသမိုင်းတွင် လက်ယာနိုင်ငံရေးအဆန်ဆုံးဖြစ်သည်။

အနောက်ဘက်ကမ်းရှိ ပြန်လည်အခြေချအိမ်ရာများကို အရေးယူသိမ်းပိုက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲမစတင်မီ သုံးရက်အလို မဲဆွယ်စည်းရုံးရေးဆင်းရာ၌ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းတွင် အီဂျစ်ရဲတပ်ဖွဲ့စီးနင်း၊ စစ်သွေးကြွ ၁၁ ဦးသေဆုံး

**ကိုင်ရို မေ ၁၁**

ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ အာရစ်ရှ်မြို့တွင် အီဂျစ်ရဲတပ်ဖွဲ့က စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၁၁ ဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ပြောကြားသည်။

အာရစ်ရှ်မြို့ အဘူအီတက်ဒေသ လူနေအဆောက်အအုံတစ်လုံးရှိ အကြမ်းဖက်သမားတို့၏အခြေစိုက်နေရာတစ်ခုကို အမျိုးသားလုံခြုံရေးတပ်ဖွဲ့များက စီးနင်းခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစစ်သွေးကြွများက အစွန်အဖျားကျသော အာရစ်ရှ်မြို့၏ အဓိကအဆောက်အအုံများနှင့် အရေးပါသော လူပုဂ္ဂိုလ်များအား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အီဂျစ်ရဲတပ်ဖွဲ့၏စီးနင်းမှုအတွင်း စစ်သွေးကြွများထံမှ လက်နက်ခဲယမ်းမီးကျောက်များနှင့် ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ ရှိကက်ဇူဝတ်မြို့တွင် မေ ၉ ရက်က အသေခံဗုံးဖောက်ခွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အီဂျစ်ရဲတပ်ဖွဲ့ဝင် လေးဦးနှင့် အရပ်သား သုံးဦးသေဆုံးခဲ့ပြီး လူ ၂၆ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အစ္စလာမ္မစ်ဝါဒီ သမ္မတဟောင်း မိုဟာမက်မော်စီအား ၂၀၁၃ ခုနှစ်အတွင်း ရာထူးမှဖယ်ရှားပြီးကတည်းက အီဂျစ်လုံခြုံရေးတပ်ဖွဲ့များမှာ အကြမ်းဖက်ဝါဒနှိမ်နင်းသည့်စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ကြသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပ

**နယူးဒေလီ မေ ၁၁**



အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မေ ၁၁ ရက်တွင် စတင်ကျင်းပခဲ့သည်။ ဘာရာတီယာဂျနာတာပါတီမှ လက်ရှိဝန်ကြီးချုပ် နာရန္ဒြာမိုဒီသည် ဒုတိယသက်တမ်းထမ်းဆောင်ခွင့် ရရှိရေးအတွက် အဓိကအတိုက်အခံ ပါတီဖြစ်သည့် ကွန်ဂရက်ပါတီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသအရေးနှင့် ပတ်သက်၍ အိမ်နီးချင်းပါကစ္စတန်နိုင်ငံနှင့် စစ်ရေးတင်းမာမှုများ ဆက်လက် ဖြစ်ပေါ်နေစဉ်တွင် ဝန်ကြီးချုပ်မိုဒီ၏ အာဏာရပါတီက ၎င်း၏ အဓိကဦးစားပေးအဖြစ် အမျိုးသားလုံခြုံရေး ခိုင်မာအားကောင်းအောင် ပြုလုပ်မည်ဟု ရွေးကောက်ပွဲကတိပြုမှုများ၌ ဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့်လည်း နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများရှိနေသည်။

ဘာရာတီယာဂျနာတာပါတီ၏ မူဝါဒသည် နိုင်ငံအင်အား ခိုင်မာတောင့်တင်းရေးပင် ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်းကိုထောက်ခံသူများအား ပြောကြားသည်။

အတိုက်အခံ ကွန်ဂရက်ပါတီကမူ ၎င်းပါတီ၏ ထိပ်တန်းဦးစားပေးလုပ်ဆောင်မည့်လုပ်ငန်းမှာ အလုပ်လက်မဲ့များအရေးကို ကိုင်တွယ်ဖြေရှင်းရေးနှင့် အိန္ဒိယလယ်သမားများအား အထောက်အပံ့များပေးရေးတို့ပင်ဖြစ်ကြောင်း ဖော်ပြသည်။

ကွန်ဂရက်ပါတီ ခေါင်းဆောင် ရာဟူးဂန္ဒီက အိန္ဒိယဝန်ကြီးချုပ်မိုဒီအား ဝေဖန်ပြောကြားမှုများ ပြုလုပ်ခဲ့ရာတွင် အလုပ်လက်မဲ့များ၏ အရေးမှာ လက်ရှိအခြေအနေတွင် အလွန်အလေးထားရမည့် အရေးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏ ဘီဂျေပီပါတီသည် လတ်တလောတွင် အိန္ဒိယလွှတ်တော်၌ အမတ်နေရာအများစု ရရှိထားသော်လည်း ယနေ့ပြုလုပ်လျက်ရှိသည့် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာအချို့ ဆုံးရှုံးသွားနိုင်ကြောင်း ဆန္ဒမဲပေးမှုများပေါ် အခြေခံ၍ ဒေသတွင်း သတင်းမီဒီယာများက ဖော်ပြသည်။

အိန္ဒိယအထွေထွေရွေးကောက်ပွဲကို အဆင့်ခုနစ်ဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး မေ ၁၉ ရက်တွင် ရွေးကောက်ပွဲကျင်းပပြီးစီးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်စစ်တပ်က နှစ် ၃၀ ကြာ အာဏာရယူခဲ့သည့် သမ္မတ အိုမာအယ်လ်ဘာရှားကို ရာထူးမှ ဖယ်ရှားခဲ့

**ခါတွမ် မေ ၁၁**



ဆူဒန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာမျှ အာဏာရယူခဲ့သည့် သမ္မတအိုမာအယ်လ်ဘာရှားကို ဆူဒန်စစ်တပ်မှ မေ ၁၁ ရက်တွင် သမ္မတရာထူးမှ ဖယ်ရှားခဲ့သည်။ ဆူဒန်နိုင်ငံတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ လအတန်ကြာဖြစ်ပွားခဲ့ပြီးနောက် လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းတွင် ဆန္ဒပြမှုများ အမြင့်မားဆုံးဖြစ်ခဲ့ပြီး ခါတွမ်မြို့လယ်ရှိ ဆူဒန်ကာကွယ်ရေးဝန်ကြီးဌာန ရုံးဝင်းပြင်ပတွင် စုဝေးဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ဆူဒန်စစ်တပ်က သမ္မတဘာရှားကို ရာထူးမှ ဖယ်ရှားခြင်းဖြစ်သည်။

ဆူဒန်သမ္မတ ဘာရှားကို ဖမ်းဆီးထိန်းသိမ်းထားပြီး လုံခြုံသည့်တစ်နေရာတွင် ရှိနေကြောင်း ဆူဒန်ကာကွယ်ရေးဝန်ကြီးနှင့် ကြည်းတပ်ဗိုလ်ချုပ်ကြီး အာမက်နာဝဒ်ဘင်အွတ်ဖ်က ဆူဒန်အစိုးရ ရုပ်သံလွှင့်ဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံအား စစ်ကောင်စီတစ်ခုက နှစ်နှစ်ကြာ ထိန်းချုပ်သွားပြီးနောက်တွင် ရွေးကောက်ပွဲများ ကျင်းပပေးသွားမည်ဟု ဆူဒန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

မေ ၁၁ ရက် နံနက် အရုဏ်တက်ပြီး မကြာမီတွင် ရုပ်မြင်သံကြားဌာနကို ဆူဒန်စစ်တပ်က သိမ်းယူထိန်းချုပ်ခဲ့သည်။ သမ္မတဘာရှားသည် ဆူဒန်ကာကွယ်ရေးဝန်ကြီးဌာနရုံးဝင်းအတွင်းရှိ နေအိမ်၌ နေအိမ်အကျယ်ချုပ် ခံထားရကြောင်း အတည်မပြုနိုင်သည့် သတင်းများ ထွက်ပေါ်ခဲ့သည်။

၎င်းအပြင် သမ္မတဘာရှားနှင့် နီးစပ်သည့် အာဏာရ အမျိုးသားကွန်ဂရက်ပါတီမှ ထင်ရှားသည့်ခေါင်းဆောင်အချို့လည်း ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း အခြားသတင်းအချို့၌ ဖော်ပြသည်။

**အေအက်ဖ်ပီ**

ကြေးမုံ





# မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် မြောက်ဦးမြို့ရှိ အမှတ်(၁၁)လုံခြုံရေး ရဲတပ်ဖွဲ့တပ်ဖွဲ့ဝင်နှင့် မိသားစုများကို အားပေးစကားပြောကြား ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ပံ့မှုများ ပေးအပ်

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်သို့ ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိပြီး မေ ၉ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် AA အဖွဲ့ ဝင်ရောက်တိုက်ခိုက်စဉ် ပစ်ခတ်သုံးစွဲကုန်ဆုံးသည့် လက်နက်/ခဲယမ်းနှင့် လိုအပ်ချက်များ ထပ်မံဖြည့်တင်း၍ ကျဆုံး/ဒဏ်ရာရ တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်ရှိ တပ်ဖွဲ့ဝင်မိသားစုများကို တွေ့ဆုံအားပေးကာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ပံ့မှုများ ပေးအပ်သည်။

ဆက်လက်၍ ရဲချုပ်သည် တပ်မတော်စစ်ဆေးရုံသို့ သွားရောက်ကာ ဒဏ်ရာရရှိသူများအား တွေ့ဆုံပြီး အားပေးထောက်ပံ့မှုများဆောင်ရွက်သည်။ ထို့နောက် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ လုံခြုံရေးအခြေအနေ၊ ကာကင်းကုန်းများနှင့်ပတ်သက်၍ ခံစစ်အနေအထားများ၊ နယ်မြေသတင်းရယူရေး၊ တရားဥပဒေစိုးမိုးရေး ဆက်လက်ဆောင်ရွက်သွားရန်ကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်စစ်ကြောင်းက AA အဖွဲ့ သိုဝှက်ထားသော ရိက္ခာပစ္စည်းများ ရှာဖွေတွေ့ရှိ


**နေပြည်တော် မေ ၁၁**

မြောက်ဦးမြို့အနီး ရဲတပ်ရင်းဌာနချုပ်ကို မေ ၉ ရက်နှင့် ၁၀ ရက်က AA အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် AA အဖွဲ့များ ခိုအောင်းနိုင်သောနေရာများနှင့် ပတ်ဝန်းကျင်နေရာများအား တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေး အာမခံချက်ရှိစေရန် ရှင်းလင်းဆောင်ရွက်စဉ် သိုဝှက်ထားသော ရိက္ခာပစ္စည်းများ ရှာဖွေတွေ့ရှိရကြောင်း သိရသည်။


တပ်မတော်စစ်ကြောင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့၏ အရှေ့မြောက်ဘက် လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းတောတွင်း၌ AA အဖွဲ့၏ စခန်းနေရာတစ်ခုကိုတွေ့ရှိရသဖြင့် အသေးစိတ်ရှာဖွေခဲ့ရာ သိုဝှက်ထားသော အဝတ်အစားနှင့် ရိက္ခာပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါပစ္စည်းများတွင် USAID အမှတ်တံဆိပ်ပါ စားနပ်ရိက္ခာထုပ်များ၊ WFP အမှတ်တံဆိပ်ပါ ဘီစကစ်၊ ဝေဖာ၊ နို့ ရိက္ခာထုပ်များ၊ အားကစားဝတ်စုံနှင့် ခြေအိတ်များ၊ ငါးခြောက်ထုပ်များ၊ ထမင်းခြောက်ထုပ်များ၊ ငရုတ်သီးကြော်ထုပ်များ၊ ခေါက်ဆွဲထုပ်များ၊ သကြားထုပ်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ အဝတ်အစားနှင့် ရိက္ခာထုပ်များသည် စစ်ဘေးရှောင်စခန်းများအတွက် အလှူရှင်များက လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများဖြစ်ပြီး မြောက်ဦးမြို့နယ်အတွင်း စစ်ရှောင်စခန်းများမရှိဘဲ AA အဖွဲ့က ယင်းထောက်ပံ့ရေးပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရရှိသုံးစွဲနေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**














# ကျိုက်မရောတွင် ကားတစ်စီးချောင်းထဲထိုးကျ

**ကျိုက်မရော ဧပြီ ၁၁**

ကျိုက်မရောမြို့နယ် ကျွန်းရွာနှင့် ကဒါကျေးရွာကြား ချောင်းထဲသို့ ဧပြီ ၁၁ ရက်က ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ထိုးကျမှုဖြစ်ပွားခဲ့သည်။ ယာဉ်မောင်းမှာ ကလော့သော့ကျေးရွာနေ ကိုလှိုင်ဖြစ်ပြီး ဒဏ်ရာများရရှိခဲ့သဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဧပြီ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၇ စီး၊ သွင်းကုန် ၄၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၂၀၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပြီး မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၆၄ သန်းတန်ဖိုး)ရှိ သကြားအိတ်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တမူး၊ ပင်လည်ဘူး၊ ဖောင်းပြင်နှင့် အင်းတော်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၁**

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းတွင် တမူးမြို့နယ် ရန်တိုင်းအောင်ကျေးရွာအထွက် တမူး-ကလေးကားလမ်း၌ ဆွန်ဒါရိ (ခ)မောင်တူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက် ၁၃ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၁၄၃ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့နယ် စေတီဦးကျေးရွာနေ မြင့်အောင်၏ လယ်တဲကိုရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလိုကိုလည်းကောင်း၊ အလားတူ ပင်လည်ဘူးမြို့နယ် ငှော့ချယ်ကျေးရွာနေ ဖိုးပြား၏ နေအိမ်ကိုရှာဖွေရာ ၎င်းနေအိမ်၌ မောင်ညွန့်ကိုတွေ့ရှိရပြီး ၎င်းတို့ထံမှ ဆပ်ပြာခွက် ၄၆ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ဂရမ် ၄၆၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၀ တို့ကိုလည်းကောင်း၊ အလားတူ ဖောင်းပြင်မြို့နယ် ပါဟဲကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဖောင်းပြင်မြို့နယ် နန်းခမ်းကျေးရွာမြောက်ဘက်လမ်းတွင် တွေ့ရှိသူ ဝင်းလွင်အား ရှာဖွေရာ ဆပ်ပြာခွက် ၁၁ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ဂရမ် ၁၁၀ ကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း နဘားလမ်းဆုံတွင် မြင့်ဇော်မောင်းနှင်လာသည့်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဆီခဲ ၁၉ ဒသမ ၅ ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၃၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဆွန်ဒါရိ(ခ)မောင်တူးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# မြို့နယ်များတွင် မီးလောင်မှုများဖြစ်ပွား

### ကြည့်မြင်တိုင်မြို့နယ်

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက်၌ ယနေ့နံနက်အစောပိုင်းက ဦးလှဆောင် နေအိမ်ရှိ ရေခဲသေတ္တာသို့သွယ်တန်းထားသော မီးကြိုးအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ် ၁၉ လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**



မီးလောင်မှုကြောင့် ဦးလှဆောင်အား စက်ဆန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ပွင့်သစ္စာ**

### ကသာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဘီအိုစီကုမ္ပဏီဆီခြံတွင် ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က 9F/ဂါလန် ၄၀၀၀ ဆံ့ ၁၂ ဘီးယာဉ်အတွင်းသို့ ဧရာဝတီမြစ်အတွင်းရှိ ဆီတင်ရေယာဉ်ပေါ်မှ လောင်စာဆီများ ဖြည့်နေစဉ် မီးလောင်ကျွမ်းသဖြင့် ဆီခြံလုပ်သားများဖြစ်သော ကသာမြို့နယ် ရေဘုတ်ကျေးရွာနေ ကိုကိုမောင်၊ ခင်ဦးမြို့နယ် ဆီဆုံလေးကျေးရွာနေ ထွန်းဝေ၊ တင်ဖြိုးအောင်နှင့် ဟိုပင်မြို့နေ အောင်ကိုထွေးတို့ လေးဦးမှာ မီးလောင်ခံရသဖြင့် ကသာမြို့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား ကသာမြို့မရဲစခန်းက ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

### ပေါက်မြို့နယ်

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေနီကျေးရွာနေ ဦးသန်းမြင့်၏နေအိမ်၌ ဧပြီ ၁၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှ အနီးအနားရှိ ထင်းပုံကို မီးကူးစက်လောင်ကျွမ်းရာ နေအိမ်ခြောက်လုံး မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ဦးသန်းမြင့်အား ပေါက်မြို့နယ် ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ညာဏ်တိုး(ပေါက်)**

### ပြင်ဦးလွင်မြို့နယ်

ပြင်ဦးလွင်မြို့ ပြည်တော်သာ(၁)လမ်း အိမ်အမှတ်(၁၂)ရပ်ကွက်ကြီး(၅)နေ ဦးထွန်းမြင့်၏ နေအိမ်တွင် ဧပြီ ၁၀ ရက် ည ၉ နာရီ ၂၅ မိနစ်ခန့်က တပ်ဆင်ထားသော မီတာဘောက်မှတစ်ဆင့် ဝိုင်ယာရှော့ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးထွန်းမြင့်အား ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ပြင်ဦးလွင်)**

### ကန်ကြီးထောင့်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာတွင် ဧပြီ ၁၀ ရက် ည ၈ နာရီခန့်က ဒါးကကျေးရွာနေ ဦးသန့်ဇင် ငှားရမ်းနေထိုင်လျက်ရှိသည့် အိမ်အပေါ်ထပ်ရှိ အင်ဗာတာအပူလွန်ကဲရာမှ မီးလောင်ကျွမ်းခဲ့ရာ မီးပေါ့ဆစွာအသုံးပြုသူ အိမ်ငှား ဦးသန့်ဇင်အား ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိကြောင်း မြို့မရဲစခန်းမှ သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

### ပုဗ္ဗသီရိမြို့နယ်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ရာဇသင်္ဂဟလမ်းမပေါ်၌ တောင်မှမြောက်သို့ မောင်ဆန်း ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက် ပုဗ္ဗသီရိမြို့နေသူ မောင်းနှင်လာသည့် MDY-3P/---- ယာဉ်သည် ဧရာဝတီဘဏ်ရှေ့အရောက်၌ ယာဉ်ခေါင်းခန်းရှေ့ပိုင်းမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိဘဲ ယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံး ပျက်စီးခဲ့ပြီး ယာဉ်မောင်း မောင်ဆန်းအား ပုဗ္ဗသီရိမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သထုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**သထုံ ဧပြီ ၁၁**

သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စု သုဓမ္မဝတီမြို့သစ် ဘုရားလမ်းထိပ်၌ ဧပြီ ၁၁ ရက် ည ၁၀ နာရီခွဲက သထုံ-ဘားအံ အဝေးပြေးကားလမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးသည်။

ဖြစ်စဉ်မှာ သထုံမှဘားအံသို့ ပိစိ(ခ)မင်းသူ မောင်းနှင်ပြီး ဝေဖြိုးအောင်(ခ)သီဟနှင့် အကြီးကောင် လိုက်ပါလာသော MDY-1N/---- ISUZU ခြောက်ဘီးယာဉ်သည် သုံးဘီးဆိုင်ကယ်အား ကျော်တက်စဉ် ဝဲဘက်ယာဉ်ကြောရှိ ဘားအံမှသထုံသို့ အောင်ကျော်ကျော် မောင်းနှင်ပြီး မဖူးငုံစီးနင်းလိုက်ပါလာသည့် Dream 125 ဆိုင်ကယ်အား တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူ အောင်ကျော်ကျော်နှင့် မဖူးငုံတို့မှာ နေရာတွင် သေဆုံးခဲ့သည်။

ယာဉ်မောင်း ပိစိ(ခ)မင်းသူမှာ ယာဉ်အားထား၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရပြီး သုဓမ္မဝတီမြို့သစ်စခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၀၉**

# သင်္ကြန်ကာလအတွင်း တားမြစ်ဆေးနှင့် ကာမစိတ်ကြွဆေးပြားများ ရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေး

**ကော့သောင်း ဧပြီ ၁၁**

ကော့သောင်းမြို့တွင် သင်္ကြန်ကာလအတွင်း တားမြစ်ဆေးနှင့် ကာမစိတ်ကြွဆေးပြားများ ရောင်းချမှုမရှိစေရေး ဧပြီ ၁၁ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက် အိမ်သုံးဆေး အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများအား မြို့နယ်ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်ရဲတပ်ဖွဲ့၊ စားသုံးသူ ရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု၊ မြို့နယ်မှုခင်းရဲတပ်ဖွဲ့တို့က တာဝန်ရှိပူးပေါင်းအဖွဲ့ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသည့် အိမ်သုံး ဆေးဆိုင်များသို့ ကွင်းဆင်းကာ သင်္ကြန်ကာလအတွင်း မသမာသူများ၊ ဒုစရိုက်မှုကျူးလွန်သူများ၊ လူငယ်များ အများဆုံး အသုံးပြုလေ့ရှိသည့် တားမြစ်ဆေးများ၊ မူးယစ်ဆေးများ၊ ကာမစိတ်ကြွဆေးပြားများ၊ ခွင့်ပြုချက်မရှိသည့် ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးပြီး ရောင်းချခြင်း မပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက ကျခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအား အသိပညာပေးဆွေးနွေး ပြောကြားခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်နှင့်ဥပဒေ



မောင်စာဂ

"အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိရေး" သည် တရားစီရင်ရာတွင် အခြေခံရမည့် တတိယမြောက်အခြေခံမူဖြစ်သည်။ ဤမူကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ (ဂ) နှင့် ၃၇၅ တို့တွင်လည်း ဖော်ပြထားသည်။ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသေးသမျှ မည်သူ့ကိုမျှ ပြစ်မှုကျူးလွန်သူအဖြစ် မှတ်ယူ၍မရပါ။ ခုခံချေပခွင့်မပေးဘဲ မည်သူ့ကိုမျှ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုရပါ။ တရားခံအား ကြားနာခြင်းမပြုဘဲ တရားခံအပေါ်နစ်နာစေသည့် အမိန့်မျိုး ချမှတ်ခြင်းမပြုရပါ။ ဤသည်တို့ကိုလည်း တရားဥပဒေနယ်ပယ်တွင် လိုက်နာစောင့်ထိန်းရမည့် မူများအဖြစ် လက်ခံထားကြသည်။ ဤသို့ဆိုလျှင် အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေးသည်လည်း အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်နေသည်။ အနှစ်ချုပ်မျှဝေပါရစေ။

## ခုခံချေပခွင့်ဟူသည်

မြန်မာအဘိဓာန်တွင် "ခုခံ" ဟူသောစကားရပ်ကို ပြန်လှန်တိုက်ခိုက်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး "ချေပ"ဟူသော စကားရပ်ကို သူတစ်ပါးက ပြောဆိုသည်ကို ကျေပျက်အောင်ပြန်လည်ပြောကြားသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တရားစီရင်ရေးသဘောတွင်မူ သူတစ်ဦးက မိမိအပေါ်စွဲဆိုစွပ်စွဲထားသော အကြောင်းအချက်တို့ကို မဟုတ်မမှန်ကြောင်း ပြန်လည်တိုက်ခိုက်ခြင်းဖြင့် ခုခံခြင်းဖြစ်သည်။ သူတစ်ဦး၏ စွဲဆိုစွပ်စွဲထားချက်များကို ကျေပျက်သွားအောင် ပြန်လည်ပြောကြားခြင်းဖြင့် ချေပခြင်းဖြစ်သည်။ ပြန်လှန်တိုက်ခိုက်ခြင်းနှင့် ကျေပျက်သွားအောင် ပြန်လည်ပြောကြားခြင်း နည်းလမ်းနှစ်မျိုးစလုံးကို တစ်ပြိုင်တည်းလည်းကျင့်သုံးနိုင်သည်။ ဤသည်မှာ ခုခံချေပခြင်းပင်ဖြစ်သည်။ သတိပြုရမည်မှာ ခုခံချေပခွင့်ကို ကျင့်သုံးရာ၌ ဥပဒေဘောင်အတွင်း ဖြစ်ရန်လိုသည်။ ဥပဒေအရ ခုခံချေပခြင်းမျိုး ဖြစ်ရမည်။

## ကိုယ်တိုင် သို့မဟုတ် ရှေ့နေဖြင့်ခုခံချေပခွင့်ရှိခြင်း

စွဲဆိုစွပ်စွဲခြင်းခံရသည့်အမှုတွင် တရားခံသည် ကိုယ်တိုင်ခုခံချေပခွင့်ရှိသည်။ သို့မဟုတ် ရှေ့နေငှားရမ်း၍ ခုခံချေပခွင့်ရှိသည်။ အကယ်၍ စွဲဆိုစွပ်စွဲခြင်းခံရသည့်အမှုသည် ပြစ်မှုထင်ရှားတွေ့ရှိက သေဒဏ်အပြစ်ပေးနိုင်သောပြစ်မှုမျိုးဖြစ်လျှင် ကိုယ်တိုင်ခုခံချေပခွင့်မရှိပါ။ ရှေ့နေဖြင့်သာခုခံပိုင်ခွင့်ရှိသည်။ ရှေ့နေငှားရမ်းသည့်ကိစ္စ မဖြစ်မနေဆောင်ရွက်ရသည်။ ရှေ့နေငှားရမ်းနိုင်စွမ်းမရှိသည့် အခြေအနေမျိုးရှိနေလျှင် နိုင်ငံတော်က နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးသည်။ ထိုသို့ ရှေ့နေငှားရမ်းပေးခြင်းကို သက်ဆိုင်ရာ ဥပဒေရုံးများက ဆောင်ရွက်ပေးရသည်။

## စစ်မေးခြင်းအစီအစဉ်အတိုင်းခုခံချေပခွင့်ရှိခြင်း

တရားရုံးတွင် အမှုစစ်ဆေးသည့်အခါ စွဲဆိုသူတရားလိုကို စတင်စစ်ဆေးသည်။ ထို့နောက် တရားလိုပြသက်သေများကို စစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် အဓိကစစ်မေးခြင်းအစီအစဉ်ဖြင့် တရားလိုဘက်က စတင်မေးမြန်းသည်။ တရားလိုကို အဓိကစစ်မေးစဉ်တွင်လည်းကောင်း၊ တရားလိုပြသက်သေများကို အဓိကစစ်မေးစဉ်တွင်လည်းကောင်း တရားခံအပေါ် စွပ်စွဲထွက်ဆိုချက်မှန်သမျှအပေါ် မဟုတ်မမှန်ကြောင်းဖြင့် တရားခံဘက်မှ ပြန်လှန်စစ်မေးခြင်း အစီအစဉ်ဖြင့် ခုခံချေပခွင့် ပေးရသည်။

အကယ်၍ တရားခံအပေါ် စွဲချက်တင်ခဲ့သော် စစ်ဆေးပြီး တရားလိုနှင့်သက်သေများကို ပြန်ခေါ်သက်သေအဖြစ် ခေါ်ယူ၍ ထပ်မံပြန်လှန်စစ်မေးခြင်းဖြင့် ခုခံချေပခွင့်ရှိသည်။ တရားခံက ၎င်းကိုယ်တိုင် တရားခံအဖြစ်နှင့်ဖြစ်စေ၊ သက်သေအဖြစ်နှင့်ဖြစ်စေ အစစ်ဆေးခံ၍ ခုခံချေပခွင့်ရှိသည်။ သက်သေများကိုပြသ၍လည်း ခုခံချေပခွင့်ရှိသည်။ ပစ္စည်းသက်သေ၊ စာရွက်စာတမ်းသက်သေခံချက်များကိုလည်း ပြသ၍ ခုခံချေပခွင့်ရှိသည်။

## စွဲဆိုသည့်အကြောင်းခြင်းရာအပေါ်ခုခံချေပခွင့်ရှိခြင်း

မှုခင်းအမျိုးမျိုးရှိသည်။ စွဲဆိုသည့်အကြောင်းခြင်းရာ အချက်အလက် ကွဲပြားခြားနားသည်။ တူညီသောမှုခင်းမျိုးဖြစ်လင့်ကစား အမှုဖြစ်ပွားပုံခြင်း မတူညီ၍ အကြောင်းခြင်းရာအချက်အလက်များလည်း တူညီမှုရှိနိုင်မည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ တရားခံသည် စွဲဆိုစွပ်စွဲထားချက်မှန်သမျှအပေါ် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိသည်။

ဥပမာ လူသတ်မှုဖြင့် စွဲဆိုစွပ်စွဲခံရသည့် အမှုမျိုးတွင် မည်သည့်နေ့ရက်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင်ဖြစ်ကြောင်း၊ တုတ်ဖြင့်ဘယ်နချက်ရိုက်ကြောင်း၊ ဓားဖြင့် ဘယ်နချက်ခုတ်ကြောင်း၊ သေနတ်ဖြင့်ဘယ်လိုပစ်ကြောင်း၊ ဘယ်လိုလဲကျသေဆုံးသွားကြောင်း၊ ဘယ်သူတွေမြင်တွေ့ကြောင်း၊ မည်သို့သော သက်သေခံချက်များကို ရှာဖွေသိမ်းဆည်းမှုပြုနိုင်ခဲ့ကြောင်း စသည်ဖြင့် စွပ်စွဲတတ်ကြသည်။

စွပ်စွဲချက်အားလုံးအပေါ် တရားခံအား ခုခံချေပခွင့်ပေးရသည်။ တရားခံက အမှုကို ၎င်းမကျူးလွန်ခဲ့ရကြောင်း၊ အခင်းဖြစ်သည့်အချိန်က ၎င်းသည် အခြားတစ်နေရာသို့ ရောက်ရှိနေကြောင်း သို့မဟုတ် ၎င်းသည် မိမိအသက်ကိုကာကွယ်ခုခံရန်အလို့ငှာ ကျူးလွန်ခဲ့မိခြင်းဖြစ်ကြောင်းစသည်ဖြင့် ဖြစ်ရပ်မှန်အတိုင်း ခုခံချေပရေးလမ်းကြောင်းများကို ကျင့်သုံး၍ ခုခံချေပနိုင်သည်။ သက်သေခံပစ္စည်းများအပေါ်တွင်လည်း ခုခံချေပသွားနိုင်သည်။

## စွဲဆိုသည့် ဥပဒေအချက်အလက်အပေါ် ခုခံချေပခွင့်ရှိခြင်း

စွဲဆိုသည့် ဥပဒေအချက်အလက်အပေါ်တွင်လည်း ဖြစ်ရပ်မှန်အတိုင်း ခုခံချေပခွင့်ရှိသည်။ ဥပမာ လူသတ်မှုဖြင့် စွဲဆိုစွပ်စွဲခံရလျှင် တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုပုဒ်မ ၃၀၂ (၁) (ခ) တွင် အကျုံးမဝင်ကြောင်း၊ ပုဒ်မ ၃၀၂ (၂) လူသတ်မှုဖြင့်သာ အကျုံးဝင်ကြောင်း သို့မဟုတ် ပုဒ်မ ၃၀၄ လူသေမှု၊ သို့မဟုတ် ပုဒ်မ ၃၂၆ အပြင်းအထန်နာကျင်မှုဖြင့်သာ အကျုံးဝင်ကြောင်းစသည်ဖြင့် ခုခံချေပခွင့်ရှိသည်။ မုဒိမ်းမှုပုဒ်မ ၃၇၆ ဖြင့် စွဲဆိုစွပ်စွဲသောအမှုတွင် အားထုတ်မှု ပုဒ်မ ၃၇၆/၅၁၁ သို့မဟုတ် ကာယိန္ဒြေဖျက်ဆီးမှု ပုဒ်မ ၃၅၄ ပြဋ္ဌာန်းချက်အင်္ဂါရပ်များတွင်သာ အကျုံးဝင်ကြောင်းစသည်ဖြင့် ခုခံချေပခွင့်ရှိသည်။ အထူးဥပဒေ တစ်ရပ်ရပ်ပါပြစ်မှုအရ စွဲဆိုစွပ်စွဲထားသော မှုခင်းမျိုးတွင် အခြားအထူးဥပဒေ တစ်ရပ်ရပ်ပါပြစ်မှုဖြင့်လည်းကောင်း၊ ရာဇသတ်ကြီး ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် လည်းကောင်း ပြောင်းလဲ ပြစ်ဒဏ်စီရင်နိုင်ရေး ခုခံချေပခွင့်ရှိသည်။

## လျှောက်လဲချက်ပေးခြင်းဖြင့် ခုခံချေပခွင့်ရှိခြင်း

စုံစမ်းစစ်ဆေးလျက်ရှိသော မှုခင်းကိစ္စတွင် တရားလိုနှင့်တရားလိုပြသက်သေများကို စစ်ဆေးမှုပြီးစီးပါက တရားလိုဘက်မှ တရားခံအား စွဲချက်တင်စစ်ဆေးစေရန် လျှောက်ထားသည့်အခါ တရားခံကလည်း ၎င်းအပေါ် စွဲချက်တင်စစ်ဆေးခြင်းမပြုထိုက်ကြောင်း သို့မဟုတ် မည်သည့်ဥပဒေ မည်သည့်ပုဒ်မဖြင့်သာ စွဲချက်တင်စစ်ဆေးသင့်ကြောင်း ပြန်လည်ခုခံချေပ လျှောက်လဲချက်ပေးခွင့်ရှိသည်။ ထို့ပြင် တရားလိုဘက်၊ တရားခံဘက် သက်သေအားလုံးစစ်ဆေးပြီးစီးသည့်အခါ တရားလိုဘက်မှတရားခံအား ပြစ်ဒဏ်စီရင်ချမှတ်ပေးရန် လျှောက်ထားသည့်အခါ တရားခံကလည်း ၎င်းအပေါ် ပြစ်ဒဏ်စီရင်ချမှတ်ခြင်း မပြုထိုက်ကြောင်း သို့မဟုတ် မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရသာ ပြစ်ဒဏ်စီရင် ချမှတ်သင့်ကြောင်းဖြင့် ပြန်လည်ခုခံချေပ လျှောက်လဲချက်ပေးခွင့်ရှိသည်။

## အယူခံပိုင်ခွင့်ရှိခြင်း

မှုခင်းတစ်စုံတစ်ရာကို တရားရုံးတွင်စတင်စစ်ဆေးသည့်အချိန်ကစ၍ စီရင်ချက်အမိန့်ချမှတ်ပြီးသည်အထိ တရားခံအနေဖြင့် ခုခံချေပခွင့်များကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသကဲ့သို့ တရားရုံးက ပြစ်ဒဏ်စီရင်သည့် အမိန့်ချမှတ်သည့်အခါတွင်လည်း ယင်းအမိန့်အပေါ် အဆင့်မြင့်တရားရုံးသို့ အယူခံတင်သွင်းလျှောက်ထားခွင့်ရှိရမည်။ ဥပဒေအချက်အလက်များအပေါ်တွင်လည်း ပြင်ဆင်ခွင့် တင်သွင်းလျှောက်ထားခွင့်ရှိစေရမည်။ အယူခံမှု၊ ပြင်ဆင်မှု တင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများကို ဆိုင်ရာဥပဒေများတွင် ပြဋ္ဌာန်းထားသည်။ တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် တရားခံအား ထိခိုက်အောင် မည်သည့်အမိန့်ကိုမျှချမှတ်ခြင်း မပြုနိုင်ပါ။

## ခုခံချေပခွင့်ဆိုင်ရာလမ်းညွှန်စီရင်ထုံးများ

"အာမခံပေးရမည်ဟုပြဋ္ဌာန်းထားသော အမှုများဖြစ်လျှင် အာမခံပေးရမည်။ မပေးဘဲနေ၍ မရ။ အာမခံမပေးနိုင်သောအမှုဖြစ်စေကာမူ တရားရုံးကဥပဒေနှင့်အညီ သုံးသပ်၍ အာမခံပေးသင့်သည်ဟု ထင်မြင်ပါက အာမခံပေးနိုင်ခွင့်ရှိသည်။ သို့မှသာ တရားခံသည် ၎င်းအပေါ် စွဲဆိုထားသည့်အမှုကို ပြည့်ပြည့်စုံစုံနှင့် လွတ်လွတ်လပ်လပ် ခုခံချေပနိုင်သည့်အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း" လမ်းညွှန်ဆုံးဖြတ်ထားသည်။ [၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၉၂]

ပညာရှိတရားသူကြီး ဆုံးဖြတ်ထားသည်မှာ ချွတ်ချော်မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် တရားခံများကို တရားရှင်လွှတ်မည့်အစား ၎င်းတို့အား ဖြေရှင်းထုချေစေလျှင် ဖြစ်ပျက်ခဲ့သမျှအလုံးစုံ ပိုမိုထင်ရှားစေမည်ဟု ယူဆသည်။ ၎င်းတို့အားအပြစ်ပေးလောက်အောင် အခိုင်အလုံအထောက်အထားများ မရှိဟု ပညာရှိအထူးတရားသူကြီးက ယူဆသော်လည်း ၎င်းတို့အားညွှန်ပြသည့် သက်သေအထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုချေဖြေရှင်းစေခြင်း မပြုဘဲ၊ တရားရှင်လွှတ်လျှင် တစ်ဖက်ကနစ်နာသူများအဖို့ ရုံး၏စီရင်ချက်သည် တရားမျှတခြင်းကင်းမဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရာ ဖြစ်သည်။ တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံသာမကဘဲ ထိုသို့အမှန်တရားစီရင်ကြောင်းကို အများမြင်စေရာသည်။ တရားရုံးအနေဖြင့်လည်း ဆီလျော်ဆက်စပ်သော အချက်အလက်ဟူသမျှကို ဖော်ထုတ်ပြီးမှ ဆုံးဖြတ်လျှင် ပို၍လည်း မှန်ကန်နိုင်သည်။ အမှန်တရားကိုစီရင်ကြောင်း ပိုမိုထင်ရှားစွာ အများကမြင်နိုင်သည်။ [၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး(တရားရုံးချုပ်) စာ-၆၁၆]

## ထာဝစဉ်ရှင်သန်နိုင်ပါစေ

တရားစီရင်ရာတွင် ခုခံချေပခွင့်ရှိရမည်။ အယူခံပိုင်ခွင့်ရှိရမည်။ စွပ်စွဲခံရသူတိုင်းကို ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝပေးရမည်။ စီရင်ဆုံးဖြတ်သည့် အမိန့်တိုင်းကို ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်၊ အယူခံခွင့် ပေးရမည်ကို လက်တွေ့လုပ်ငန်းခွင် နယ်ပယ်တွင် ထာဝရတည်တံ့နေအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သည်။

"ပြစ်မှုကျူးလွန်သူ ၁၀ ယောက် အမှုမှလွတ်ချင်လွတ်သွားပါစေ၊ ပြစ်မှုကျူးလွန်ခြင်းမရှိသူ တစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်း မပြုမိပါစေနှင့်" ဥပဒေဆိုရိုးစကားရှိသည်။ ဤသည်မှာ ပြစ်မှုကျူးလွန် ခြင်းမရှိသူတစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်းမပြုမိဖို့ လွန်စွာမှအရေးကြီးသည်ကို ပေါ်လွင်စေရန် ပမာပြု၍ ဆိုရိုးစကား ပြုထားခြင်းဖြစ်သည်။ အမှန်တကယ် ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို အပြစ်မှ မလွတ်သွားစေလိုပါ။ ပြစ်မှုကျူးလွန်ခြင်းမရှိသူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမျိုး မပြုမိကြစေလိုပါ။ ဤသည်ကို ဥပဒေနှင့်အညီ ပြည့်ပြည့်ဝဝချေပခွင့်၊ အယူခံပိုင်ခွင့်ရှိခြင်းတို့ဖြင့် တားဆီးကာကွယ်သွားနိုင်သည်။ ဤသို့ဖြင့် "အမှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိရေး" အခြေခံမူသည် ထာဝစဉ်ရှင်သန်နေစေလိုကြောင်းပါ။

- **ဥပဒေနှင့်အညီခုခံချေပခွင့် ရရှိနိုင်ကြပါစေ၊**
- **ဥပဒေနှင့်အညီ အယူခံခွင့် ကျင့်သုံးနိုင်ကြပါစေ၊**
- **တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ ထာဝစဉ်ရှင်သန်နိုင်ပါစေ။ ။**

ကြေးမုံ
မေ ၁၂၊ ၂၀၁၉



## တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဓာတ်အားခွဲရုံဖွင့်ပွဲတက်ရောက်

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဖလံကျင်း ဓာတ်အားခွဲရုံ (၃၃/၁၁ KV,5MVA) နှင့် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းဘေးရှိ ဖလံကျင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဖလံကျင်းဓာတ်အားခွဲရုံတွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများက ဖလံကျင်းဓာတ်အားခွဲရုံကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဖလံကျင်းဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့်အတူ 33KV ဓာတ်အားလိုင်း ၇ ဒသမ ၆ မိုင်တည်ဆောက်ခြင်း၊ 11KV ဓာတ်အားလိုင်း ၂၃ ဒသမ ၇၄ မိုင်နှင့် ၁၁/၀ ဒသမ၄ KV,(200)KVA ထရန်စဖော်မာ ၂၂ လုံးတည်ဆောက်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကရင်စာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ မေ ၁၁**

ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းက ကြီးမှူးကျင်းပသော(၄၉)ကြိမ်မြောက် ကရင်စာပေနှင့်ယဉ်ကျေးမှုဆရာဖြစ်(နည်းပြ) သင်တန်းဆင်းပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ဆရာဖြစ်သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ "မည်သည့်လူမျိုးမဆို ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စတာတွေက မရှိမဖြစ်လိုအပ်တယ်။ ရှိခဲ့တဲ့ဟာကိုလည်းထိန်းသိမ်းဖို့လိုတယ်။ အနာဂတ်လူငယ်တွေရဲ့ ဦးနှောက်ထဲမှာ အမျိုးသားရေး၊ တိုင်းပြည်အရေး၊ ဒေသအရေးတွေကို စွမ်းစွမ်းတမံနဲ့ ထိန်းသိမ်းနိုင်အောင်လို့ ရည်ရွယ်ပြီးတော့ ဒီဆရာဖြစ်သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်တယ်" ဟု ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအေးမြက ပြောသည်။

ဆရာဖြစ် သင်တန်းဆင်းပွဲတွင် ယဉ်ကျေးမှုထူးချွန်ဆုများ၊ စာပေထူးချွန်ဆုများ၊ အိပ်ဆောင်စည်းကမ်းအကောင်းဆုံးဆုများ၊ စစ်ရေးပြဆုများ၊ သင်တန်းသား သင်တန်းသူ စံပြဆုများကို ပေးအပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆရာဖြစ်(နည်းပြ)သင်တန်းတွင် စကောကရင် နှစ်ဘာသာနှင့် ပိုးကရင် တစ်ဘာသာတို့ကို မတ် ၂၉ ရက်မှ မေ ၁၁ ရက်ထိ ၁၃ ရက်ကြာ သင်ကြားပို့ချပေးခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ထိုင်းနိုင်ငံ မဲဆောက်ဒေသတို့မှ သင်တန်းသား သင်တန်းသူ ၄၉၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**



## စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုး



**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီး တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A Bank တို့က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးစရိတ်ချေးငွေချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဂျပန်နိုင်ငံသို့ မြန်မာ့လျှော်ဖြူတင်ပို့ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ပွေးကိုင်းပင်ကို ဆေးဝါးအဖြစ်အသုံးပြု၍ နိုင်ငံခြားတင်ပို့ရန် ကြိုးစားနေကြောင်း၊ နှမ်းနက်ကို မြန်မာနိုင်ငံမှ အဓိကတင်ပို့၍ နှမ်းဖြူကို အာဖရိကနိုင်ငံက တင်ပို့နေကြောင်း၊ A Bank အနေဖြင့် တောင်သူဖွံ့ဖြိုးရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယခုနှမ်းစိုက်ရာသီတွင် စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန်အတွက် ကျပ်သိန်း ၁၆၀၀ ကျော်အားလည်းကောင်း၊ စိုက်ပျိုးစရိတ် လုပ်သားငှားရမ်းခအနေဖြင့် ကျပ်သိန်း ၈၀၀၀ ကျော်အားလည်းကောင်း စုစုပေါင်းကျပ်သိန်း ၉၆၀၀ ကျော်အား စိုက်ပျိုးချိန်အချိန်မီထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေကို တန်ဖိုးရှိရှိ အသုံးပြုမှသာ ချေးပေးသည့် ABank အနေဖြင့်လည်းကောင်း၊ တောင်သူအကျိုးအတွက် ဆောင်ရွက်ပေးနေသော အခြား NGO များ လုပ်ဆောင်ရကျိုးနပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဒု-တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးက တိုင်းဒေသကြီးအနေဖြင့် နှမ်း၊ မြေပဲ၊ ကော်ဖီ၊ ပဲတီစိမ်း၊ စပါး၊ သခွားမွှေး၊ ကြက်သွန်နီ၊ သရက်သီးနှံတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူအစုအဖွဲ့ဖြင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်လာနိုင်ခြင်းကြောင့် ပြည်ပတင်ပို့ရန် အခွင့်အလမ်းများရရှိလာကာ ဈေးကွက်ခိုင်မာစေပြီး DOA, NAG ပညာပေးမှု၊ ပံ့ပိုးမှုဖြင့် စိုက်ပျိုးနည်းစနစ်များ တိုးတက်လာသည့်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှု အားကောင်းလာကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A Bank တို့မှ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးစရိတ်ချေးငွေချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုင်းဒေသကြီးတွင် စိုက်ပျိုးသီးနှံများအနေဖြင့် ဆီထွက်သီးနှံ၊ နှံစားသီးနှံ၊ ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြပြီး ဆီထွက်သီးနှံကို အဓိကထားစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းသီးကို ဓာတုဓာတ်ကြွင်းကင်းစင်သော အရည်အသွေးကောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ NAG အဖွဲ့နှင့် နတ်မောက်၊ မကွေး၊ မင်းဘူး၊ မင်းလှမြို့နယ်လေးခုတွင် ဧက ၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး အရည်အသွေးကောင်း နှမ်းနက်ကို ဂျပန်နိုင်ငံသို့ ၇၁ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အရည်အသွေးကောင်းနှမ်းသီးနှံ စိုက်ပျိုးပြသခြင်းဖြင့် တောင်သူများမှ ပိုမိုစိတ်ဝင်စားလာပြီး ၂၀၁၈-၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် မြို့နယ် ၂၅ မြို့နယ်၊ အုပ်စု ၁၅၆ အုပ်စုမှ တောင်သူပေါင်း ၇၃၇၉ ဦး ပါဝင်ကာ စိုက်ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး သဘာဝဘေးကြောင့် ဧက ၇၀၀၀ ကျော်ပျက်စီးခဲ့ရာ ဧက ၁၅၀၀၀ ခန့်ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး ၈၈ တန် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းနိုင်ဦး(ဇဗဲ)**

## ပဲခူးမြို့တွင် ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်း ဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၁၁**

ပဲခူးမြို့နယ် ကလိကျေးရွာအနီးရှိ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမတွင် မေ ၁၀ ရက် နံနက် ၉ နာရီက ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းသည် ရေချိုငါးများ စဉ်ဆက်မပြတ် စားသုံးသူများပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများသည်လည်း စားသုံးသူများ ဘေးဥပဒ်မဖြစ်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းသော ရေထွက်ကုန်ပစ္စည်းများဖြစ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် သုတေသနလုပ်ငန်း၊ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်း၊ အခြားသောလိုအပ်သည့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်သော ပဲခူးတိုင်းဒေသကြီး၏ ပင်မအရင်းအမြစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က ပြောသည်။

ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမသည် အလျားပေ ၈၀၊ အနံ ၃၅ ပေ၊ အမြင့် ၂၃ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းသည် အလျားပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ချန်ပီယံလိဂ် ၁၂၅ ဂိုးမြောက်သွင်းဂိုး စီရိုနယ်လ်ဒိုစံချိန်တင်သွင်းယူနိုင်ခဲ့




ဂျူဗင်တပ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အေဂျက်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ပထမအကျော့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ပွဲကစားချိန် ၄၅ မိနစ်မှာ ဂျူဗင်တပ်အသင်းအတွက် ခေါင်းတိုက်သွင်းယူခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီသွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအတွက် ချန်ပီယံလိဂ်သွင်းဂိုး ၁၂၅ ဂိုးမြောက်သွင်းဂိုးဖြစ်ပြီး သူ့ရဲ့ကစားသမားဘဝမှာ ချန်ပီယံလိဂ်ဆုဖလားငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အေဂျက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၆ မိနစ်မှာ နီရက်စ်က သွင်းယူပေးခဲ့တာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကိုတော့ ဧပြီ ၁၆ ရက်မှာ ဂျူဗင်တပ်အသင်းရဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ခဲ့ရာမှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီနောက်ပိုင်း ပထမဆုံးပြန်လည်ပါဝင်ကစားခဲ့တာလည်း ဖြစ်ပါတယ်။

ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားတွေကို ကြည့်မယ်ဆိုရင်တော့ စီရိုနယ်လ်ဒိုဟာ မန်ယူ၊ ရီးယဲလ်နဲ့ အခုဂျူဗင်တပ်အသင်းတို့နဲ့အတူ ၁၂၅ ဂိုး၊ လီယွန်နယ်မက်ဆီက ဘာစီလိုနာအသင်းနဲ့အတူ ၁၀၈ ဂိုး၊ ရာအူးလ်က ရီးယဲလ်မက်ဒရစ်၊ ရှော်လ်ကေးအသင်းတို့နဲ့ အတူ ၇၁ ဂိုး၊ ဘင်ဇီမာက လိုင်ယွန်၊ ရီးယဲလ်မက်ဒရစ်တို့နဲ့အတူ သွင်းဂိုး ၆၀၊ ဗန်နစ္စတယ်ရွိုင်းက ပီအက်စ်ဗွီ၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ်တို့နဲ့အတူ ၅၆ ဂိုး၊ လီဝန်ဒေါ့စကီးက ဒေါ့မွန်၊ ဘိုင်ယန်မြူးနစ်တို့နဲ့အတူ ၅၃ ဂိုး၊ ဟင်နရီက မိုနာကို၊ အာဆင်နယ်၊ ဘာစီလိုနာတို့နဲ့အတူ သွင်းဂိုး ၅၀၊ ရက်ဗ်ချန်ကိုက အေစီမီလန်၊ ချယ်လ်ဆီး၊ ဒိုင်နမိုကိဗ်တို့နဲ့အတူ ၄၈ ဂိုး၊ အီဘရာဟီမိုဗစ်က အေဂျက်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီတို့နဲ့အတူ ၄၈ ဂိုး၊ ဖိလစ်ပီအင်ဇာဂီက ဂျူဗင်တပ်၊ အေစီမီလန်တို့နဲ့အတူ ၄၆ ဂိုး စသဖြင့် အသီးသီးသွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဂျူဗင်တပ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ သွင်းဂိုး ၁၂၅ ဂိုးနဲ့ ချန်ပီယံလိဂ်သမိုင်းမှာ ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။

# ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့တဲ့ ကော်စတာ ရှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရ

အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့တာကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ အသက် ၃၀ အရွယ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒီယေဂိုကော်စတာဟာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ လာလီဂါပွဲစဉ်မှာ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

တိုက်စစ်မှူးကော်စတာဟာ ကွင်းလယ်ဒိုင်ကို စော်ကားသလိုဖြစ်ခဲ့တာကြောင့် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမယ့်ပြစ်ဒဏ်လွတ်မြောက်ရန် လျှောက်လဲချက်တင်ခဲ့ပေမယ့် ကွင်းလယ်ဒိုင်ရဲ့လက်မောင်းကိုပါ ဆွဲခဲ့တာကြောင့် အရင်ချမှတ်မယ့်လေးပွဲပယ်ပြစ်ဒဏ်အပြင် နောက်ထပ်လေးပွဲထပ်မံအပယ်ခံခဲ့ရတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ လက်ရှိစပိန်လာလီဂါအမှတ်ပေးဇယားမှာ ထိပ်ဆုံးက ဘာစီလိုနာနဲ့ ၁၁ မှတ်အကွာနဲ့ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပြီး ကစားရန်လည်း ခုနစ်ပွဲသာ ကျန်တော့တာကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရတဲ့ တိုက်စစ်မှူးဒီယေဂိုကော်စတာဟာ ရာသီကုန်အထိ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ပါဝင်ကစားခွင့်ရတော့မှာမဟုတ်တော့ပေ။



## ဘောလုံးလောကသတင်းတိုများ

- ❖ **မန်ယူအသင်းသည် အသက် ၂၄ နှစ်အရွယ်ရှိ စပို့တင်းလစ္စဘွန်းနှင့် ပေါ်တူဂီအသင်းတို့၏ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**
- ❖ *ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ဘောလုံးရာသီအတွက် ထည့်သွင်းစဉ်းစားထားခြင်းမရှိသဖြင့် ဂါရတ်ဘေးလ်အနေဖြင့် လာမည့်ရာသီအတွက် အသင်းသစ်တစ်သင်းရှာဖွေရမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း သို့မဟုတ် မန်ယူအသင်းကို ရွေးချယ်ရန် ခွင့်ပြုလိမ့်မည်ဖြစ်ကြောင်း သိရသည်။*
- ❖ **မန်ယူကွင်းလယ်ကစားသမား မာတာသည် အနာဂတ်ကို မန်ယူအသင်းတွင်သာ ကုန်ဆုံးရန် ဆုံးဖြတ်ထားသော်လည်း အခြားကလပ်အသင်းများက မာတာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**
- ❖ *မန်စီးတီးအသင်း၊ မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဆာအူးလ်နီဂွက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။*
- ❖ **လက်စတာစီးတီးအသင်းက တိုက်စစ်မှူးဗာဒီအား ထောက်ပံ့ပေးနိုင်မည့် တိုက်စစ်မှူးတစ်ဦးကို ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူမည်ဟုဆိုသည်။**

# အေဂျက်တိုက်စစ်မှူး ဒေးဗစ်နီရက်စ်အား လီဗာပူးအသင်း ခေါ်ယူရန် စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ နယ်သာလန်ကလပ် အေဂျက်အသင်းမှ တိုက်စစ်မှူး ဒေးဗစ်နီရက်စ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

နီရက်စ်ဟာ နယ်သာလန်ဘောလုံးလောကမှာ အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းကလည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် ဂျာဒန်ဆန်ချိုကို ဆုံးရှုံးရမည်ဆိုပါက ဒေးဗစ်နီရက်စ်ကို ခေါ်ယူမယ်လို့ဆိုပါတယ်။

ဒါ့အပြင် ပီအက်စ်ဂျီအသင်းကလည်း အဆိုပါကစားသမားအား ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ နဲ့ ခေါ်ယူဖို့ စီစဉ်နေပါတယ်။

တိုက်စစ်မှူး ဒေးဗစ်နီရက်စ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ရှစ်ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်ထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိမှာ လီဗာပူးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် တရားဝင်ကမ်းလှမ်းထားခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ငွေကြယ် - ရေးသားသည်


# မန်ယူအသင်းက ပီအက်စ်ဂျီကိုနိုင်ခဲ့တာကို ဘာစီလိုနာရဲ့စိတ်ထဲမှာရှိနေလိမ့်မယ်လို့ ပေါ့ဘာပြောကြား

မန်ယူအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီလို ရှုံးနိမ့်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းကို ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှာ ရှုံးနိမ့်ပြီး ဒုတိယအကျော့သွင်းဂိုးတွေနဲ့အတူ မန်ယူအသင်း ကွာတားဖိုင်နယ်တက်လှမ်းနိုင်ခဲ့တာကို ဘာစီလိုနာရဲ့ စိတ်ထဲမှာရှိနေလိမ့်မယ်လို့ ယုံကြည်ကြောင်း မန်ယူအသင်းကွင်းလယ်ကစားသမား ပေါ့ဘာက သူ့ရဲ့ယုံကြည်ချက်ကို ပြောပါတယ်။

မန်ယူအသင်းဟာ ၁၆ သင်းအဆင့် ပထမအကျော့မှာ ပီအက်စ်ဂျီအသင်းကို နှစ်ဂိုးပြတ်ရှုံးပြီး ဒုတိယအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိကာ အဝေးဂိုးနဲ့ ကွာတားတက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပေါ့ဘာက ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ကွာတားဖိုင်နယ်ပထမအကျော့အပြီးမှာ အထက်ပါအတိုင်းပြောခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၁၂ မိနစ်မှာ မန်ယူနောက်ခံလုခ်ရှောရဲ့ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ရာက ရရှိခဲ့တာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကိုတော့ ဧပြီ ၁၆ ရက်မှာ ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။



# မန္တလေးမြို့တွင် မဟာသင်္ကြန်ပွဲတော်အတွက် ဆန်းသစ်တီထွင်သော အခင်းအကျင်းများဖြင့် ကြိုတင်ပြင်ဆင်

**မန္တလေး ဧပြီ ၁၁**

မန္တလေးမြို့တွင်ကျင်းပမည့် သင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်ကြမည့် ခရီးသွားများပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဆန်းသစ်တီထွင်သော အခင်းအကျင်းများဖြင့် ယခုရက်ပိုင်းများတွင် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြင်ဆင်မှုများအနက် ကျုံးတောင်ဘက်ခြမ်းတွင် တည်ဆောက်ထားသည့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ရေကစားမဏ္ဍပ်များအား ဆန်းသစ်သော ဒီဇိုင်းပုံစံများဖြင့် တည်ဆောက်ပြင်ဆင်ထားသည့်အပြင် မြန်မာ့လက်မှု ပညာရပ်ဖြင့် တီထွင်ဖန်တီးထုတ်လုပ်ထားသည့် အရုပ်အမျိုးမျိုးကိုလည်း ချိတ်ဆွဲအလှဆင်ထားရှိကာ လမ်းလျှောက်သင်္ကြန်ပွဲတော်အထိမ်းအမှတ် မုခ်ဦးဆိုင်းဘုတ်များကိုလည်း ဒီဇိုင်းသစ်ဖြင့် ရေးဆွဲစိုက်ထူထားရှိသည်။

ထို့ပြင် ကျုံးအနောက်ဘက်ခြမ်းတွင် ပါဝင်ဆင်နွှဲကြမည့် ရေကစားမဏ္ဍပ်ကြီးများကိုလည်း ဒီဇိုင်းပုံစံ အမျိုးမျိုးဖြင့် ဆောက်လုပ်ထားကြပြီး မန္တလေးသင်္ကြန်အထိမ်းအမှတ် မြို့မငွေ့ငန်းအလုပြယာဉ်ကြီးကလည်း အားမာန်တဝင့်ဝင့်ဖြင့် လှည့်လည်သီဆိုရန် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည့်အပြင် ဆန်းသစ်သောဒီဇိုင်းပုံစံများဖြင့် အဆင့်မြှင့်တင်ပြုပြင်မွမ်းမံထားသည့် ကျုံးအရှေ့ဘက်ခြမ်း လျှောက်လမ်းကိုလည်း သင်္ကြန်ပွဲတော်အမီ ဖွင့်လှစ်သွားမည်ကြောင်း သိရသည်။

အဆိုပါ ဆန်းသစ်တီထွင်သော အခင်းအကျင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများသည် မန္တလေးသင်္ကြန်ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ လာရောက်ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိနေပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**





# မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော် ဝတ်စုံပြည့်လေ့ကျင့်

**မန္တလေး ဧပြီ ၁၁**

၁၃၈၀ ပြည့်နှစ် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်ပွဲကို ဧပြီ ၁၁ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ စည်ပင်သာယာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်အားပေးကြသည်။

အစမ်းလေ့ကျင့်ပွဲတွင် မန္တလေးမြို့မိမြို့ဖ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် ပါမောက္ခချုပ်များက မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေခြင်းနှင့် ငြိမ်းချမ်းရေးအမှတ်အသားဖြစ်သော အဖြူရောင်ချိုးငှက်ပုံပါ အပြာရောင်မိုးပျံဘောလုံးများလွှတ်တင်ခြင်း၊ မန်းစည်ပင်ယိမ်းအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) ယိမ်းအဖွဲ့ကျောင်းသူအင်အား ၅၀၀ မှ ကပြဖျော်ဖြေခြင်း၊ ဖွင့်ပွဲအထိမ်းအမှတ်ခရုသင်းမှုတ်၊စည်တော်ရွှမ်းခြင်း၊ အဆိုတော်များက သင်္ကြန်သီချင်းများသီဆိုခြင်း၊ ယိမ်းအကအလှုများဖြင့် ဖျော်ဖြေခြင်းများ လေ့ကျင့်ကြသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို ဧပြီ ၁၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မန္တလေးမြို့ဂုဏ်ဆောင် မြို့မငွေ့ငန်းအလှုပြယာဉ်က ဦးဆောင်ကာ မန္တလေးတက္ကသိုလ်ကိုယ်စားပြု တမာနန်းအလှုပြယာဉ်၊ မန္တလေးတိုင်းဒေသကြီးရှိ ခရိုင်များမှ အလှုပြယာဉ်များ၊ သံချပ်အဖွဲ့များပါဝင်ကာ ကျောက်ဆည်ဆင်အကအဖွဲ့များကလည်း ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆင်နွှဲမည်ဖြစ်သည်။ မန္တလေးမြို့သူမြို့သားများအနေဖြင့် ဖွင့်ပွဲအခမ်းအနားပါဝင်ဆင်နွှဲရန် ကျင်းပရေးကော်မတီက ဖိတ်ခေါ်ထားသည်။ **မောင်ပြည်သူ (မန္တလေး)**

# တွံတေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**တွံတေး ဧပြီ ၁၁**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ပြည်သူလူထု စိတ်ချမ်းမြေ့စွာပါဝင်ဆင်နွှဲနိုင်ရေး၊ ရပ်ကွက်၊ ဌာနဆိုင်ရာအလိုက် သင်္ကြန်ယိမ်းအကအလှုများ၊ လမ်းလျှောက်သင်္ကြန်များ၊ ရေပက်မဏ္ဍပ်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့၌ ဧပြီ ၁၃ ရက် ညနေမှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း လမ်းမကြီးများတွင် စနစ်တကျသွားလာရေး၊ ဗဟိုမဏ္ဍပ်လမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ လုံခြုံရေးကို စနစ်တကျထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးဗဟိုမဏ္ဍပ်ကို အုန်းပင်စုရပ်ကွက်နှင့် မင်းပိုင်းရပ်ကွက် ထိစပ်နေရာ မင်းရဲကျော်စွာလမ်း နာရီစင်အနီးတွင် ထားရှိမည်ဖြစ်ပြီး မဟာသင်္ကြန်ကာလအတွင်း နံနက်ပိုင်း၊ ညနေပိုင်း၊ ညပိုင်းများတွင် ရပ်ကွက်၊ ဌာနများရှိ သင်္ကြန်ယိမ်းအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများ၊ ယိမ်းအကအလှုများနှင့် တေးဂီတဖျော်ဖြေရေးပွဲများ ပါဝင်မည်ဖြစ်ကာ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရှမ်းရိုးရာသဲပုံစေတီပွဲ၊ ငါးလွှတ်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲများ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး )**

# ထားဝယ်မဟာသင်္ကြန်ပွဲတော် သုံးရက်စော၍ ရေကစား

**ထားဝယ် ဧပြီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ တစ်မူထူးခြားနေသည်ကို တွေ့ရသည်။

နှစ်သစ်ကူးရေကစားမှုကိုတစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်သင်္ကြန်အကြိုနေ့ (ဧပြီ ၁၃ ရက်) မှ စတင်၍ ရေပက်ခြင်း၊ ရေပက်ခံထွက်ခြင်းများရှိကြသော်လည်း ထူးခြားမှုမှာ ထားဝယ်မြို့၌ ကလေးသင်္ကြန်ဟူ၍ ဧပြီ ၁၁ ရက် နံနက်ပိုင်းမှစ၍ ရေကစားကြသည်။

ရပ်ကွက်၊ ကျေးရွာများအလိုက် ကလေးများ၊ လူငယ်လူရွယ်များသည် အိမ်ရှေ့နှင့်လမ်းနံဘေးများတွင် အုန်းခက်၊ အုန်းလက်များဖြင့် မဏ္ဍပ်များသဖွယ် ဆောက်လုပ်ကြပြီး သင်္ကြန်သီချင်းများဖြင့် ပျော်ရွှင်စွာ ရေကစားကြသည်။

ကလေးများ၊ လူငယ်လူရွယ်များ ပျော်ရွှင်စွာဖြင့် ရေပက်ကစားခြင်းကို ထားဝယ်ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေဖြင့် သုံးရက်စော၍ ပျော်ရွှင်အေးချမ်းစွာ ရေကစားကြသည်မှာ ထားဝယ်မြို့၏ အစဉ်အလာဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



# သန်လျင်မြို့နယ် မြန်မာ့ရိုးရာသင်္ကြန် စည်ကားစွာကျင်းပမည်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ မြန်မာ့ရိုးရာအစဉ်အလာမပျက် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဆပ်ကော်မတီများဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် သန်လျင်မြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြို့နယ်စည်ပင်ရုံးအနီးတွင် ဗဟိုမဏ္ဍပ်ဆောက်လုပ်လျက်ရှိပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲ၊ နိုင်ငံကျော်ဂီတအနုပညာရှင်များ၏ တေးဂီတဖျော်ဖြေပွဲ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ဖြစ်မြောက်ရေးအတွက် စီစဉ်လျက်ရှိသည်။

သင်္ကြန်ရက်များအတွင်း စတုဒိသာကျွေးမွေးလှူဒါန်းသွားမည်ဖြစ်သည်။ သန်လျင်မြို့နယ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သံချပ်ခြောက်ဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်ယိမ်း ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

# တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရေကြည်မြို့နယ်တွင် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်



**ရေကြည် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ၂၀၁၈-၂၀၁၉ ခုနှစ် မိန်းဘတ်ဂျက် ဒုတိယ ၁၂ လ ဘတ်ဂျက် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ရင်းရှည်အုပ်စု၊ ကညင်ငူအုပ်စုတို့တွင် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်နေကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော် ပြောပြ၍ သိရသည်။

မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြစ်ကမ်းနှင့်တာ ဗဟို အကွာအဝေးသည် ပေ ၇၀ မှ ပေ ၁၀၀ အတွင်း တည်ရှိနေခြင်း၊ မြစ်ကြောင်းသည် (ဂငယ်)ပုံစံဖြစ်နေသောကြောင့် ကမ်းပြိုကမ်းစားမှုများ နှစ်စဉ်ဖြစ်ပေါ်နေခြင်းတို့ကို ကာကွယ်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကမ်းထိန်းတန်း ဆောင်ရွက်ရာတွင် သစ်မာမျော လေးပေအကျယ်၊ ခြောက်ပေအမြင့် ကမ်းထိန်းတန်းရိုက်၍ လေးပေ အမြင့် ၆"×၉" ကျောက်ကြီးဖြည့်ခြင်း၊ နှစ်ပေအမြင့် ကိုင်းစည်းရိုးအုပ်ခြင်းတို့ကို ဝေနတာမိုင် (၅၁/၁)မှ (၅၁/၂) အတွင်း ရင်းရှည်ကျေးရွာအနီး၌ အလျား ပေ ၆၀၀ နှင့် ဝေနတာမိုင် (၅၅/၃) မှ (၅၅/၄) အတွင်း၊ ကညင်ငူကျေးရွာအနီး၌ အလျားပေ ၆၅၀ ဆောင်ရွက်နေကြောင်း ဦးစီးအရာရှိ ဦးဝင်းမော်ထံမှ သိရသည်။

ကမ်းပြိုကမ်းစားမှုများ လျော့နည်းသက်သာစေရန်၊ တာတမံအနီး ဝန်းကျင်နှင့် မြစ်ကမ်းဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ပေးနိုင်ရန်နှင့် ဧပြီ ၂၅ ရက်မတိုင်မီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**



# ငါန်းဇွန်မြို့နယ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှု

**ငါန်းဇွန် ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဧရာဝတီမြစ်ကမ်းဘေးရှိ ဆင်တပ်ကျေးရွာအုပ်စု ရဲပဒိုင်းကျေးရွာတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကမ်းပြိုကာကွယ်ရေး မြစ်ကမ်းထိန်းနံရံလုပ်ငန်းအား ဧပြီ ၉ရက် နံနက် ၁၀ နာရီ ၄၅မိနစ်က ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်လှိုင်နှင့်အတူ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၅) တာဝန်ရှိသူများက ကွန်ကရစ်ပိုင်အခြေပြုကျောက်စီတမံလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များက အရည်အသွေးကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ကမ်းပြိုကာကွယ်ရေး မြစ်ကမ်းထိန်းနံရံ ကွန်ကရစ်ပိုင်အခြေပြု ကျောက်စီတမံအလျား ၃၇၅ ပေ အသစ်တည်ဆောက်ခြင်းနှင့် ယခင်တည်ဆောက်ပြီးဖြစ်သော အလျားပေ ၄၀အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဖြစ်သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# မော်လမြိုင်ကျွန်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး စစ်ဆေး

**မော်လမြိုင်ကျွန်း ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်အတွင်း ဝင်/ထွက်သွားလာလျက်ရှိသော ယာဉ်မျိုးစုံတို့အား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးပြီး ယာဉ်မျိုးစုံတို့အား စစ်ဆေးဆောင်ရွက်ကြသည်။

ယင်းပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ယာဉ်စစ်ဆေးရာတွင် မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်၊ လုပ်ငန်းယာဉ်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် အဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့တို့က ဧပြီ ၁၀ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့အဝင် ရွှေကျွန်းဇရာ အဝေးပြေးယာဉ်ရပ်နားစခန်းရှေ့နှင့် မြို့အဝင် ဂျုံးဂျုံးဂျဂိတ်တို့မှနေပြီး ယာဉ်မျိုးစုံတို့အား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ယာဉ်မျိုးစုံ စစ်ဆေးခြင်းများကို မဟာသင်္ကြန်အကြိုကာလဖြစ်သော ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ မော်လမြိုင်ကျွန်းမြို့ အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မယ်စဲ့မြို့နယ်တွင် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မယ်စဲ့ ဧပြီ ၁၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျေးရွာများအရောက် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၉ ရက်နံနက်က လမ်းဆုံကျေးရွာ ခနီးမဆောင်တွင် ဆေးကုသမှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

နယ်လှည့်ဆေးကုသခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ၄က်ဖျား၊ တီဘီရောဂါစစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများကုသပေးခြင်းလုပ်ငန်းများကို လူနာ ၃၈ ဦး အား အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပြီး သားဖွားဆရာမဒေါ်ငေးဆောင်းက အာဟာရအကြောင်းသိကောင်းစရာများကို အသိပညာပေးဟောပြောခြင်း၊ နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲဆုချီးမြှင့်

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဧပြီ ၁၀ရက် နံနက် ၁၀နာရီက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၅ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၅ ဦးအနက် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဲစုစုလွင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### ကသာမြို့တွင်ဆူညံဆိုင်ကယ်အိပ်ဇောများ လမ်းကြိတ်စက်ဖြင့် ဖျက်ဆီး

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဆူညံဆိုင်ကယ်အိပ်ဇောများကို လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ကသာမြို့ စည်ပင်သာယာရုံးရှေ့ လမ်းမတော်လမ်းမကြီးပေါ်တွင် ဧပြီ ၁၀ ရက် နံနက် ၈ နာရီက လွှတ်တော်ကိုယ်စားလှယ်ဦးညီညီထွန်း၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သိမ်းဆည်းထားသော ဆူညံအိပ်ဇော ၁၃၂ ခုအားလမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း၌လည်း ပြည်သူများ စိတ်ချမ်းသာစွာပျော်ရွှင်နိုင်ရေးအတွက် ဆူညံအိပ်ဇောတပ် ဆိုင်ကယ်များကိုဖမ်းဆီးကာ သင်္ကြန်ကာလပြီးဆုံးမှ ထိုက်သင့်သောပြစ်ဒဏ်ချမှတ်ပြီးမှသာပိုင်ရှင်အား ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**


### ယာဉ်ရပ်နားကောက်ခံခွင့်နေရာများ မန္တလေးမြို့တွင် ဖျက်သိမ်း

**မန္တလေး**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၇ ရက်မှစတင်ပြီး မန္တလေးမြို့တွင်း လမ်းမကြီးများတွင်ကောက်ခံနေသည့် ယာဉ်ရပ်နားကန့်သတ်ကောက်ခံခွင့်ပြုသောလေလံနေရာ ခုနစ်နေရာလုံးကို ဖျက်သိမ်းပေးခဲ့သည်။

ယာဉ်ရပ်နားကန့်သတ်ကောက်ခံခွင့် ဖျက်သိမ်းသောနေရာများမှာ မန္တလေးမြို့တွင်းဧရိယာ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၂၇ လမ်းမှ ၃၃လမ်းအထိ၊ ၈၂လမ်း၊ ၂၆လမ်းမှ လမ်း ၃၀အထိ၊ ၈၃လမ်း ၂၆ လမ်းမှ လမ်း ၃၀ အထိ၊ ၈၄ လမ်း၊ ၂၆ လမ်းမှ ၂၈ လမ်းအထိ၊ ၂၆ လမ်း၊ လမ်း ၈၀ မှ ၈၄ လမ်းအထိ၊ ၃၅ လမ်း၊ လမ်း ၈၀ မှ ၈၄ လမ်းအထိ၊ လမ်း ၃၀၊ ၇၄ လမ်းမှ ၇၈ လမ်းအထိ ဆေးရုံကြီးရှေ့တို့ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယာဉ်ရပ်နားကန့်သတ်လေလံမှ တစ်နှစ်လျှင် ကျပ်သိန်း ၁၅၀၀ ကျော်ရရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သပြေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ မူခင်းအသိပညာပေးဟောပြောပွဲကို ဧပြီ ၈ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့၊ ဖားကူးနယ်မြေရဲကင်းစခန်း ရဲကင်းစခန်းမှူး ဒုရဲအုပ် ဝင်းဇော်ထွန်းက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်လျင်(ပြန်/ဆက်)**

## Rush Hour 4 မှာ ပါဝင်ထားခြင်းမရှိကြောင်း ဂျက်ကီချန်း ပြောကြား

မင်းသားကြီး ဂျက်ကီချန်းဟာ " Rush Hour 4 " ရုပ်ရှင်သစ်မှာ ပါဝင်ထားတယ်လို့ ဝေဖန်ခံခဲ့ရပြီးတဲ့နောက် လတ်တလောမှာတော့ ဒီသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း ဂျက်ကီချန်းက ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဂျက်ကီချန်းဟာ " Rush Hour " ဇာတ်လမ်းတွဲတွေမှာ အတူတွဲဖက်ပါဝင်ထားတဲ့ မင်းသား ခရစ်တက်ကာနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်လာခဲ့ပြီးနောက် ပရိသတ်တွေက ဂျက်ကီချန်းအနေနဲ့ " Rush Hour 4 " မှာ ပါဝင်ထားတာဖြစ်ကြောင်း ဝေဖန်ခဲ့ကြတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ ဂျက်ကီချန်းဟာ အသက် ၆၅ နှစ် ပြည့်ခဲ့တာဖြစ်ပါတယ်။ ဂျက်ကီချန်းရဲ့မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ခရစ်တက်ကာက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဂျက်ကီချန်းနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပြီး မွေးနေ့ဆုတောင်းပေးခဲ့တာပါ။ ဒီဓာတ်ပုံမှာ ဂျက်ကီချန်းနဲ့ ခရစ်တက်ကာတို့နှစ်ဦးစလုံး လက်လေးချောင်းထောင်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ပရိသတ်တွေက ဂျက်ကီချန်းအနေနဲ့ " Rush Hour 4 " မှာ ပါဝင်ထားတယ်လို့ အထင်ရောက်ခဲ့ပေမယ့် မင်းသားကြီးကတော့ ပါဝင်ထားခြင်းမရှိကြောင်း သူ့ရဲ့ အေဂျင်စီကနေတစ်ဆင့် တုံ့ပြန်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဂျက်ကီချန်းဟာ " Karate Kid 2 " မှာလည်း ပါဝင်ထားကြောင်း သတင်းတွေထွက်နေပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးလည်း ဂျက်ကီချန်းရဲ့ အေဂျင်စီက မှန်ကန်မှုမရှိကြောင်း တစ်ပါတည်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။






## TWICE ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ရဲ့ မီနီတေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံတွေကို လတ်တလောမှာတော့ ထုတ်ဖော်ပြသလာပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်းစီ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဖြစ်ပြီး ပန်းပွင့်တွေနဲ့အပြိုင် လှနေဟန် ရိုက်ကူးထားတာကိုလည်း သိရပါတယ်။

" TWICE " ဟာ အဖွဲ့ရဲ့ ခုနစ်ခုမြောက် မီနီတေးအယ်လ်ဘမ် "Fancy You" ကိုလာမယ့်ဧပြီ ၂၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ " Fancy You " မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့ အမည်တွေကိုလည်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ဒီမီနီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်း ခြောက်ပုဒ်ပါဝင်သွားမှာပါ။ အဆိုပါတေးသီချင်းတွေကတော့ " FANCY "၊ " Stuck In My Head "၊ " Girls Like Us"၊ "Hot"၊ " Turn It Up " နဲ့ " Strawberry " တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

## ဇာတ်လမ်းတွဲတွေကို ပူးပေါင်းဖန်တီးနေတဲ့ မင်းသားဟယ်ရီနဲ့ အော်ပရာဝင်းဖေး

အက်ပဲအတွက် ရည်ရွယ်ရိုက်ကူးသွားမယ့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွဲတွေကို မင်းသားဟယ်ရီနဲ့ ကျော်ကြားတဲ့ ရုပ်သံကြေယ်ပွင့်တစ်ဦးဖြစ်သူ အော်ပရာဝင်းဖေးတို့ ပူးပေါင်းဖန်တီးနေပြီး ပူးတွဲထုတ်လုပ်သွားကြမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲတွေ ဖန်တီးနေကြောင်းကိုတော့ မင်းသားဟယ်ရီက သူနဲ့ ဇနီးဖြစ်သူ မက်ဂန်မာကယ်တို့ရဲ့ တရားဝင် လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်အသိပေးလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က မင်းသားဟယ်ရီက အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဇာတ်လမ်းတွဲသစ်တွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲတွေကို လွန်ခဲ့တဲ့ လများစွာက စတင်ဖန်တီးခဲ့တာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း စတင်ထုတ်လွှင့်ပေးသွားဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။



## စံချိန်သစ်တင်နိုင်ခဲ့တဲ့ BLACK PINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK" ဟာ မကြာသေးမီက တေးသီချင်းသစ်တစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါတေးဗီဒီယို "Kill This Love" ဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကာ ဒီလိုအောင်မြင်မှုနဲ့အတူ " BLACK PINK " ဟာလည်း စံချိန်သစ်တစ်ခုကို တင်နိုင်ခဲ့ပါတယ်။ အဲဒါကတော့ အဖွဲ့ရဲ့ တေးဗီဒီယို " Kill This Love " ဟာ ပရိသတ် သန်း ၁၀၀ ကို အချိန်အတိုဆုံးနဲ့ပြည့်ခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ကြောင်း စကန့်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက် တွေအရ သိရပါတယ်။

" Kill This Love " တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ နှစ်ရက်နဲ့ ၁၄ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ပြည့်မြောက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုနှစ်ရက်ကျော်ကြာကာလအတွင်း ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တာ " Kill This Love " က ပထမဆုံးဖြစ်တယ်လို့ သိရပါတယ်။

" BLACK PINK " အနေနဲ့ အချိန်အတိုဆုံးနဲ့ ကြည့်ရှုသူ သန်း ၁၀၀ ပိုင်ဆိုင်နိုင်ခဲ့တဲ့ ကေပေ့ါပ်တေးဂီတအဖွဲ့လည်း ဖြစ်လာခဲ့ပါတယ်။ ဒီလိုအဖွဲ့ရဲ့ အောင်မြင်မှုမှတ်တိုင်သစ်အကြောင်းကိုတော့ အေဂျင်စီက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

" Kill This Love " တေးဗီဒီယိုကို ပြီးခဲ့တဲ့သောကြာနေ့က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ထုတ်လွှင့်ပြီးနောက် ၄ နာရီနဲ့ ၁၃ မိနစ်အကြာမှာ ကြည့်ရှုသူပရိသတ် ၁၀ သန်း ပြည့်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် အခြားသောတေးဗီဒီယိုတစ်ခုဖြစ်တဲ့ " DDU-DU DDU-DU" ဟာလည်း လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၇၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။



## နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် အမေရိကန်ကို ရောက်ရှိနေပြီဖြစ်တဲ့ BTS

ကမ္ဘာကျော် ကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ အမေရိကန်မှာ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဧပြီ ၁၃ ရက်မှာ ရုပ်သံအစီအစဉ်မှာလည်း ပါဝင်သွားဖို့ရှိနေပြီး ဧပြီ ၁၀ ရက်မှာတော့ နယူးယော့ခ်ကို ရောက်ရှိခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



လတ်တလောမှာ နယူးယော့ခ်ကို ရောက်ရှိနေတဲ့ "BTS" ကို အမေရိကန်ပရိသတ်တွေက ကြိုဆိုကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ "BTS" ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် " Map of the Soul: Persona "ကို လာမယ့် ဧပြီ ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်သစ်ထွက်ရှိတဲ့အတွက် "Saturday Night Live" ရုပ်သံအစီအစဉ်မှာလည်း ပါဝင်တင်ဆက်သွားမှာဖြစ်ပါတယ်။ "BTS" ရဲ့ ရုပ်သံအစီအစဉ်ကိုတော့ ဧပြီ ၁၃ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

" BTS " ဟာ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် " Map of the Soul: Persona " နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းခုနစ်ပုဒ်ပါဝင်နေတာဖြစ်ပြီး ဒီတေးသီချင်းတွေရဲ့အမည်တွေကို တရားဝင်ထုတ်ပြန်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

အဆိုပါ တေးသီချင်းတွေကတော့ " Intro: Persona "၊ "Boy With Luv"၊ " Mikrokosmos "၊ "Make It Right"၊ " HOME "၊ " Jamais Vu " နဲ့ " Dionysus " တို့ ဖြစ်ကြကြောင်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက်ငွေကျပ် (၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အမည်နှင့် နေရပ် | လှူဒါန်းငွေ |
|---|---|---|
| ၁ | First Yoe Yoe Lay Co.,Ltd ဥက္ကဋ္ဌ ဦးနေထက်သိန်းနိုင်-ဒေါ်မော်မော်လျှံ မိသားစုမှ လှူဒါန်းငွေ | ၁၇၄၆၄၉၀၀ |
| ၂ | ခင်ပွန်းဦးလှဖေ၊ မောင်လေးဦးစိုးညွန့်၊ ညီမလေး မအေးအေးမာတို့အား ရည်စူး၍ ဒေါ်ခင်ခင်ဝင်း မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃ | ဒေါက်တာအေးကိုမြင့်-ဒေါ်ခင်မာမာ | ၁၀၀၀၀၀ |
| ၄ | ဇေယျာဂေဟာမိသားစု၊ ပြင်ဦးလွင် | ၁၀၀၀၀၀ |
| ၅ | မသိုးသင်္ကန်းရက်လုပ်ပူဇော်ရေးအဖွဲ့ ရန်ကုန်မြို့ | ၁၅၀၀၀၀၀ |
| ၆ | ဗိုလ်မှူးဇော်လှိုင်ငွေး(ငြိမ်း)-ဒေါ်မီမီကျော်၊ သားမောင်မောင်မြတ်မိသားစု၊ ရန်ကုန်မြို့ | ၄၀၀၀၀၀ |
| ၇ | ဦးဝင်းနိုင်၊ မုဒုံမြို့ | ၂၀၀၀၀၀ |
| ၈ | ဦးသောင်းစိုး၊ မုံရွာ | ၁၀၀၀၀၀ |
| ၉ | ဦးကော်-ဒေါ်အေး၊ သားဦးကျော်နိုင်၊ ကော့ကရိတ်မြို့ | ၇၀၀၀၀၀ |
| ၁၀ | ဦးအောင်ကျော်မင်း၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၁ | ဒေါ်ခင်ငွေးမော်(ကွယ်လွန်သူဖခင်ကြီး ဦးခင်မောင်ကြည်-မိခင်ကြီးဒေါ်လှတင်)အားရည်စူး၍ သားသမီးမြေးမြစ်တစ်စုကောင်းမှု၊ ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၂ | Grand Royal Group | ၅၄၆၀၀၀၀ |
| ၁၃ | ဦးစိန်ဝင်း-ဒေါ်သင်းသင်းအေး သားမောင်ဘုန်းမြင့်ကျော်နှင့် မောင်ဉာဏ်ဝေလင်း၊မိတ္ထီလာမြို့ (Magic Hotel, Mandalay) | ၁၀၀၀၀၀၀ |
| ၁၄ | (ဦးဘို-ဒေါ်တင်သိန်း) သမီးမပုပု၊ သားကိုထွန်းအောင်အား ရည်စူး၍ မခင်အေးလှ မောင်နှမတစ်စု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၅ | ဒေါ်သွယ်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆ | ဦးထင်အောင်အားရည်စူး၍ဒေါ်ရွှေခဲမိသားစု၊ မုံရွာမြို့ | ၁၀၀၀၀၀ |
| ၁၇ | ဦးအောင်ချမ်းသာမိသားစုနှင့်အဖွဲ့ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈ | Star Space Media Advertising Co.,Ltd၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၉ | ဒေါ်သူဇာဝင်း၊ ဒေါ်မိုးသီတာ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုအောင်နိုင်-မဝင်းဝင်းမော် ပြည့်စုံကျော်ဆန် ရောင်းဝယ်ရေး မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၁ | ဦးမျိုး-ဒေါ်စန်းအေးမိသားစု၊ ကျိုက်ထိုမြို့ | ၁၂၅၀၀၀ |
| ၂၂ | သားလေးဉာဏ်လင်းသာ ရက်(၁၀၀)ပြည့်မွေးနေ့အလှူ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃ | ကွယ်လွန်သူဖခင်ကြီးအားရည်စူး၍ ဦးမျိုးမြင့်အောင်-ဒေါ်စန္ဒာလွင် သားမောင်ရဲရင့်ဝေယံ၊ သမီးမသက်ထူးအိမ် | ၁၀၀၀၀၀ |
| ၂၄ | BangKok မှ အလှူရှင် | ၁၀၀၀၀၀ |
| ၂၅ | ကွယ်လွန်သူဖခင်ကြီးဦးအေးမောင် (၁၁)နှစ်မြောက် အားရည်စူး၍ ဦးတင်ထွန်း-ဒေါ်ခိုင်ခိုင်ဝင်းမိသားစု၊ ကျိုက်ထိုမြို့ | ၁၀၀၀၀၀ |
| ၂၆ | ကိုစောလွင်-မခင်မိုးလွင် မိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၇ | ဦးအောင်မိုး-ဒေါ်ဖြူသွယ်အေး မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၈ | ရွှေဟင်္သာသစ်ဆိုင် မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၉ | ဦးဝင်းမြင့်-ဒေါ်ခင်မိုး၊ သားမောင်အောင်ကျော်စိုး-မဝင်းဝင်းထိုက်၊ မြေးပြည်ဟိန်းမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၀ | ဦးအောင်မိုး-ဒေါ်ခင်သန္တာလွင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၁ | ဦးဘုန်းမြင့်အောင်-ဒေါ်သီတာထွန်း၊ သားမောင်ဘုန်းသစ်ထူး၊ သမီးယဉ်မွန်သန်း၊ ဘားအံမြို့ | ၁၀၀၀၀၀ |
| ၃၂ | ကွယ်လွန်သူအရာခံဗိုလ်ကျော်မြင့်အားရည်စူး၍ ဇနီးဒေါ်လွယ်မိသားစု ကောင်းမှု | ၁၅၀၀၀၀ |
| ၃၃ | ဦးအောင်မိုးလွင်-ဒေါ်စုစုစိန်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၄ | သုခမ္မမဏိဇောတရေဦးအောင်နိုင်ဆွေ-သီရိသုခမ္မသိင်္ဂီဒေါ်မြင့်မြင့်နွယ်၊ သားမောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော်မိသားစုကောင်းမှု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၅ | ဦးပြုံးချို-ဒေါက်တာမြင့်မြင့်စုမိသားစု၊ သံဖြူဇရပ်မြို့ | ၁၀၀၀၀၀ |
| ၃၆ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်သန်းသန်းဆင့်နှင့် ညီမတစ်စု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၇ | ကိုအောင်နိုင်ဆွေ၊ ကိုလှငွေး၊ကိုဆန်းဝင်း၊ ကိုသိန်းသန်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၈ | (ဦးသောင်းရွှေ) - ဒေါ်ဝင်းဝင်းကြည်မိသားစု၊ ရန်ကုန်မြို့ | ၂၇၄၀၀၀ |
| ၃၉ | ဦးကျော်ဇံလှ-ဒေါ်ငုငုစံမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၀ | ရဲမှူးချုပ်ဝင်းဗိုလ်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၁ | ဦးရဲမြင့်-ဒေါ်မြငွေ၊ သားနိုင်လင်းအောင်မိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၄၂ | ကွယ်လွန်သူဦးအောင်နိုင်ဦး၊ အသက်(၅၂)နှစ်အား ရည်စူး၍မိသားစု | ၁၀၄၀၀၀ |
| ၄၃ | ဦးပန်းထီး-ဒေါ်ရွှေချစ်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၄ | Excellent ကျူရှင်မိသားစု | ၁၀၀၀၀၀ |
| ၄၅ | ဟင်္သာရှေ့ဆောင်ကုမ္ပဏီလီမိတက်၊ ဟင်္သာတမြို့ | ၁၀၀၀၀၀ |
| ၄၆ | ကွယ်လွန်သူနှစ်ဖက်မိဘများအား ရည်စူး၍ ဦးကျော်ဝင်း - ဒေါ်ခင်နွဲ့၊ သမီးမစုလဲ့နန္ဒာ၊ မကြိုင်စံပယ်သင်း မိသားစု | ၁၀၀၀၀၀ |
| ၄၇ | ဒေါ်ငွေးရင်နှင့်မိသားစု၊ ဆားတောင်းကျေးရွာ | ၁၀၀၀၀၀ |
| ၄၈ | ဦးနံ့ပါတ်ဝမ်း-ဒေါ်ဟိုင်းမိသားစု၊ ထားဝယ်မြို့ | ၁၀၀၀၀၀ |
| ၄၉ | ဒေါ်ခင်ဖြူဝင်းမိသားစု၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၅၀ | ဦးသန်းဝင်း-ဒေါ်တင်တင်ကြီး။ သား ဒေါက်တာလှမျိုးအောင်၊ ဒေါက်တာလှိုင်မျိုးအောင်မိသားစု၊ ကျောက်ပန်းတောင်းမြို့ | ၁၀၀၀၀၀ |
| ၅၁ | ဦးတင်ဆန်း-ဒေါ်ခင်လင်းမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅၂ | ဆရာနှင့် ဦးပြည့်ဖြိုးအား အမှူးထား၍ Smile ဝန်ထမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၃ | ဦးကျော်ကျော်-ဒေါ်ရီရီသန်းမိသားစု၊ ဂျိုးသိန်းကြက်သွန်နီရောင်းဝယ်ရေး၊ မြင်းခြံမြို့ | ၁၀၀၀၀၀ |
| ၅၄ | ဦးကျော်ဇေယျ (မန်းစည်/ပင်)မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၅၅ | Natine Power Technology Co.,Ltd ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၅၆ | ရွှေတောက်ထွန်းမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅၇ | ဦးသန်းဝင်း-ဒေါ်ရွှေမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅၈ | ကိုညွှန့်ဝင်းမိသားစု၊ ရန်ကုန်မြို့ | ၂၇၄၀၀၀ |
| ၅၉ | ကိုအာချိန်မိသားစုကောင်းမှု၊ ရှမ်း/မြောက် | ၁၆၆၀၀၀ |
| ၆၀ | ဒေါ်စိုးစိုးအေးမိသားစု၊ တောင်ကြီးမြို့ | ၃၀၀၀၀၀ |
| ၆၁ | ဦးမြသောင်း-ဒေါ်တင်မြိုင်၊ သားသမီးမြေးတစ်စုကောင်းမှု၊ (၇)မိုင်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၆၂ | မောင်ဝေယံဘုန်းမြတ်၊ (၁)နှစ်ပြည့်မွေးနေ့အလှူ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၆၃ | ကိုကျော်မင်းဆန်းနှင့် (၃၁)ဘုံသားများကောင်းမှု၊ ခရမ်းမြို့ | ၃၀၀၀၀၀ |
| ၆၄ | နှစ်ဖက်မိဘများအမှူးထား၍ ဗိုလ်မှူးကြီးမျိုးမင်းနောင်-မချစ်သက် မိသားစု၊ ဘားအံမြို့ | ၁၀၀၀၀၀ |
| ၆၅ | ဦးထွန်းအောင်-ဒေါ်နန်းဖြူလေး၊ သမီးနန်းပွင့်ရတီအောင်၊ သားစိုင်းနေထက်လင်းမိသားစု ကောင်းမှု၊ တောင်ကြီးမြို့ | ၁၀၀၀၀၀၀ |
| ၆၆ | ကွယ်လွန်သူ ဖခင်ကြီးဦးအေးနှင့် မိခင်ကြီးဒေါ်ရင်လှတို့အားရည်စူး၍ သားကိုမြင့်ငွေးမိသားစု ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၆၇ | ဦးအောင်ငွေးဝင်း-ဒေါ်ခင်လေး၊ သမီးစုလာဘ်မွန်မိသားစု၊ နေပြည်တော် | ၁၀၀၀၀၀ |
| ၆၈ | ဦးမင်းအောင်-ဒေါ်ကြင်ဥမိသားစု၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့ | $100 |
| ၆၉ | ဦးဝင်းလွင်-ဒေါ်မီမီ၊ သားနေလင်းအောင်-ဒေါ်ခင်သက်ဇွန်၊ သမီးငယ် အေးသက်ဇွန်၊ မြေးလွှမ်းမိုးသူ မိသားစု၊ ရွှေပြည်သာ၊ ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၇၀ | ဦးသိန်းမြင့်-ဒေါ်ခင်စန်းမို၊ သားဒုတိယဗိုလ်မှူးကြီးဇော်မျိုးထွန်း၊ သမီးဒေါ်ပွင့်အိရွှေစင်၊ မြေးအောင်ပြည့်ပိုင်၊ ပွင့်ထွန်းစတိုး၊ ကျိုက်ထို | ၁၀၀၀၀၀၀ |
| ၇၁ | ဗိုလ်မှူးချုပ်ထွန်းရီ(ငြိမ်း)-ဗိုလ်မှူးဒေါ်ခင်တိုး(ငြိမ်း) မိသားစုကောင်းမှု၊ ရန်ကုန်မြို့။ | ၃၀၀၀၀၀ |
| ၇၂ | Little Cambridge,Higher Cambridge, Sakamoto မိသားစု၊ မန္တလေးမြို့။ | ၁၀၀၀၀၀ |
| ၇၃ | ဦးအောင်ဆွေမြင့်(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်စန်းစန်းမိုးမိသားစု ကောင်းမှု၊ ရန်ကုန်မြို့ | ၃၄၅၀၀၀ |
| ၇၄ | N.T.Wအပတ်စဉ်(၂)စစ်သူနာပြုအရာရှိများ(၅၉) နှစ်မြောက် နှစ်ပတ်လည်အလှူတော်ကောင်းမှု | ၁၀၀၀၀၀ |
| ၇၅ | ဦးအောင်လွင်-ဒေါ်စိုးစိုးဦး၊ အင်္ဂလိပ်စာကျူရှင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၆ | ကွယ်လွန်သူဖခင်ကြီးဦးအောင်ခင်-မိခင်ဒေါ်မြမာတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၇ | ကျုံဝမ်းရွာကျောင်းဆရာတော်နှင့် တပည့်ဒါယကာ/ဒါယိကာမများ ကောင်းမှု၊ ကျုံဝမ်းရွာ၊ ကျိုက်မရောမြို့ | ၆၅၀၀၀၀ |
| ၇၈ | Sai Taan Haeng Tham(Dhamma of Buddha) Thailand | ၁၀၅၇၇၅၀၀ |
| ၇၉ | ဘားအံတက္ကသိုလ်၊ ခြေလျင်တောင်တက်အသင်း၊ ဘားအံမြို့ | ၁၅၀၀၀၀ |
| ၈၀ | ဦးစိုးမြင့်-ဒေါ်ခင်သန်းရီမိသားစု၊ ဘားအံမြို့ | ၃၀၀၀၀၀ |
| ၈၁ | ဦးအေးမောင်-ဒေါ်လဲ့လဲ့ဝင်းတို့အား ရည်စူး၍ သားသမီးမြေးများကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၂ | ကျေးဇူးရှင်ဆရာသမားမိဘများအားအမှူးထား၍ ဦးအုန်းမြင့်-ဒေါ်ရီရီလှသားကြီးမောင်နေဝင်းမြင့်၊ သားငယ်မောင်နေလင်းမြင့်၊ သန်လျင်မြို့ | ၁၀၀၀၀၀ |
| ၈၃ | ဒေါ်တင်တင်နွယ်မိသားစု၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ | ၃၀၀၀၀၀ |
| ၈၄ | ဦးရွှေကံတင့်-ဒေါ်နုနုကြည်၊ သားကျော်သူရမိသားစု၊ ရွှေပေါက်ကံ၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၈၅ | စိတ်ကြိုက် Sea Food၊ စမ်းချောင်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၆ | ဦးမောင်စိုး-ဒေါ်မိုးစန္ဒာမိသားစု၊ ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၈၇ | ဆရာတော်ဦးဝရ၊ ကမ္ဘာအေး၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၈ | ဒေါ်အေးအေးမွန်ကောင်းမှု၊ (၇)မိုင်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၉ | အဘိုးအား အမှူးပြုပြီး ဦးငွေးလွင်-ဒေါ်အန်းလန့်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၉၀ | ကွယ်လွန်သူဦးဝင်းရွှေအားရည်စူး၍ ဒေါ်တင်တင်ရီ မိသားစု၊ မော်လမြိုင် | ၁၀၀၀၀၀ |
| ၉၁ | နှစ်ဖက်မိဘများ အမှူးထား၍ ကိုအောင်ချိုသိန်း-မိဝါဝါဇင်မြင့်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့ | ၁၀၀၀၀၀ |
| ၉၂ | ကွယ်လွန်သူ အဖဦးချန်အန်း - အမိဒေါ်အေးခမ်း၊ မောင်မောင်မြင့်ဇော်တို့အားရည်စူး၍ ကျန်ရစ်သူမောင်နှမမိသားစုကောင်းမှု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၉၃ | ဦးဖေကြည်-(ဒေါ်စောရီ)မိသားစုကောင်းမှု၊ သထုံမြို့ | ၁၀၀၀၀၀ |
| ၉၄ | မိဘဘိုးဘွားများအားအမှူးထား၍ မခိုင်သဉ္ဇာချို ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၅ | ကွယ်လွန်သူ ဖခင်ကြီးဦးကျော်သိန်းအားရည်စူး၍ ခိုင်စိုးစိုးထမင်းဆိုင်မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၆ | ဦးစောလှကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၇ | ကွယ်လွန်သူဦးထွန်းငြိမ်း-ဒေါ်သန်းဝေ၊ ဦးတင်ထွန်း-ဒေါ်တင်တင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၈ | ဦးမောင်သိန်း-ဒေါ်တင့်တင့်လွင်၊ သမီးမတင်သဇင် မိသားစု၊ ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၉၉ | ဗိုလ်ချုပ်အေးခိုင်-ဒေါ်နွဲ့နွဲ့၊ သမီးသဲသဲ၊ သားမောင်ထက်အောင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၀ | မိခင်ကြီးဒေါ်ခင်မြအားရည်စူး၍ဖခင်ဦးသိန်းနုအားအမှူးထား၍ကိုအောင်ကျော်စိုး-မကြည်ကြည်လွင်၊ သားပြည့်ဖြိုးမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁ | ဦးကျော်ဇေယျာလင်း-ဒေါ်ခင်ဇာခြည်လင်း၊ သမီးမဇေသော်တာထက် မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၂ | ဦးကျော်လင်းထွန်း-ဒေါ်ထိုက်ထိုက်အောင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၃ | ဒေါက်တာမျိုးမြင့်-ဒေါ်အုန်းကြွယ်၊ သမီးဒေါက်တာတင်စန္ဒာမျိုး၊ ဒေါ်နှင်းအိခိုင်မျိုး၊ ဒေါ်ဟေမာဝတီ၊ ဒေါက်တာစန္ဒာမျိုးမြင့်မိသားစု | ၁၅၀၀၀၀ |
| ၁၀၄ | ဦးငွေးအောင်-ဒေါ်လှလှငွေးမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၅ | ကွယ်လွန်သူဘိုးဘွားမိဘများအားရည်စူး၍ဒေါ်ရီနှင့်သားသမီးများကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၆ | ကွယ်လွန်သူနှစ်ဖက်မိဘများအားအမှူးထား၍ ဦးဝင်းရှိန်-ဒေါ်တင်မိ၊ သားကိုသူရအောင်၊ သမီးဒေါက်တာတင်တင်ဝင်းမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှ

| | | |
|---|---|---|
| ၁၀၇ | ဖခင်ကြီးဒေါက်တာဝင်းနိုင်အားရည်စူး၍ ဒေါ်ရွှေဝါသွင်၊ သားသမီးမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၈ | Strategy First Family Business Management Administration(02-06) | ၁၀၀၀၀၀ |
| ၁၀၉ | နှစ်ဖက်မိဘများဖြစ်ကြသောဖခင်ကြီးဦးသုမန(ခ) ဦးသိန်းမောင်-ဒေါ်အေးကြည်၊ ဦးကျော်လှ-ဒေါ်ကျင်သန်းနှင့်ခင်ပွန်းဦးသန်းစိန်တို့အားရည်စူး၍ ဒေါ်ခင်မာဝင်းမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၁၁၀ | နှစ်ဖက်သောအဘိုးအဘွားများနှင့် ဦးအောင်ကွန်ချစ် - ဒေါ်တန်ပို့စွမ်၊ ဒေါ်တန်ရှုပိုတို့အားရည်စူး၍ သားသမီးမြေးမြစ်မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၁ | ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်အေးမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၂ | ဦးကျော်စိုး-ဒေါ်စန်းစန်းမော်မိသားစု၊ မော်လမြိုင်မြို့ | ၁၀၀၀၀၀ |
| ၁၁၃ | ဦးမြင့်ဆွေ-ဒေါ်အေးအေးနွယ်၊ သားသမီးမြေးတစ်စု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၄ | ကွယ်လွန်သူဦးရဲနိုင်အားရည်စူး၍ ဒေါ်စန်းစန်းမြင့် သားသမီးမြေးတစ်စုကောင်းမှု၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၅ | နှင်းနှင်းလှိုင်ရောင်းဝယ်ရေးမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၆ | နှစ်ဖက်သောမိဘများကိုအမှူးထား၍ M.I.U မိသားစု | ၁၀၀၀၀၀ |
| ၁၁၇ | ဒေါ်နန်းသီတာဦးမွေးနေ့အလှူ၊ တောင်ကြီးမြို့ | ၁၀၀၀၀၀ |
| ၁၁၈ | ဦးသက်လွင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၁၉ | ဦးခင်မောင်ကျော်-ဒေါ်ဝေဝေမာမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၂၀ | နှစ်ဖက်သောမိဘများကို အမှူးထား၍ အဒေါ်ကြီးဒေါ်သောင်းရီ၊ ကိုလင်းသူအောင်-မထက်ဝေအောင်မိသားစု၊ ဟသာ်တမြို့ | ၁၅၀၀၀၀ |
| ၁၂၁ | အနန္တငါးပါးဦးထိပ်ထား၍ မိဘနှစ်ပါးနှင့်ကျေးဇူးရှင်များအား ရည်စူးပြီး မိခင်ကြီးဒေါ်တင်ရွှေ အမှူးထားကာ ဦးမောင်မောင်ကျော်-ဒေါ်ဌေးဌေးရည် (မွေးနေ့)၊ ဗိုလ်မှူးဝင်းမင်းသိန်း-သမီးကြီး ဒေါက်တာဝတ်ရည်လင်း၊ ကိုသူရအောင်၊ သမီး ငယ်မမြတ်မွန်စိုး၊ မြေး မသူသူစိုးစံမိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၂၂ | ကိုပြည့်ဖြိုးသိမ်း-မနေယသော်လှိုင်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၂၃ | ဗိုလ်မှူးကြီးနေထွဋ်ဦး-ဒေါ်ပိတောက်ရွှေဝါညွန့်၊ သမီးမနေခြည်ငုဝါ(နယ်/လုံဝန်ကြီး)မိသားစု | ၁၀၀၀၀၀ |
| ၁၂၄ | ဦးခင်မောင်အေး-ဒေါ်ဝတ်ရည်အေးမိသားစု၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၂၅ | ဖခင်ကြီးဦးအေးမောင်-မိခင်ဒေါ်ထွေးမေ၊ အစ်ကိုကြီး ကိုထွန်းလွင်တို့အားရည်စူး၍ ဒေါ်တင်ညွန့်၊ ဒေါ်တင်နု၊ ဒေါ်ခင်ဝင်း တူမများကောင်းမှု၊ မိုးကုတ်မြို့ | ၁၀၀၀၀၀ |
| ၁၂၆ | Wora Wate Korafine Family& Cousins Thailand | ၂၀၀၀၀၀ |
| ၁၂၇ | ဦးကျော်သိန်း-ဒေါ်ကြည် (ကြူကြူဝင်းစားတော်ဆက်)၊ ရင်ပြင်တော် | ၅၀၀၀၀၀ |
| ၁၂၈ | ဦးသိန်းအောင်-ဒေါ်ခင်သူအောင်၊ သားဒေါက်တာဟိန်းဇော်ထက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၁၂၉ | ဦးရဲမင်းအောင်-ဒေါ်အေးအေးသက်၊ သမီး ဆောင်းချယ်ရီ၊ သားဖိုးနဂါးမိသားစု၊ ရင်ပြင်တော် | ၁၀၀၀၀၀ |
| ၁၃၀ | (၃၇)ကြိမ်မြောက် ဆီမီး(၅၀၀၀)ပူဇော်ရေးအဖွဲ့၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၁၃၁ | Golden Power Technology မိသားစု၊ သန်လျင်မြို့ | ၁၀၀၀၀၀ |
| ၁၃၂ | ကွယ်လွန်သူ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသန်းမြင့်-ဒေါ်ဆွေဆွေကျော်၊ မိသားစု | ၁၀၀၀၀၀ |
| ၁၃၃ | ဦးစန်းအောင်မြင့်-ဒေါ်အေးအေးချို၊ သား ကိုဝေရှိန်း၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၃၄ | ကွယ်လွန်သူ ဦးသာဌေးအားရည်စူး၍ ဒေါ်တင်ရီမိသားစု၊ တွံတေးမြို့ | ၁၃၀၀၀၀ |
| ၁၃၅ | ၂၀၁၈-၂၀၁၉ စာသင်နှစ် ကျောက်ကုန်းစာသင်ဝိုင်းကျောင်းသူ/သားများကောင်းမှု၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၃၆ | ဖခင်ကြီး ဘုတလင်ချစ်လေးနှင့် မိခင်ကြီး ဒေါ်လှခင်အား ရည်စူး၍ ဦးရဲဝေ(မြန်မာစာ)မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၃၇ | ကိုရဲမြင့်နိုင်-မညွန့်ညွန့်အောင်၊ သား ပြည့်သျှန်ကျော်မြဂုဏ်ရောင်မိသားစု၊ မတ္တရာမြို့ | ၁၀၀၀၀၀ |
| ၁၃၈ | ဦးသိန်းဇော်-ဒေါ်ခင်မြင့်ကြည် မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၃၉ | ဦးဝင်းနိုင်အားရည်စူး၍ ဒေါ်လှရီမိသားစု၊ မြောင်းမြမြို့ | ၁၀၀၀၀၀ |
| ၁၄၀ | ဦးဘိုဟန်အားရည်စူး၍ ဒေါ်တင်ညွန့်နှင့် သားသမီးမြေးများ၊ ပဲခူးမြို့ | ၂၀၀၀၀၀ |
| ၁၄၁ | ကွယ်လွန်သူ ဗိုလ်မှူးကြီးသန်းတင်အားရည်စူး၍ ဇနီး ဒေါ်ခင်လှမြင့်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၂ | ဒေါ်ခင်လှမြင့်၊ ရဲရင့်စိုးသွင်၊ စုစန္ဒီလင်း၊ ကျော့ကျော့ကေခိုင်လင်း၊ သီဟထွန်း၊ ဇေရီလင်း မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၃ | အမေများနေ့ မိခင်ကြီး ဒေါ်အုန်းနုအတွက် ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၄ | ဦးဝင်းသိန်း-ဒေါ်စန်းကြည်မိသားစု၊ မအူပင်မြို့ | ၁၀၀၀၀၀ |
| ၁၄၅ | ဦးသိန်းဇော်-ဒေါ်အေးဝင်းသိန်း၊ သားသီဟဇော်-Mrs:Arb၊ သမီး ဒေါက်တာချမ်းမြေ့အေး၊ မြေး Williom Zaw & Eric Zaw | ၈၁၀၀၀၀ |
| ၁၄၆ | မိခင်ကြီး ဒေါ်ခင်စိန်အားအမှူးထား၍ဒေါက်တာမျိုးထွန်းဝင်းနှင့် ဒေါက်တာခင်စန်းမြိုင်ကောင်းမှု၊ လမ်းမတော်၊ ရန်ကုန်မြို့ | ၁၀၈၀၀၀ |
| ၁၄၇ | သဘာဝတရားရိပ်သာဆရာတော်အရှင်ဦးဥတ္တသာရအားအမှူးထား၍ ဒေါက်တာမျိုးထွန်းဝင်းနှင့် ဒေါက်တာခင်စန်းမြိုင်ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၈၀၀၀ |
| ၁၄၈ | ဦးရဲထွန်း-ဒေါ်ယဉ်မေသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၄၉ | ဦးရင်ရွှေ(ခ)ဦးမောင်နီ-(ဒေါ်လှိုင်)၊ သမီး မသင်းသင်းဦး၊ မသီရိရွှန်းသစ်၊ သား မောင်ရန်နိုင်ဦး ဖန်ပုလင်းစက်ရုံ၊ သမိုင်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၀ | ဒေါ်ခင်ဥမ္မာရင်၊ ဒေါက်တာတင်တင်မေ၊ ဒေါ်ခင်ညို၊ ဒေါ်ညိမ်းညိမ်းထွေး၊ ကိုခွန်ကျော်ခမ့်-မအိခင် မိသားစု၊ ရန်ကုန်မြို့ | $ 100 |
| ၁၅၁ | ၄၁ ကြိမ်မြောက် ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး(၉၀၀၀) အဖွဲ့ကောင်းမှု | ၉၀၀၀၀၀ |
| ၁၅၂ | ဦးကျော်အေး-ဒေါ်ဒေစီကျော်(ကောင်းဟိန်းကုမ္ပဏီလီမိတက်မိသားစု)၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၃ | ကိုသော်ဇင်ထက်-မခိုင်ရည်မွန်မိသားစုကောင်းမှု၊ မော်လမြိုင်ကျွန်း | ၁၀၀၀၀၀ |
| ၁၅၄ | ဦးဝင်းမြင့်-ဒေါ်နီနီဝင်း၊ သမီး ဖြူစင်စင်သန့်၊ မမေမီမီသန့်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၅ | ဦးမောင်မောင်-ဒေါ်စန်းစန်းအားရည်စူး၍ကျန်ရစ်သူမိသားစု | ၁၀၀၀၀၀ |
| ၁၅၆ | ဦးသာထွန်း-ဒေါ်တင်မေမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၇ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်တင်ဌေးအောင်၊ ဒေါ်စုစုအောင်ကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၈ | Mr. Pornpen Viryapong Thailand | ၄၈၀၀၀၀ |
| ၁၅၉ | ဦးသန်း-ဒေါ်သိင်္ဂီဝဏ္ဏ၊ သားမောင်သက်ဦး၊ မောင်ကျော်စိုးသူမိသားစု စမ်းချောင်း၊ ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၁၆၀ | မောင်ပြည့်ဖြိုးကောင်းမှု၊ ရွှေပြည်သာ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၁ | ဦးသန်းတိုးအောင်-ဒေါ်မိမိဌေး၊ သားမောင်ဟိန်းသူထွန်း၊ သမီးမတိုးမိမိနှင်း၊ သန့်ရတနာတိုးမိသားစု ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၁၆၂ | ဦးသန်းဝင်း-ဒေါ်ယုယုမော်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၃ | ကိုအာကာဝင့်ကို၊ မငြိမ်းချမ်းဆု မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၆၄ | ဒေါက်တာဝင်းမြင့်-ဒေါ်ခင်ဝါဝါမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၂၈၀၀၀ |
| ၁၆၅ | ကွယ်လွန်သူဖခင်ကြီးဦးဘဏ်ထွန်း-မိခင်ကြီး ဒေါ်မခလေး၊ အစ်မဖြစ်သူ ဒေါ်မြင့်ကြည်၊ အစ်ကို ဦးထော်ကြီး ခင်ပွန်းဖြစ်သူ ဦးခင်မောင်မြင့်တို့အား ရည်စူး၍ ဒေါ်စန်းမြမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၆ | ကွယ်လွန်သူအဘိုးနေလဝိဇ္ဇာဆရာခိုင်၊ အဘွားဒေါ်ညွန့်၊ ဖခင်ဦးဝင်းကြည်၊သားမောင်မောင်လှိုင်၊ နှစ်ဖက်မိဘများအားရည်စူး၍ ဒေါ်သင်းကြည်မိသားစု | ၁၀၀၀၀၀ |
| ၁၆၇ | ဦးစိုးဦး-ဒေါ်သီတာလွင် မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၁၈၀၀၀ |
| ၁၆၈ | ကွယ်လွန်သူဦးမြင့်ဆွေ(၄၁) နှစ်ပြည့်အားရည်စူး၍ ဒေါ်တင်ရီမိသားစုကောင်းမှု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၆၉ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးကျော်မင်း-ဒေါ်ဆွေဆွေမြင့်မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၀ | ဦးအကွာ-ဒေါ်ကျင်လှိုင်မိသားစု | ၂၀၀၀၀၀ |
| ၁၇၁ | အဘဘိုးဘိုးနီအားရည်စူး၍ ဒေါ်နီနီဝင်း၊ သမီး ငြိမ်းရွှေစင်၊ ယွန်းရွှေရည်မိသားစု၊ မအူပင်မြို့ | ၁၀၀၀၀၀ |
| ၁၇၂ | ဦးသိန်း-ဒေါ်အေးအေးမူ ရတနာပုံဆန်စက်မိသားစု၊ ဖျာပုံမြို့ | ၁၈၀၀၀၀ |
| ၁၇၃ | ဦးသိန်းလွင်အားရည်စူး၍ ဒေါ်အုန်းခင်မိသားစုကောင်းမှု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၇၄ | ဦးနိုင်ဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ မဟာအောင်မြေမြို့နယ်)-ဒေါ်အေးသီတာထက်၊ သမီး မရွှန်းလဲ့နိုင်ဝင်း၊ သား ဇေလင်းမြတ် | ၁၀၀၀၀၀ |
| ၁၇၅ | နှစ်ဖက်မိဘများအားရည်စူး၍ မင်းရန်အောင်ထွန်း မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၆ | (ဦးမောင်မောင်) မိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၇ | မအေးမွန်နှင့်အဖွဲ့ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၈ | ဦးရှိန်းဝင်းမြင့်-ဒေါ်စံပယ်ဖြူ၊ သမီးခင်ခေတ်စံရှိန်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၇၉ | ဒေါ်အမာအားရည်စူး၍ ကျန်ရစ်သူသားသမီးမြေးများ၊ ကျိုက်လတ်မြို့။ | ၁၀၀၀၀၀ |
| ၁၈၀ | ဦးဝင်းမောင်အားရည်စူး၍ ဒေါ်ရှုလေးမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၁ | ဒေါက်တာဦးလှမောင်-ဒေါက်တာ ဒေါ်မိမိခင် မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၂ | ဦးသန်းဆက်ဝင်း-ဒေါ်စိန်အေး၊ သားသန်းထိုက်ဝင်း မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၃ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ညိုအားရည်စူး၍ ဆန်ရေမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၄ | ကိုဇော်မင်း-မရှုမဝ၊ သားသီဟရဲရင့်၊ လင်းရောင်ထူး မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၅ | ဦးအောင်မျိုးမင်း-ဒေါ်မီမီမောင် မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၆ | ဦးအောင်လင်းဦး-ဒေါက်တာခင်စန်းရီ၊ သမီး မရွှန်းလဲ့မြတ်ဦး၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၇ | စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို-ဒေါ်သစ်သစ်အောင်မိသားစု၊ နေပြည်တော် | ၂၀၀၀၀၀ |
| ၁၈၈ | ဦးသက်နိုင်-ဒေါ်ဝင်းဌေးမိသားစုကောင်းမှု၊ ရန်ကုန်မြို့ | ၁၈၀၀၀၀ |
| ၁၈၉ | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီးအားအမှူးထား၍ မိဘဂုဏ်ရည်မိသားစု၊ ရန်ကုန်မြို့ | ၁၁၀၀၀၀၀ |
| ၁၉၀ | ဦးဇော်ပိုင်-ဒေါ်မီမီနေမင်းဝင်း၊ သားမောင်ရွှေပိုင် မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၉၁ | ကွယ်လွန်သူဒေါ်ကြည်ဌေးအားရည်စူး၍ ဒေါ်ရီရီနှင့် မောင်နှမကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၉၂ | ဒေါ်စန္ဒာအောင် အသက်(၆၀)ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၁၉၃ | ဦးဝင်းကို-ဒေါ်စန္ဒာဝင်းမိသားစု၊ မော်လမြိုင်မြို့ | ၁၀၀၀၀၀ |
| ၁၉၄ | ဦးစောမျိုးထက်-ဒေါ်နော်ဝါဝါးနိုစီ သား(၃)ယောက်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၉၅ | ဦးသိန်းဆွေ-ဒေါ်တင်ဝင်းမိသားစု၊ ငါးသိုင်းချောင်းမြို့ | ၁၀၀၀၀၀ |
| ၁၉၆ | ဦးမျိုးကိုကို-ဒေါ်နှင်းနန္ဒာထိုက်မိသားစု၊ ငါးသိုင်းချောင်းမြို့ | ၁၀၀၀၀၀ |
| ၁၉၇ | ကိုသူရဇော်-မဇင်မာပြုံးမိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၉၈ | ဦးဇော်လတ်-ဒေါ်ခင်မျိုးလင်းမိသားစု၊ ကျောက်မဲမြို့ | ၁၀၀၀၀၀ |
| ၁၉၉ | ဦးဘကောင်းအားရည်စူး၍ ဒေါ်တိုးကြည်မိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၀၀ | A.J Myanmar Co.,Ltd မြတ်ပဒုမ္မာဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက် | ၁၀၀၀၀၀ |
| ၂၀၁ | ဦးလှဝင်းတင် (အစိုးရအဖွဲ့အတွင်းရေးမှူး)-ဒေါ်ခင်လှဝေမိသားစု | ၁၀၀၀၀၀ |
| ၂၀၂ | ဘိုးတော် (၈)ဝါပြည့်ကောင်းမှု | ၁၀၀၀၀၀ |
| ၂၀၃ | ဦးဌေးဝင်းမွေးနေ့အလှူကောင်းမှု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀၄ | နဂါးရစ်တောင်ဆရာတော် (သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဝိသုဒ္ဓနှင့်တပည့် သားသမီးများကောင်းမှု၊ ငါးသိုင်းချောင်းမြို့ | ၁၀၀၀၀၀ |
| ၂၀၅ | ဦးအောင်အောင်ဦး-ဒေါ်နှင်းဝေဖူးမိသားစု၊ ရန်ကုန်မြို့ | ၂၈၁၀၀၀ |
| ၂၀၆ | ဦးလှိုင်ဝင်း၊ မြောက်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ |

မှတ်ချက်။ (၁) အထက်ပါအလှူရှင်များသည် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ဂေါပကအဖွဲ့သို့ တိုက်ရိုက်လှူဒါန်းသည့် စာရင်းဖြစ်ပါသည်။

(၂) မည်သည့်ပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့အား စေတီတော် ဂေါပကအဖွဲ့မှတစ်ဆင့် အလှူခံခြင်းကို ခွင့်ပြုထားခြင်း မရှိပါ။

**ဒေါက်တာဒေါ်အေးအေးမြင့် (Sheila San Win)မော်လမြိုင်**
**စိတ်ရောဂါအထူးကုဆေးရုံကြီး**
**အသက်(၈၅)နှစ်**

အမှတ်(၉)၊ မင်္ဂလာလမ်း၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်နေ (ဦးစံဝင်း-ဒေါ်ထားရွှေ)တို့၏ သမီး၊ (ဦးစိုးသွင်-ဒေါ်တင်တင်စု)တို့၏ ညီမ၊ (ဦးခင်မောင်ငြိမ်း-ဒေါ်လှမြင့်)၊ (ဒေါက်တာတင်ငွေ-ဒေါက်တာလှနွယ်)၊ ဒေါက်တာမြင့်သိန်း-(ဒေါ်ခင်အေး)၊ ဦးမောင်မောင်-ဒေါ်မြတ်မြတ်၊ ဦးစိုးသိန်း-ဒေါ်သန်းသန်းအောင်၊ ဒေါက်တာဝင်းနိုင်-ဒေါ်ရီရီဝင်း၊ ဒေါ်ခိုင်ခိုင် တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ၁၁ ယောက် တို့၏ အဒေါ်၊ မြေးရှစ်ယောက် တို့၏ ဘွားလေး သည် ၁၁-၄-၂၀၁၉ ရက် နံနက် ၉း၃၈ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကျေးဇူးတင်လွှာ

ဒေါက်တာဒေါ်အေးအေးမြင့် အသက်(၈၅)နှစ် နေထိုင်မကောင်းစဉ်က မေတ္တာဖြင့် ဆေးကုသပေးခဲ့ကြသော သမားတော်ကြီး ဦးမျိုးသွယ်၊ ပါမောက္ခဦးဇော်သန်းထွန်း၊ ပါမောက္ခဦးလှအောင်၊ ပါမောက္ခဦးဝင်းနိုင်၊ ပါမောက္ခဦးတင်လတ်၊ ပါမောက္ခဒေါ်စိမ်းမြမြအေးနှင့်တကွ အာရှတော်ဝင်ဆေးရုံမှ သမားတော်ကြီးများ၊ ဆရာဝန်/ဆရာမများအားလုံးအား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလောင်အုံးစိန်**
**အသက်(၁၀၁)နှစ်**

Panorama Hotel မှ အမှုဆောင်ဒါရိုက်တာ ဦးကျော်လွင်-အမှုဆောင်ဒါရိုက်တာဒေါ်ဖြူမာကျော်၊ ဒါရိုက်တာ ဒေါ်မြင့်မြင့်လွင်တို့၏ဖခင် ဦးလောင်အုံးစိန် အသက်(၁၀၁)နှစ်သည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Panorama Hotel
Yangon Syndicate Limited.

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစံရွှေမောင် (စစ်တွေ-ရန်ကုန်)**
**အသက်(၉၃)နှစ်**
**နာယကကြီး၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်(၆၉)၊ အခန်း(၅၀၃)နေ ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နာယကကြီး ဖြစ်သူဦးစံရွှေမောင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရခိုင်သဟာယအသင်း(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးကျော်မြင့်**
**အသက် (၆၉) နှစ်**

TrustLink Co.,Ltd မှဒါရိုက်တာဦးကျော်သက်လွင်၏ဖခင် ဦးကျော်မြင့်သည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များ**
**TrustLink Co.,Ltd**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်ရီ(ခ)ပါးပူ (စစ်တွေ)**
**အသက်(၇၀)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၇၉၂)နေ ဦးမောင်သာထွန်း (မြဆန်စက်ပိုင်ရှင်)-ဒေါ်စောမြတို့၏ သမီး၊ (ဦးမောင်ကျော့-ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ ဒုဗိုလ်မှူးကြီးသိန်းစိုးအောင်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစောအောင် (ဦးဆောင်ညွှန်ကြားရေးမှူး စက်မှု-၁၊ ငြိမ်း)-ဒေါ်တင်ဦး၊ ဦးထွန်းအောင်ကျော် (မြဆန်စက်)-ဒေါ်ဦးကျော့သာ၊ (ဗိုလ်မှူးကြီးကျော်မြ-ဒေါ်တင်မြ)၊ ဦးကျော်ဝင်း (ဗိသုကာအင်ဂျင်နီယာ)-ဒေါ်တင်လှ တို့၏ ညီမ၊ ဦးကိုကိုမောင်-ဒေါ်နုနုခင်၊ ဦးမောင်မောင်ကြီး (မြို့နယ်တရားသူကြီး-ငြိမ်း)-ဒေါ်တင်အေး၊ ဦးညီပု-(ဒေါ်နုနု)၊ ဦးတင်ထွန်း (မြဆန်စက်)-ဒေါ်မြခိုင် တို့၏ အစ်မ သည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်၊ သောကြာနေ့ ဧပြီလ ၅ ရက်၊ ၂၀၁၉ ခုနှစ်၊ ကြေးမုံသတင်းစာ စာမျက် နှာ ၃၀ တွင် ပါရှိသော ဒေါ်ရီရီသန်း အသက်(၆၉)နှစ် တိုင်းရင်းဆေးဆရာမ ကြီး (တဆ-၁၃၇၂)၏ နာရေးကြော်ငြာ တွင် (ဦးသိန်းဟန်၊ ဒေါ်ကြည်)အစား (ဦးသိန်းဟန်၊ ဒေါ်တင်အေး) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျန်ရစ်သူမိသားစု

# အနိစ္စ

**မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)**
**ဒေါ်မလေး**
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေဃ(၁၄)လမ်း၊ အမှတ်(၃၉၈)၊ သုံးလွှာနေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးရွှေပြား(တွဲဖက်အတွင်းရေးမှူး)၏မိခင် ဒေါ်မလေးသည် ၈-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းသူ/သားများလိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ဒေါ်မြစိန် (ရွှေဘို)**
**အသက်(၆၉)နှစ်**

ရွှေဘိုမြို့ ဝက်လည်ရွဲရပ်နေ (ဦးတင်မောင်-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးစိန်လွင်-ဒေါ်စောရှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊ အမှတ်(၁၄-ပထပ်)နေ (ဦးခင်စိုး)၏ ဇနီး ၊ ဦးအောင်ခိုင်ဦး(ဒု-မြို့နယ်ဥပဒေအရာရှိ၊ ကမာရွတ်မြို့နယ်ဥပဒေရုံး)-ဒေါ်ခင်ငြိမ်းချမ်းလှိုင် (လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန)၊ ကိုအောင်ကျော်ကျော် တို့၏မိခင်၊ မောင်မြတ်သုတ၏အဘွားသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ကိုအီစွတ် (ခ) ဦးကျော်မြင့်**
**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ်(၂၄)နေ [ဆွာလေ အာမဒ်-စဖီယာခါတွန် (ခ) ဒေါ်ခင်သန်း] တို့၏သားကြီး၊ ဒေါ်ကြည်ကြည်လှိုင် (ခ) ဒေါ်ကြည်လှိုင်၏ခင်ပွန်း၊ မိုဟာမက် အလီရှန်း(ခ) ကိုကျော်မိုးလွင်-ဒေါက်တာ အေးသူဇာကျော်၊ ကိုကျော်ဝင်းလွင်-မမိမိမြတ်၊ ကိုကျော်သက်လွင်တို့၏ဖခင်၊ ဒေါ်စန္ဒာမြင့်၊ ဒေါ်သန္တာမြင့်၊ (ဦးလှမြင့်)၊ ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်တို့၏အစ်ကို၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးစွန္နီကဗာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်းနှင့် ဆုတောင်းဒိုအာပြုပေးပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးမြသိန်း**
**အသက်(၆၄)နှစ်**
**စိန် ကားပစ္စည်းဆိုင်၊ လမ်းမကြီး၊ ရှုပတောင်ရပ်ကွက်၊ စစ်တွေမြို့**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၂၃)နေ ဦးမောင်စိန်-ဒေါ်ချူထွေဝန် တို့၏ သား၊ ဦးသိန်းဦး-ဟွန်ယို့ချင် တို့၏ ညီ၊ ဒေါ်ရွှေမြတင်၊ ဒေါ်ရွှေမြသိန်း၊ ဦးလှသိန်း၊ ဒေါ်ဦးခင်စော တို့၏ အစ်ကို၊ ဒေါက်တာဘုန်းကြွယ်၊ ဒေါက်တာစောမြစန္ဒီ တို့၏ ဖခင်၊ ဒေါက်တာစမ်းစမ်းကြည် ၏ ခင်ပွန်း ဦးမြသိန်းသည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းမယ်တော်ကြီး**
**ဒေါ်သိန်းတင်**
**ဘိုကလေးမြို့နယ်အသင်း၊ သက်ကြီးကန်တော့ခံ**
**အသက် (၉၇) နှစ်**

ဘိုကလေးမြို့နေ (ဦးလှတင်-ဒေါ်မြရစ်)တို့၏သမီး၊ (ဦးဖေ-ဒေါ်ကြီးမိ)၊ တိုက်ပိုင်ကြီး (ဦးဘတူ-ဒေါ်မြသန်း)တို့၏သမီးချွေးမ၊ SIP (ဦးအောင်လှ)၏ဇနီး၊ အမှတ်(၄၆)၊ ခြောက်လွှာ(A)နေ (ဦးစိုးတင်)-ဒေါ်ခင်ညိုဝင်း၊ (ဦးလှိုင်ဘွား)၊ (ဦးဇော်ဝင်း)-ဒေါ်ရှု၊ (ဦးထိန်ဝင်း) - ဒေါ်ခင်စောဝင်း(အထက၊ ကျောင်းအုပ်-ငြိမ်း)၊ ဦးမော်ဝင်း(M.P.P.E-ငြိမ်း)-ဒေါ်မြင့်မြင့်ဝေ၊ ဦးသန်းထွန်းဦး-ဒေါ်အေးအေးသန်း (သံလွင်၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မွေးသမိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွားသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းတင်**
**အသက်(၉၆)နှစ်**

ပခုက္ကူမြို့ (၅)ရပ်ကွက်၊ စာရေးတန်းလမ်းနေ (ဦးထွန်းညွှန့်-ဒေါ်တင်မေ)တို့၏ သမီး၊ (ဦးစောလှိုင်)၏ ဇနီး၊ ဦးတင်ဝင်း-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ (ဦးသန်းထွန်း)-ဒေါ်ကြည်ကြည်ဆင့်၊ ဦးစန်းလွင်-ဒေါ်သီတာ၊ ဦးအေးလွင်-ဒေါ်မာမာမြင့်၊ ဦးကျော်မြင့်-ဒေါ်ညွန့်ညွန့်ဝင်း တို့၏ မွေးသမိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက် တို့၏ အဘွား သည် ၁၀-၄-၂၀၁၉ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်အမာ (ရေနံချောင်း)**
**အသက် (၈၄) နှစ်**

ရေနံချောင်းမြို့နေ (ဦးကံ-ဒေါ်ရွှေ)တို့၏သမီး၊ (ဦးရင်းမရှုပ်-ဒေါ်ကင်)တို့၏ ညီမ၊ (ဦးလှိုင်မြင့်ဦး)-ဒေါ်တင်ရီတို့၏အစ်မ၊ သမိုင်းမြို့သစ်နေ ဦးတင်စိုး(Gread Essential Power Co)-ဒေါ်သင်းသင်းလှိုင်(ဆေးဝါးစက်ရုံ၊ အင်းစိန်)၊ ဦးဝင်းခိုင်-ဒေါ်မော်မော်စိန်၊ ဦးမောင်မောင်အောင်(DARE Co)-ဒေါ်သက်သက်လှိုင် (ဆေးဝါးစက်ရုံ၊ အင်းစိန်)တို့၏အဒေါ်သည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မရမ်းကုန်း မြို့နယ်၊ (၁)လမ်းသမိုင်း၊ (၁)ရပ်ကွက်၊ အမှတ်(၄၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်သက်မူ(ခ)ဒေါ်ဝမ်ကြာရိန်(ခ)ဒေစီလော**
**အသက်(၈၀)**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၂၈၈)၊ ပထမထပ်နေ (ဦးမြင့်သိန်း)၏ ဇနီး၊ ဦးကျော်လွင်-ဒေါ်သီသီဝင်း၊ ဦးသက်လွင်-ဒေါ်မော်မော်လွင်၊ ဦးအောင်မိုးလွင်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးတင်ထွန်းလွင်-ဒေါ်အေးအေး၊ ဦးတင်လေးလွင်-ဒေါ်သဲနှင်းအိ၊ မနုနုလွင် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ယောက် တို့၏ အဘွား သည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အုန်းသန်း (မုဒုံ)**
**အသက်(၇၂)နှစ်**

မုဒုံမြို့နေ (ဦးဒွေ-ဒေါ်ကွန်း)တို့၏ မြေး၊ (ဦးစံမြ-ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးဝင်းဆွေ)-ဒေါ်လှသန်း တို့၏ ညီမ၊ ဦးငွေဝင်း-ဒေါ်ချိုချိုမာ တို့၏အစ်မ၊ ဦးအောင်ကြီး(ရတနာမျက်မှန်)၏ ဇနီး၊ ဒေါ်ဥမ္မာအောင်၊ ဦးကိုကိုအောင်၊ ဦးညီညီအောင်၊ ဦးအေးမင်းအောင် တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မသရဖီဝင်း ၏ ကြီးကြီး၊ မောင်သက်သျှိုင်းသူ-မဖူးသိမ့်ငုံ တို့၏ ချစ်လှစွာသောကျေးဇူးရှင်မေမေကြီးသည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက္ကစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၆)လမ်းအရှေ့ အမှတ်(၁၂၇၄/ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးကျော်ခင်**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**စစ်မှုထမ်းဟောင်း**
**အသက် (၆၀)**

ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၁၇/၅)နေ (ဦးသောင်းမြ-ဒေါ်ခင်လှိုင်)တို့၏သား၊ (ဦးသောင်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဒေါ်လွင်လွင်ဦး၏ခင်ပွန်း၊ မောင်ရန်ပြေသိန်း၊ မောင်စည်သူအောင်၊ မအိသဥ္ဇာဖူးတို့၏ဖခင် ဦးကျော်ခင်သည် ၁၀-၄-၂၀၁၉ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ဖွေရာ (မြိတ်)**
**အသက် (၁၀၂) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ်(၁၂၁)နေ (ဦးဟိုင်းရာ-ဒေါ်ဆွေ)တို့၏သမီးချွေးမကြီး၊ (ဦးဆိုးဝါ-ဒေါ်ဟိန်း)တို့၏သမီးကြီး၊ (ဦးကျင်းဟင်း)၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်အယုံ၊ ဒေါ်မေခင်-ဦးအေးဖေ၊ (ဒေါ်မြင့်မြင့်အေး)-ဦးစိန်ကျုံ၊ ဦးအာဘော်-ဒေါ်ခင်မြင့်ရီတို့၏မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးတရုတ်ဖူးကျင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
**ဦးစံရွှေမောင် (၉၃)နှစ်**
**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ်(၃၂၂) ဦးစံရွှေမောင် သည် ၉-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဦးလှော် (၈၂)နှစ်**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း(ငြိမ်း)**
**အထက်မြန်မာနိုင်ငံရုံးခွဲ**

မန္တလေးမြို့နေ (ဒေါ်လှရွှေ)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းငွေ၊ ဦးညွှန့်ဝေ၊ ဒေါ်သန်းသန်းအေး၊ ဦးညွှန့်ရွှေ၊ ဒေါ်မာမာတင်၊ ဒေါ်မာမာအေး တို့၏ ဖခင်၊ နေပြည်တော်နေ ဦးဖြိုးမြတ်ဟန်(ပြန်ကြားရေးဝန်ကြီးရုံး)၊ မြေး ၁၁ ယောက်၊ မြစ် ၁၀ ယောက် တို့၏ အဘိုး ဦးလှော်သည် ၁၁-၄-၂၀၁၉ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**ဦးမောင်စိုး (ပုလော/ပုလောကုန်းရွာ) (၇၅)နှစ်**
**အသင်းဝင်အမှတ်-၃၁၇၆**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပုလောကုန်းရွာနေ ဒေါ်ထွေးကြည်၏ ခင်ပွန်း သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောကုန်းရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးစိုင်းစံဦး (ပင်လုံ)**
**လက်ထောက်ဌာနမှူး (ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက် (၇၁) နှစ်**

တောင်ကြီးမြို့နေ (ဦးစံမြ-ဒေါ်စဝ်မြဖူး)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးတင်ရှိန်)-ဒေါ်ကြည်တို့၏ သားသမက်၊ ဒေါ်နန်းကျင်ကျင်မြ၊ ဒေါက်တာစိုင်းစံဝင်း-ဒေါ်မြင့် မြင့်သန်း၊ (ဦးစိုင်းခမ်းလှ)-ဒေါက်တာတင်တင်ဦးတို့၏ အစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ ဘကြီး၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၅၅/၅၆)၊ ပထမထပ်(ဝဲ)နေ ဒေါ်ဆွေဆွေမော်(ဌာနစုမှူး၊ အင်/ယာ၊ အင်ဂျင်နီယာဌာန-အဆောက်အအုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မနန်းအိန်ခမ်း (Grade-11/A၊ ညောင်ပင်လေးကိုယ်ပိုင်အထက်တန်းကျောင်း)၏ ချစ်လှစွာသောဖခင် ဦးစိုင်းစံဦး သည် ၁၀-၄-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟိုစည်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်ရီ(ခ)ပါးပူ (စစ်တွေ)**
**အသက်(၇၀)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၇၉၂)နေ ဦးမောင်သာထွန်း (မြဆန်စက်ပိုင်ရှင်)-ဒေါ်စောမြတို့၏ သမီး၊ (ဦးမောင်ကျော့-ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ ဒုဗိုလ်မှူးကြီးသိန်းစိုးအောင်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်လွင်မာအောင်-ဦးအောင်ခင်ဦး(2nd Officer F.G)၊ ဒေါ်မာလာအောင်-ဗိုလ်မှူးညဏ်မင်းမောင် (တဆရ ၇/၂၅)၊ ဒေါက်တာသီရိအောင်-ဦးသောင်းငွေဝင်း(1st Engg F.G)၊ ဒေါ်လှမြသိန်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်ချမ်းညီမ်း (Christ)(Grade-III)၊ မကေဇင်ချို(June)(မူကြို CDC)၊ မောင်ဘုန်းမြတ်ဝင်း (Rich)တို့၏ အဘောင်ရှင် သည် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးညဏ်ဝင်း**
**အသက် (၅၆) နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ် ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ်(၈၉၃)နေ (ဗိုလ်ကြီးတင်ဆောင်-ဒေါ်အမာနီ)တို့၏သား၊ (ဦးတင့်ဝေ-ဒေါ်သန်းလှ)တို့၏ သားသမက်၊ ဦးခင်မောင်ဆွေ (ထောင်ပိုင် ကြီး)၊ ဒေါ်ခင်မကြီး(အ.မ.က-ငြိမ်း)၊ (ဦးစိန်လှဝင်း)-ဒေါ်ခင်မလေး (မြန်မာ့အာမခံလုပ်ငန်း၊ IKBZ-ငြိမ်း)၊ ဒေါ်ခင်မအေး (A.G.M၊ F.N.I -အာမခံကုမ္ပဏီ)၊ ဦးကျော့ရှင်း(ခေတ္တ-ဂျပန်)၊ ဦးအောင် စိုး(စည်ပင်-ငြိမ်း)၊ (ဗိုလ်ကြီးဝေလင်း)-ဒေါ်ခင်နှင်းဆီတို့၏ညီ/မောင်၊ ဦးအောင်ထွေး-ဒေါ်တင်မိုးသူဇာတို့၏အစ်ကို၊ ဒေါ်ခင်လှရီ(ကြီးကြပ်ရေးမှူး၊ ရေလေခရီးသွားအာမခံဌာန၊ မြန်မာ့အာမခံလုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်မင်းထိုက် (A.T.S.O အာမခံကုမ္ပဏီ)- မမေမြတ်သူဇာ(မြန်မာ့အာမခံလုပ်ငန်း)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ပူတူး လေး၏ချစ်လှစွာသောအဘိုး ဦးညဏ်ဝင်း သည် ၁၁-၄-၂၀၁၉ ရက် နံနက် ၃ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ အန့်ရှမ်းမြို့သို့ ရောက်ရှိလေ့လာ

နေပြည်တော် မေ ၁၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Nanyuan တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရုံး ညွှန်ကြားရေးမှူး Major General Ci Guowei နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။** (အပေါ်ပုံ)

စာမျက်နှာ ၅ ကော်လံ ၁ သို့

## ထူးခြားသည့် နေ့အပူချိန်များ

၁၁-၅-၂၀၁၉

| | |
|---|---|
| ချောက် | ၄၄ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၁ ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၁ ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဖြူး | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဟင်္သာတ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဘားအံ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ကော့ကရိတ် | ၄၁ ဒီဂရီစင်တီဂရိတ် |
| လှိုင်းဘွဲ့ | ၄၁ ဒီဂရီစင်တီဂရိတ် |

# သင်္ကြန်ကာလ ရန်ကုန်မြို့ရှိ ရေကန်ကြီးများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်ကြမည်

**ရန်ကုန် မေ ၁၁**

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ အင်းယားကန်၊ ကန်တော်ကြီးနှင့် သာခုကန်များတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရေပြင်ရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ရေနစ်ပျောက်ဆုံး**

သင်္ကြန်ကာလအတွင်း အပူဒဏ်ကာကွယ်ရန်နှင့် ရေပက်ခံထွက်ရှိလာသည့် လူငယ်မောင်မယ်များ အနားယူချိန်တွင် အဆိုပါရေကန်ကြီးများတွင် ရေစိမ်ခြင်း၊ ရေကူးခြင်းတို့ကို ပြုလုပ်လေ့ရှိရာ ရေနစ်ပျောက်ဆုံးမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး သို့မဟုတ် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ပါဝင်သည့် တပ်ဖွဲ့ဝင်ခြောက်ဦးတို့ဖြင့် မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့) မှ မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

**အန္တရာယ်သတိပေး**

"သင်္ကြန်ကာလအတွင်း အင်းယားကန်၊ တံတားဖြူနဲ့ မြကျွန်းသာတို့မှာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



အိမ်ကွင်းကစားရမည့် သုံးမှတ်ရထားသည့် ရန်ကုန်အသင်း

# နှစ်သစ်ကူးကာလတွင် ကစားရမည့် မြန်မာကလပ်များ၏ AFC Cup အုပ်စုပွဲများ

**ရန်ကုန် မေ ၁၁**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို မြန်မာ့နှစ်သစ်ကူးကာလဖြစ်သည့် မေ ၁၆၊ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ နားရက်မရဘဲ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

အုပ်စုစတုတ္ထပွဲအဖြစ် မေ ၁၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဘင်ဒေါင်း (ဗီယက်နမ်)နှင့် ရှမ်းယူနိုက်တက် (မြန်မာ)၊ မေ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ရန်ကုန် (မြန်မာ)နှင့် ဟနွိုင်း(ဗီယက်နမ်)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းက အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်း ကစားရမည်ဖြစ်ပြီး နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်နေကာ ရှမ်းယူနိုက်တက်အသင်းမှာမူ နိုင်ပွဲရမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်ရေး ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲအားလုံး ရှုံးထားသည့် ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် ယခုပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

## ကြေးမုံ သတင်းအညွှန်း

**၂၀၁၉ ခုနှစ် မတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၂၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့**

စာမျက်နှာ » ၂

**အိန္ဒိယနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပ**

စာမျက်နှာ » ၁၂

**ချန်ပီယံလိဂ် ၁၂၅ ဂိုးမြောက်သွင်းဂိုး စီရိုနယ်လ်ဒို စံချိန်တင်သွင်းယူနိုင်ခဲ့**

စာမျက်နှာ » ၁၇

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၂၊ ၂၀၁၉ (သောကြာနေ့)

နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် တတိယ (၁) နှစ်တာ



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ဖော်ဆောင်ပေးရန် ဖွဲ့စည်းခဲ့သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

**ဆောင်းပါး- နန္ဒာဝင်း၊ ဓာတ်ပုံ- အေးသန်း**

**လွန်ခဲ့သော ၇၂ နှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ပင်လုံစာချုပ်ကြီး၏ ကတိကဝတ်များကို အကောင်အထည်မဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယဖြစ်ပွားခဲ့ကာ စိတ်ဝမ်းကွဲပြားခဲ့ပါသည်။ အခွင့်အရေးများ တန်းတူမရရှိဟုထင်မြင်၍ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ရာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့ရပါသည်။**

သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံများအား သင်ခန်းစာရယူပြီး လွန်ခဲ့သော ၇၂ နှစ်က တိုင်းရင်းသားအားလုံး မျှော်မှန်းခဲ့သော ပင်လုံမြေမှ ပြည်ထောင်စုအိပ်မက်ကို ယနေ့အချိန်အခါတွင် အကောင်အထည်ဖော်ကြရန် အထူးလိုအပ်လှသည်။ ၂၀၁၅ တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေထွက်ပေါ်လာခဲ့ကာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က "တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် ပေါ်ပေါက်လာဖို့ စာတတ်မြောက်ပြီး အသိပညာဗဟုသုတ တိုးပွားစေဖို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ အဓိကထားပြီး ဆောင်ရွက်နေသလို အခြားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို တိုင်းရင်းသားပြည်သူများ၏ စုပေါင်းအင်အားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ နိုင်ငံရေးစားပွဲဝိုင်းများ ကျင်းပလျက်ရှိသည်။

ဒီမိုကရေစီရေး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ် တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ပြည်ထောင်စုတာဝန်များဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

အစိုးရသစ်နှင့်အတူ ပေါ်ပေါက်လာသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ရည်မှန်းချက်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ပထမရည်မှန်းချက်က- တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးနဲ့ ရိုင်းပင်းကူညီရေး၊ ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး၊ ဒုတိယရည်မှန်းချက်က- တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ဥပဒေပါ သတ်မှတ်ချက်တွေအတိုင်း အပြည့်အဝခံစားရရှိစေရေး၊ တတိယရည်မှန်းချက်က- တိုင်းရင်းသားတွေရဲ့ စကားစာပေသမိုင်းအနုပညာ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ရိုးရာဓလေ့ထုံးစံတွေ ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်စေရေး၊ စတုတ္ထရည်မှန်းချက်က- တိုင်းရင်းသားတွေရဲ့ မူလဝိသေသလက္ခဏာတွေ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးဆောင်ရွက်ပေးရေး၊ ပဉ္စမရည်မှန်းချက်က- တိုင်းရင်းသားလူမျိုးတွေရဲ့ဒေသတွေမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုစီးပွားဘဝ တိုးတက်ရေး ဆောင်ရွက်ဖို့ဖြစ်ပါတယ်"ဟု တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပြောကြားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတို့တွင် သက်ဆိုင်ရာအစိုးရအဖွဲ့များက စီစဉ်သတ်မှတ်ပေးသည့်နေရာများ၌ ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးရုံးများကို ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

"ပြည်နယ်နဲ့ တိုင်းဒေသကြီးရုံး ခြောက်ရုံး ဆောက်လုပ်ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေချထားပေးမှု အခြေအနေပေါ် မူတည်ပြီး ကျန်ရှိနေတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ကိုယ်ပိုင်ရုံးတွေ ဆောက်လုပ်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးအဆောက်အအုံများ ဆောက်လုပ်ခဲ့ရာ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလုပ်အကိုင် ဖန်တီးမှုအနေဖြင့် ဦးစီးအရာရှိရာထူးများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဒုတိယဦးစီးမှူးရာထူးများကို ပြင်ပမှ ခန့်ထားခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ချထားခဲ့သည်။ အခြေခံဝန်ထမ်းအသစ်များ ခန့်ထားရာတွင်လည်း ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားခဲ့ပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးရုံးများနှင့် အရေးကြီးကိစ္စရပ်များကို ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိသည်။

"တိုင်းရင်းသားဒေသတွေက ထွက်ကုန်တွေကို အသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းရှင်တွေ ဈေးကွက်ဝင်အောင် ကျန်တဲ့ ဖွံ့ဖြိုးပြီးဒေသကို သွားရောက်ရင်းနှီးပြီး ဆက်စပ်မှုရှိအောင် လုပ်ကြရမယ်။ တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကနေ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ပါတယ်။ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင် အသင်းတွေဖွဲ့မယ်။ အသင်းကကြီးမှူးပြီး ရန်ကုန်မှာ တိုင်းရင်းသားအားလုံး အထူးကဏ္ဍ [ ခ ] သို့ »»



"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**"တိုင်းရင်းသားဒေသတွေက ထွက်ကုန်တွေကို အသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းရှင်တွေ ဈေးကွက်ဝင်အောင် ကျန်တဲ့ ဖွံ့ဖြိုးပြီးဒေသကို သွားရောက်ရင်းနှီးပြီး ဆက်စပ်မှုရှိအောင် လုပ်ကြရမယ်။ တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကနေ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ပါတယ်။ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းတွေဖွဲ့မယ်။ အသင်းကကြီးမှူးပြီး ရန်ကုန်မှာ တိုင်းရင်းသားအားလုံး ပါဝင်ဆင်နွှဲနိုင်တဲ့ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"ပွဲတော်ကို ကျင်းပခဲ့**

»»» အထူးကဏ္ဍ [ က ] မှ

ပါဝင်ဆင်နွှဲနိုင်တဲ့ **"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"** ပွဲတော်ကို ကျင်းပခဲ့တယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ 'ဝ'နဲ့ ကိုးကန့် အပါအဝင် တိုင်းရင်းသားတွေအားလုံး မိမိတို့ဒေသထွက်ကုန်ဖြစ်တဲ့ အဝတ်အစား၊ အထည်အလိပ်၊ အသုံးအဆောင်၊ ရိုးရာတူရိယာ ခင်းကျင်းပြသရောင်းချကြကာ နိုင်ငံခြားသားတွေကအစ စိတ်ဝင်စားကြတယ်။ ကမ္ဘာပေါ်မှာ ဒီလိုတိုင်းရင်းသားဝတ်စုံနဲ့ ကျင်းပတဲ့ အခမ်းအနားမရှိခဲ့ပါဘူး။ ပြည်ထောင်စုမှာ တိုင်းရင်းသားများက ကိုယ့်ဝတ်စုံနဲ့ကိုယ် ရောင်စုံဝတ်လာတော့ သူတို့စိတ်ဝင်စားကြတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နေပြည်တော်တွင် ကျင်းပခဲ့သော တိုင်းရင်းသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် စီးပွားရေးဆိုင်ရာ ဆွေးနွေးချက်ရလဒ် (၂၈)ချက် ဖော်ထုတ်နိုင်ခဲ့ပြီး အကျိုးသက်ရောက်မှုတစ်ခုအဖြစ် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုမည့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်က ဖွဲ့စည်းခဲ့သည်။

ထိုအသင်းသည် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်သည့် ခိုင်မာသော အသင်းအဖွဲ့တစ်ခုဖြစ်ပြီး **"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"**ပွဲတော်ကြီးကို အသင်းက ကြီးမှူးကျင်းပခဲ့ပြီး ပွဲတော်ရက်များအတွင်း အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းဆီသို့ဖိုရမ်ကို ပွဲတော်ရက်အတွင်း ကျင်းပနိုင်ခဲ့သည်။

"၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစပြီး ယနေ့အထိ ပဋိပက္ခတွေရှိတယ်။ ပဋိပက္ခအများစုဟာ တိုင်းရင်းသားတွေနဲ့ ပတ်သက်နေတယ်။ တိုင်းရင်းသားနဲ့ ငြိမ်းချမ်းရေးဟာ ဆက်စပ်နေပါတယ်။ ငြိမ်းချမ်းရေးကို ထဲထဲဝင်ဝင်လုပ်မယ့် ဝန်ကြီးဌာနတစ်ရပ် သံသယတွေကို ယုံကြည်မှုတည်ဆောက်တဲ့လုပ်ငန်းကို ဒီဝန်ကြီးဌာနက ဆောင်ရွက်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးက ချိတ်ဆက်နေတယ်။ စီးပွားရေးလုပ်ဖို့ ဖွဲ့တဲ့အသင်းအဖွဲ့မဟုတ်ဘဲ တိုင်းရင်းသားလုပ်ငန်းရှင်တွေ စီးပွားရေးလုပ်ချင်အောင် ပံ့ပိုးကူညီပေးပြီး ပျိုးထောင်ပေးတဲ့အသင်းဖြစ်အောင် တိုက်တွန်းလိုပါတယ်။

"တိုင်းရင်းသား ၁၃၅ မျိုးရဲ့အဝတ်အစားတွေ၊ အသုံးအဆောင်တွေဟာ ကမ္ဘာ့ဈေးကွက်ထဲဝင်နိုင်တယ်။ ထူးခြားတဲ့ ဝိသေသရှိတဲ့ အပြင်အဆင်အနေအထိုင် အစားအသောက်တွေရှိတဲ့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံဟာ ယဉ်ကျေးမှုတူတယ်။ အနေအထိုင် အစားအသောက် နည်းနည်းလေး တူတဲ့ နိုင်ငံအချင်းချင်း ဒါတွေကို ဖလှယ်နိုင်ရင် သိပ်ကောင်းမယ်လို့ယူဆတယ်။ တိုင်းရင်းသားတွေရဲ့လိုအပ်ချက်က ဥပဒေတွေ ဖြစ်ပါတယ်။ ဥပဒေရဲ့လွှမ်းမိုးမှုရှိရင် စီးပွားရေးနဲ့ အားလုံးအတွက် အထောက်အကူဖြစ်ပါတယ်။ တိုင်းရင်းသားအရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေဆိုတာ ကြိုဆိုရမှာပါ"ဟု မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယက ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

မြန်မာနိုင်ငံ၏ သမိုင်းတွင် ပထမဆုံး တိုင်းရင်းသားပွဲတော်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆင်နွှဲကြသည့် **"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"** တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပွဲတော်ကြီးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပွဲတော်တွင် တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ "Miss Ethnic Myanmar 2019"ကျင်းပခဲ့ရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများမြှင့်တင်နိုင်ရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ သံတမန်အဖြစ် ကိုယ်စားပြုနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပွဲတော်၌ အဓိက ရိုးရာယဉ်ကျေးမှုအကအဖြစ် ကချင်တိုင်းရင်းသားရိုးရာ မနောအကကို တိုင်းရင်းသားများအားလုံး စုပေါင်း၍ ကပြဖျော်ဖြေခဲ့ခြင်းသည် တိုင်းရင်းသားများအချင်းချင်းတန်းတူရှိမှု၊ ညီညွတ်သောအင်အားရှိမှု အသွင်လက္ခဏာကို ပြသခဲ့ခြင်းဖြစ်သည်။ နောင်နှစ်တွင် အခြားတိုင်းရင်းသားရိုးရာအကကို အဓိကအကအဖြစ် ကပြသွားမည်ဟု သိရသည်။

"တိုင်းရင်းသားတွေရဲ့စည်းလုံးညီညွတ်မှုက အင်မတန်အရေးကြီးပါတယ်။ ဒီပွဲတော်ကျင်းပခြင်းဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောသည်။

ပွဲတော်ကြီးကို တိုင်းရင်းသားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် ယဉ်ကျေးမှုထုံးစံများကို ပိုမိုသိရှိနားလည်လာပြီး စည်းလုံးညီညွတ်မှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရန်၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် တိုင်းရင်းသားဒေသအသီးသီးရှိ အမိမြန်မာနိုင်ငံ၏ သာယာလှပ စိတ်ဝင်စားဖွယ်ကောင်းသော တောတောင်ရေမြေအလှအပသဘာဝများကို နိုင်ငံသူနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ သိရှိလေ့လာနိုင်ကြရန်၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များ နိုင်ငံတွင်းသာမက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန်၊ မြန်မာတိုင်းရင်းသားလူငယ်များအတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်၍ ပွဲတော်ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ လုပ်ငန်းရှင်အဆင့် မဟုတ်သေးပါဘူး။ သာမန်အလုပ်လုပ်စားနေတဲ့သူတွေ ဖြစ်ပါတယ်။ အရေးကြီးဆုံးက တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ထွန်းလာအောင် တိုင်းရင်းသားလုပ်ငန်းရှင်တွေကလည်း တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်နဲ့ ငြိမ်းချမ်းရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်မယ်လို့ မျှော်မှန်းပါတယ်။ တရုတ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကိုလည်း စီးပွားရေးလုပ်ငန်းတွေမှာ နည်းပညာတွေ ပံ့ပိုးပေးဖို့ကို ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီး တိုင်းရင်းသားဒေသတွေကို ဦးစားပေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းက ပြောသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်(၅)ရပ်တွင် ပထမရည်မှန်းချက်ဖြစ်သည့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် ရိုင်းပင်းကူညီရေး၊ ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ပွဲတော်များ၊ ရိုးရာဓလေ့စကားဝိုင်းများ၊ ငြိမ်းချမ်းရေးစကားဝိုင်းများ၊ စာပေပွဲတော်များ၊ အမျိုးသားနေ့ပွဲတော်၊ တိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်များ၊ ပြည်နယ်နေ့များ၊ ရိုးရာဈေးပွဲတော်များကို တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည့် ဒေသများရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

"ဥပဒေအရ ပေးအပ်ထားတဲ့ဘောင်က ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်မှာ ကျင်းပတဲ့ တိုင်းရင်းသားရေးရာဆိုင်ရာ ပွဲများကို ပံ့ပိုးမှုများဖြင့် အကူအညီပေးပါတယ်။ အနည်းဆုံးတော့ အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့၊ ကောက်သစ်စားပွဲများ စသည်ဖြင့် လူမျိုးစုတိုင်းမှာ ရှိကြပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော်က ကိုယ်တိုင်တက်ရောက် ချီးမြှင့်ကြပါတယ်။ ကျွန်တော်တို့ မအားလပ်တဲ့ အခါများမှသာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက တက်ရောက်ချီးမြှင့်ပေးပါတယ်"ဟု ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပြောသည်။

"တိုင်းရင်းသားလူမျိုးစု အချင်းချင်း တွေ့ဆုံပြီး ရင်းနှီးချစ်ခင်လေးစားမှုရှိအောင် ဆိုပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးက တိုင်းရင်းသားများကို ဖိတ်ခေါ်ပြီး နေပြည်တော်အတွင်း လေ့လာရေးခရီးကို ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလေ့လာရေးခရီးကနေ ဘာတွေအသိပညာရသွားလည်းဆိုတော့ နေပြည်တော်ကြီး တိုးတက်သလို သူတို့ဒေသတွေ တိုးတက်ဖို့ အဓိကလိုအပ်နေတာက ငြိမ်းချမ်းရေးပဲဆိုတာ သူတို့အသိအမြင်ပွင့်သွားတယ်။ ငြိမ်းချမ်းရေးအပြင် အသိပညာဗဟုသုတ၊ ဖြဟ္မစိုရ်တရားတွေ ထွန်းကားဖို့လိုတဲ့ အကြောင်းကိုလည်း သူတို့သိရှိသွားပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

တိုင်းရင်းသားအချင်းချင်း တွေ့ဆုံရင်းနှီးအမြင်ချင်းဖလှယ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ တအာင်းနဲ့ လီဆူလူမျိုးများ၊ ရခိုင်ပြည်နယ်မှ

အထူးကဏ္ဍ [ ဂ ] သို့ »»»



(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ကပြဖျော်ဖြေစဉ်။



တောင်ရိုးအမျိုးသားနေ့အခမ်းအနား ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ခ ] မှ

ရခိုင်၊ ခမီ၊ မြို၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ ချင်း၊ အရှိုချင်း၊ မင်းပြားချင်း၊ မြေပုံချင်းနဲ့ ရမ်းဖြဲချင်းလူမျိုးများ၊ မတ်လတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကရင်လူငယ် အသင်းကို နေပြည်တော်သို့ လေ့လာရေးခရီး ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် မန္တလေးမြို့ Mandaly Social Science Institute (MSSI) သင်တန်းတက်နေသည့် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒုတိယ ရည်မှန်းချက်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေပါ သတ်မှတ်ချက်များအတိုင်း အပြည့်အဝ ခံစားရရှိရေးအတွက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံး ခွဲခြားဆက်ဆံခံရမှုမရှိဘဲ တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရန် ဆောင်ရွက်လျက်ရှိသည်။

"နည်းဥပဒေတစ်ခုကို ပြုစုတဲ့အခါမှာ တကယ့်အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတွေကို လုပ်ရမှာဖြစ်တဲ့အတွက် သေသေချာချာ စေ့စေ့စပ်စပ် လေ့လာဆွေးနွေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ တိုင်းရင်းသားအခွင့်အရေး မဟာဗျူဟာရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒုတိယဝန်ကြီး ဦးလှမော်ဦးက ဆိုသည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး နည်းဥပဒေ (မူကြမ်း)ကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ တိုင်းရင်းသားရေးရာဆိုင်ရာ ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် ညှိနှိုင်းဆွေးနွေးကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေး ဟောပြောဆွေးနွေးပွဲများကို တိုင်းရင်းသားဒေသများတွင် ၂၀၁၈ - ၂၀၁၉ ခုနှစ်အတွင်း ၆၁ ကြိမ်ပြုလုပ်ရန် လျာထားခဲ့ရာ ၂၉ ကြိမ်ပြုလုပ်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေနှင့်စပ်လျဉ်းသည့် အခြေခံအချက်အလက်များ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်ကို တိုင်းရင်းသားဒေသများတွင် ပြုလုပ်ခဲ့ပြီး အခွင့်အရေးဆိုင်ရာ အခြေခံနည်းနာသင်တန်းများပေးခဲ့ကြောင်း သိရသည်။

"စစ်တမ်းမေးခွန်းဖြေကြားမှုတွေအရ ရရှိလာသော တိုင်းရင်းသားတွေရဲ့ ဆန္ဒများအရ ဦးစားပေးနယ်ပယ်တွေကို ရွေးချယ်ပြီး **"မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမူကြမ်း"**ကို ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ မူလမူကြမ်းအပေါ် အလုပ်ရုံဆွေးနွေးပွဲတွေပြုလုပ်၍ အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ **မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ** အတည်ပြုပြီးနောက်မှာ **မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ**လုပ်ငန်းစီမံချက်ကို ဆက်လက်ရေးဆွဲအတည်ပြုပြီး မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အကြမ်းဖျင်း ၁၀ နှစ်ကာလအတွက် ရေးဆွဲထားပါတယ်။ ၂၀၁၉-၂၀၂၈ ပေါ့။ ဒါက မဟာဗျူဟာပါ။ သူ့နောက်မှာမှ အကောင်အထည်ဖော်မယ့် Strategic Planning ရေးဆွဲရမှာပါ။ မဟာဗျူဟာကို ရရှိနိုင်ဖို့ အကောင်အထည်ဖော်မယ့် နှစ်အလိုက်စီမံချက်တွေကို အတိအကျ ရေးဆွဲသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေကနေ အဆိုပြုလာတဲ့ ကာလအပိုင်းအခြားအလိုက်ကို ဦးစားပေး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်"ဟု တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းခေါင်က ပြောသည်။

**မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉ - ၂၀၂၈** ရေးဆွဲ၍ ဦးစားပေးလုပ်ငန်းအဖြစ် ရွေးချယ်နိုင်ခဲ့ပြီး မဟာဗျူဟာတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်ဆိုင်ရာများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးနွယ်စုအမည် မှန်ကန်စွာ မှတ်တမ်းပြုရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး၊ ကျား၊ မတန်းတူရေး၊ လူငယ်ရေးရာများ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရေး၊ ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ စီမံကိန်းများဆောင်ရွက်ရာတွင် ဒေသခံများအား ကြိုတင်ညှိနှိုင်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများ ပါဝင်ရေး၊ ဆေးဖက်ဝင်အပင်များကို ထိန်းသိမ်းရေး၊ အငြင်းပွားမှုဖြေရှင်းရေး၊ ပဋိပက္ခဖြစ်ပွားမှုကို လေ့လာဆန်းစစ်ရေး စသည့် ကဏ္ဍများ ပါဝင်သည်။

တတိယရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စာအုပ်စာတမ်းများ၊ မှတ်တမ်းများ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ ဓာတ်ပုံများ၊ ရိုးရာအကပဒေသာ ဗီဒီယိုဖိုင်များကို စုဆောင်းခဲ့သည်။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အသုံးအဆောင်များနှင့် ရိုးရာတူရိယာပစ္စည်းများကို ရှာဖွေစုဆောင်းကာ အများပြည်သူလေ့လာနိုင်ရန် ဝန်ကြီးရုံးတွင် ပြခန်းများခင်းကျင်းပြသနိုင်ခဲ့ကာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်နှင့်အညီ တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ နှီးနှောဖလှယ်ပွဲများ ကျင်းပခဲ့သည်။

ယခုနှစ် ဇန်နဝါရီလက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးခဲ့သည်။ ဖေဖော်ဝါရီလတွင် Geneva Call အဖွဲ့အစည်းနှင့် ပူးပေါင်း၍ Workshop on Preservation and Protection of Cultural in Myanmar ကိုကျင်းပ၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

"မြန်မာနိုင်ငံတွင် ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုက မြေပြင်ပေါ်မှာ မြင်တွေ့နေရတဲ့ ဘုရားပုထိုးတွေ၊ နန်းတော်ရာ၊ ကျုံး၊ တံတိုင်း၊ တူးမြောင်း အစရှိတာတွေ၊ ပြတိုက်တိုင်းမှာ ပြသထားတဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေ တစ်နည်းအားဖြင့် Tangible Culture Heritage (TCH) လက်နဲ့ ထိတွေ့ကိုင်တွယ်လို့ရတဲ့ ရုပ်ဒြပ်ရှိ ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှု Intangible Culture Heritage (ICH) က ပိုပြီး ကျယ်ပြန့်သိမ်မွေ့ပါတယ်။ လက်နဲ့ ထိတွေ့လို့ မရဘူး။ စိတ်နဲ့ပဲခံစားလို့ရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား ၁၃၅ မျိုးမှာ ကိုယ်ပိုင် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အများကြီး ရှိကြပါတယ်။ ဒါတွေကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက စာရင်းကောက်ယူမယ်။ နိုင်ငံတော်ကို တင်သွင်းမယ်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုတာ သိရအောင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဝန်ထမ်းတွေကို နေပြည်တော်ဝန်ကြီးရုံးမှာ သင်တန်းပေးပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှု သဘောကို သင်တန်းပေးမှသာလျှင် နောင်လာနောက်သား မျိုးဆက်သစ်တွေ နားလည်မှာပါ။ သူတို့ နားလည်မှ မပျောက်ပျက်အောင် ဘယ်လိုထိန်းသိမ်းမလဲဆိုတာ သိမှာပါ"ဟု ပြတိုက်ပညာရှင် ဒေါက်တာ နုမြဇံက ပြောသည်။

တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မူလတန်းကြို တိုင်းရင်းသား

အထူးကဏ္ဍ [ ဃ ] သို့ »»



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




တိုင်းရင်းသားပုံပြင်စာအုပ် (ရုပ်ပြ)များကို တွေ့ရစဉ်။

»» အထူးကဏ္ဍ [ ဂ ] မှ

ကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့် တိုင်းရင်းသားပုံပြင်စာအုပ် (ရုပ်ပြ)များကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် အုပ်ရေ ၇၅၀၀၀၀ ကျော် ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

"ဒီလိုဆောင်ရွက်တာဟာ တိုင်းရင်းသားလူမျိုးစုတွေအချင်းချင်း စာပေယဉ်ကျေးမှု အပြန်အလှန် သိရှိနားလည်ပြီး ရင်းနှီးချစ်ကြည်မှုကတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလမ်းစဉ် အောင်မြင်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေးကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားကလေးငယ်တွေ အသိပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံဖြစ်တဲ့ ပုံပြ ပုံပြင်စာအုပ်တွေကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် သတ်မှတ်ထားတဲ့ အရေအတွက်အတိုင်း ထုတ်ဝေခြင်းကို နိုင်ငံပိုင်သတင်းစာတွေကတစ်ဆင့်ကြေညာပြီး အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ စာအုပ်တွေကို ယဉ်ကျေးမှုအဖွဲ့တွေဆီ ဖြန့်ဝေပေးဖို့ အစီအစဉ်ရှိပါတယ်။ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်း တော်တော်များများ စုဆောင်းပြီး ပုံပြင်စာအုပ်၊ စကားပုံ၊ စကားထာ၊ ဆိုရိုးစကားစာအုပ်တွေ၊ သူတို့ရဲ့ နေ့ထူးနေ့မြတ် ဖြစ်ပေါ်လာပုံကို စာအုပ်တွေ ထုတ်ထားပါတယ်။ တိုင်းရင်းသားတွေရဲ့ အမည်နာမပေးပုံကို သုတေသနစာအုပ် ထုတ်ဝေဖို့ အချက်အလက်တွေ စုဆောင်းနေပါတယ်" ဟု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ကပြောသည်။

စတုတ္ထ ရည်မှန်းချက်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ မူလဝိသေသ လက္ခဏာများ မပျောက်ပျက်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ပေးရေးကို အကောင်အထည်ဖော်မှုအနေဖြင့် အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေတွင် ပါဝင်သည့်အတိုင်း တိုင်းရင်းသားများ၏ စကားစာပေ အနုပညာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်ရာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပကာ လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်စေခဲ့သည်။

"တိုင်းရင်းသားလူမျိုးတွေရဲ့ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးတမ်းတွေ၊ ပွဲတော်တွေနဲ့ ရှေးဟောင်းသမိုင်းမှတ်တမ်းဝင် အဆောက်အအုံ၊ ရှေးဟောင်းနေရာဒေသတွေ၊ ရှေးဟောင်းပစ္စည်းတွေ စတဲ့ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို လက်တွေ့ကျကျ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ် ကလောမြို့ တောင်ပို့လှရွာမှာ နေထိုင်ကြတဲ့ ထနော့တိုင်းရင်းသားမျိုးနွယ်စု အကြောင်း ကွင်းဆင်းရိုက်ကူးကာ Documentary တွေ မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါတယ်" ဟု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ပြောသည်။

**နိုင်ငံတော်က ရည်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်အောင် ကျွန်တော်တို့ ဦးစီးဌာနက တစ်ထောင့်တစ်နေရာက ကြိုးပမ်းဆောင်ရွက် သွားပါမယ်လို့ ပြောကြားလို**




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ပဉ္စမရည်မှန်းချက် အကောင်အထည်ဖော်မှုအနေဖြင့် အခြားသောဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တိုင်းရင်းသားများ တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်များပါဝင်သည်။ ပညာသင်ကြားခွင့်တွင် တိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို မထိခိုက်စေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ ပညာရေးတိုးတက်မြင့်မားလာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တန်းတူရရှိရန် ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အရ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ပြင်ပဆရာ ဆရာမ ၅၁၆၁ ဦးကို နေ့စားလပေး Teaching Assistant များအဖြစ် ခန့်ထားနိုင်ခဲ့သည်။

ယခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေသင်ကြားမည့် နေ့စားလပေး ဆရာ ဆရာမ Teaching Assistant နှင့် တိုင်းရင်းသားဘာသာသင် Language Teacher များ ထပ်မံခန့်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ နွေရာသီကာလအတွင်း အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားစာပေသင်ကြားရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်များ၊ ယူနီဆက်မှထုတ်ဝေသော နို့ဆော် ပညာပေးပိုစတာများကို တိုင်းရင်းသား ဘာသာသို့ ဘာသာပြန်ပေးခဲ့ပါသည်။ ကျန်းမာရေးဆိုင်ရာ စံပြအချက်အလက်များ စာအုပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ယူနီဆက်တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာများအနက် ဘာသာပေါင်း ၅၅ မျိုးကို မြန်မာဘာသာမှ တိုင်းရင်းသားဘာသာသို့ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ဘာသာပြန်၍ အပြီးသတ် ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးလက်စွဲ သဖွယ် ပုံနှိပ်စာအုပ်များအဖြစ် အသုံးဝင်အောင် ပြုစုတင်ပြထားကြောင်း သိရသည်။

တိုင်းရင်းသား လူမျိုးများနှင့် တိုင်းရင်းသားဒေသများမှ ပြည်သူလူထုများ၏ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးဖူလုံရေးနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၃၀ တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားစနစ်ရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး Mr. Li Changping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် လာရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့မှ တိုင်းရင်းသားရေးရာကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများရှိ မြန်မာနိုင်ငံတိုင်းရင်းသားများအနေဖြင့် အခွင့်အရေးများ နစ်နာဆုံးရှုံးနေသည်ဟု ယူဆချက်များအပေါ် လက်နက်ကိုင်မဖြေရှင်းဘဲ ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်လာရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ တိုင်းရင်းသားရေးရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Myanmar China Economic Cooperation Development Promotion Association ဥက္ကဋ္ဌ Mr. Li Faun နှင့်အဖွဲ့က နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့နှင့် ချိတ်ဆက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်၊ ကွမ်ရှီး၊ ကွမ်ဒုံးနှင့် စီချွမ်းမြို့တို့၌ တရုတ်နိုင်ငံဘက်မှ လူမျိုးစု ၅၆ စုနှင့် မြန်မာနိုင်ငံဘက်မှ လူမျိုးစု ၁၃၀ ကျော်တို့၏ ယဉ်ကျေးမှုရိုးရာဝတ်စုံများ၊ ဒေသထွက်အစားအစာများ၊ ချစ်ကြည်ရေးပွဲတော်များ ကျင်းပနိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းထားရှိပြီးဖြစ်၍ နယ်စပ်ဒေသများရှိ တိုင်းရင်းသားအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရုံးမြေနေရာများ သတ်မှတ်၍ ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်များ ဆောက်လုပ်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးနိုင်ရေးနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားများနှင့် ရိုးရာပွဲတော်များ ကျင်းပရာတွင် အားပေးကူညီမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနတွင် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် အသုံးအဆောင်ပစ္စည်းများကို တိုးချဲ့ခင်းကျင်းပြသနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ စတင်ခဲ့သော ပြည်တွင်းစစ်မီးကို ယနေ့အချိန်အထိ အပြီးတိုင် မငြိမ်းသတ်နိုင်သေးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဒီမိုကရေစီအစိုးရက (၂၁) ရာစု ပင်လုံညီလာခံကျင်းပပြီး အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး အဖြေရှာလျက်ရှိသည်။

"ကျွန်တော်တို့ တိုင်းပြည်မှာ အဓိကလိုအပ်တာ ငြိမ်းချမ်းရေးပဲ။ တိုင်းရင်းသားတွေကြားထဲမှာ တူညီစွာခံစားရမှုမရှိဘူးဆိုတဲ့ စိတ်ခံစားချက်ကို လျော့ပါးစေဖို့လိုပါတယ်။ ကွာဟချက်တွေ လျှော့ချဖို့ဆိုတာ ကဏ္ဍစုံဘက်စုံက ဆောင်ရွက်နေတာတွေ ရှိသလို သူတို့ရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ အရေးပါတဲ့မူဘောင်ရှိပါတယ်။ တိုင်းရင်းသားတွေကြားထဲမှာ မတူညီမှုတွေ၊ ကွာဟချက်တွေ တဖြည်းဖြည်း ကျဉ်းမြောင်းလာတာနဲ့အမျှ သူတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုမိုခိုင်မာလာမယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ အေးအတူပူအမျှ ပြည်ထောင်စုကြီးမှာ နေထိုင်လာမယ်။ နိုင်ငံတော်က ရည်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်အောင် ကျွန်တော်တို့ ဦးစီးဌာနက တစ်ထောင့်တစ်နေရာက ကြိုးပမ်းဆောင်ရွက်သွားပါမယ်လို့ ပြောကြားလိုပါတယ်" ဟု ဒေါက်တာအယ်လ်တူးမိန်းခေါင်က ပြောသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးအဖြေရှာရာတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံးက ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ယုံကြည်နားလည်မှု စသည့်အပေးအယူများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

ပင်လုံစိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသားညီနောင်များ စည်းလုံးညီညွတ်သောအားဖြင့် ပန်းတိုင်သို့ ရောက်နိုင်သည်ဆိုသော စိတ်ဓာတ်ပင်ဖြစ်ပြီး တန်းတူညီမျှမှု၊ တရားမျှတမှုကို အခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဖြတ်သန်းအကောင်အထည်ဖော်နေခြင်းသည် ပင်လုံစိတ်ဓာတ် ရရှိရေးအတွက် ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်၌ ပေါ်ပေါက်ခဲ့ဖူးခြင်းမရှိသေးသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာ၌ အခြားသောဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရအဖွဲ့များ၊ ယင်းအစိုးရအဖွဲ့များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ရှိ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးနှင့် ချိတ်ဆက်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ငြိမ်းချမ်းရေးချိုးငှက်ပုံပါ အပြာရောင်ဘောလုံး ၁၀၀၀ လွှတ်တင်မည်

**မန္တလေး ဧပြီ ၁၁**

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်အား ဧပြီ ၁၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ကျောင်းသူအင်အား ၅၀၀ နှင့်အတူ ယိမ်းအကအဖွဲ့များစုပေါင်း၍ မန်းတောင်ရိပ်ခို သီချင်းနှင့် အောင်မြင်ပါစေမြန်မာပြည်သီချင်းများ သီဆိုကပြကာ ငြိမ်းချမ်းရေးချိုးငှက်ပုံပါ အပြာရောင်ဘောလုံး ၁၀၀၀ လွှတ်တင်၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန်ရဲ့ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျောင်းသူအင်အား ၅၀၀ နဲ့အတူ မန္တလေးစည်ပင်ယိမ်းအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ယိမ်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့၊ တိုင်းရင်းသားလူမျိုး ၁၈ ဖွဲ့က အင်အား ၈၀ ပါဝင်တဲ့ အကအဖွဲ့တွေ ပူးပေါင်းသီဆိုကပြပြီး ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

ထို့ပြင် ၎င်းအကြိုနေ့မှာပင် မနော်ရမ္မကွင်းတွင် တိုးချဲ့ကျင်းပသည့် တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ကျုံးအရှေ့ဘက်ခြမ်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရေကစားမဏ္ဍပ်ကိုလည်း ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်ကျင်းပမည့် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့ ၁၈ ဖွဲ့နှင့် သံချပ်အဖွဲ့ ၁၂ ဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့များမှ မဟာအောင်မြေမြို့နယ် မနော်ရမ္မကွင်းရှိ တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှ အကြတ်နေ့အထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အတက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဓာတ်ပုံ- အောင်မြိုးကျော်

# ညောင်ဦးတွင် လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ညောင်ဦး ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် အတာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

အတာသင်္ကြန်ဗဟိုမဏ္ဍပ်အား ပုဂံမြို့ဟောင်း သွားလမ်း ရွှေစည်းခုံဘုရားတောင်ဘက်ကွင်းပြင် သတ်မှတ်နေရာတွင် ဆောက်လုပ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်သူများပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အလှဆင်ပစ္စည်းများတပ်ဆင်၍ ခရိုင်တရားရုံး အနောက်ဘက်သင်္ကြန်မုခ်ဦးမှ ရွှေစည်းခုံဘုရားကြီး တောင်ဘက်စောင်းတန်း သင်္ကြန်မုခ်ဦးအထိ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များဖြင့် အဖွဲ့ ၂၅ ဖွဲ့ပါဝင်၍ စည်ကားသိုက်မြိုက်စွာ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ်ထည့်သွင်းကျင်းပတဲ့လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုတော့ အထူးခြားဆုံးနဲ့ အလှပဆုံးဖြစ်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အလှဆင်ပစ္စည်းများကို တပ်ဆင်ပြီး ပြုလုပ်သွားမှာဖြစ်ပြီး ယခုလက်ရှိမှာ အတာသင်္ကြန်ရေသဘင်ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ မြို့မိမြို့ဖတွေ ဦးဆောင်ပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် အရုပ်အလှဆင်ခြင်းများ ပြုလုပ်နေကြပါတယ်။ ဒါ့အပြင် သင်္ကြန်ပွဲတော်ရက်အတွင်း နေ့အလိုက် ယိမ်းအကပြိုင်ပွဲများအပါအဝင် ဖျော်ဖြေရေးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုအစီအစဉ်များ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များမှ သင်္ကြန်ပွဲတော်ရက်အတွင်း ကုသိုလ်ပြု ကျွေးမွေးဧည့်ခံခြင်းအစီအစဉ်များပါဝင်မှာ ဖြစ်ပါတယ်" ဟု ညောင်ဦးမြို့နယ် အတာသင်္ကြန်ရေသဘင်ပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးခိုင်လင်းမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မြိတ်မြို့မဟာသင်္ကြန်မဏ္ဍပ်များ၌ ရေကစားလက်မှတ်ဝယ်ယူသူ ပိုမိုများပြား

**မြိတ် ဧပြီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မဟာသင်္ကြန်မဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိရာ သင်္ကြန်ကာလလေးရက်အတွက် မဏ္ဍပ်များ၌ ရေကစားလက်မှတ်များဝယ်ယူသူ ယခင်နှစ်ကထက် ယခုနှစ်တွင် ပိုမိုများပြားလာကြောင်း ဒေသခံရေကစားမဏ္ဍပ် ဆောက်လုပ်နေသူများထံမှ သိရသည်။

မြိတ်မြို့တွင် မဟာသင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ် ပေ ၃၀ အထက် သင်္ကြန်ရေကစားမဏ္ဍပ် ၁၂ ခုကျော်ကို ဆောက်လုပ်ခွင့်ပြုထားပြီး ရေကစားမဏ္ဍပ် အလတ်၊ အသေး ၂၀ ကျော်ရှိကြောင်း သိရသည်။

သင်္ကြန်မဏ္ဍပ်ရေကစားခွင့်လက်မှတ်များကို သက်ဆိုင်ရာရပ်ကွက်များမှ မဏ္ဍပ်များတွင် အပြိုင်အဆိုင်ရောင်းချနေပြီဖြစ်သောကြောင့် လက်မှတ်ခနှုန်းသည် တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိရှိကာ သင်္ကြန်ကာလလေးရက်အတွက် ငွေကျပ် ၄၅၀၀၀ အထိ ရောင်းချလျက်ရှိသည်။

"အရင်တုန်းကတော့ မဏ္ဍပ်မလုပ်ဘဲ လူငယ်တွေဆိုတော့ ရေကစားချင်တော့ ကိုယ့်အိမ်ရှေ့မှာကိုယ် ခုံခက်လေးတွေနဲ့ မဏ္ဍပ်လုပ်ပြီး ရေကစားတယ်။ နောက်ပိုင်းကျတော့ အမြင်ကျယ်လာပြီး သူငယ်ချင်းတွေစုပေါင်းစည်းရုံးကာ မဏ္ဍပ်ကြီးဆောက်ပြီး ရေကစားဖြစ်တာပါ။ ရေကစားလက်မှတ်က တစ်ရက်ကိုငွေကျပ် ၁၀၀၀၀၊ ၁၅၀၀၀ ရှိပါတယ်။ သင်္ကြန်အကြို၊ အကျ၊ အကြတ် ဒီသုံးရက်ကို တစ်ရက် ၁၀၀၀၀ ကျပ်နှုန်းပါ။ သင်္ကြန်အတက်နေ့ကတော့ ငွေကျပ် ၁၅၀၀၀ ယူပါတယ်။ နောက်ဆုံးရက်က လူပိုများတော့ ပိုပြီးထိန်းရတယ်။ ကျွန်တော်တို့က ငွေကြေးကို အဓိကမထားပါဘူး။ လူငယ်တွေ စည်းစည်းလုံးလုံးနဲ့ နှစ်ကူးမှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ရေကစားဖို့ပါ" ဟု မြိတ်မြို့ မြိတ်တောင်ကျေးရွာ ကန်ဖျားမြေနီလမ်းရှိ CRUSH ရေကစားမဏ္ဍပ်မှ ကိုမင်းခန့်လူးက ပြောသည်။

**မြင့်ဦး(မြိတ်)**

## အိမ်မဲမြို့၌ မဟာသင်္ကြန်တွင် ဗဟိုမဏ္ဍပ်တစ်ခုထားပြီး ယိမ်းအကများဖြင့် ဖျော်ဖြေမည်

**အိမ်မဲ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့တွင် ၂၀၁၉ ခုနှစ်မဟာသင်္ကြန်ကို ယခင်နှစ်များနှင့်မတူဘဲ ထူးခြားစွာဖြင့် ဗဟိုမဏ္ဍပ်တစ်ခုထားပြီး ယိမ်းအကများနှင့် အခြားဖျော်ဖြေရေးများပါ ထည့်သွင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗဟိုမဏ္ဍပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ (၂) လမ်းတွင်ထားရှိမည်ဖြစ်ပြီး ယိမ်းအဖွဲ့ ၁၅ ဖွဲ့က မဟာသင်္ကြန်အကြိုနေ့ ညနေ ၆ နာရီတွင် မြူမှောင်ဝေကင်းသီချင်းဖြင့် ဖျော်ဖြေဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အကျနေ့မှစ၍ တစ်ညကို ငါးယိမ်းစီ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယိမ်းအကပြိုင်ပွဲများကို အနုပညာတက္ကသိုလ်မှ ပညာရှင်များက လာရောက်၍ အကဲဖြတ်ပေးမည်ဖြစ်ပြီး မဟာသင်္ကြန်အကြိုနေ့မှစ၍ ဗဟိုမဏ္ဍပ်တွင် ရွှေရင်အေး၊ မုန့်လက်ဆောင်းစတုဒိသာများ ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်အတက်နေ့ညတွင် ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ၈၅ နှစ်အထက် မြို့ပေါ်ငါးရပ်ကွက်မှ အဘိုး အဘွား ၆၇ ဦးကို သက်ကြီးပူဇော်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

# ဟင်္သာတပဒေသာဈေးလမ်းမကြီး၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရန် ပြင်ဆင်မှုပြီးစီး

**ဟင်္သာတ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပဒေသာဈေးကော်မတီအဖွဲ့များဦးဆောင်မှုဖြင့် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရန် ပြင်ဆင်ထားရှိမှုရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်ကျင်းပမည့် လမ်းမကြီးတွင် လာရောက်ရေကစားသူများ အပူဒဏ်သက်သာစေရန် အစိမ်းစ (အပူဒဏ်ခံ)များကို လမ်းတစ်လျှောက်မိုးပေးထားပြီး အေးချမ်းစွာရေကစားနိုင်ရန် ပိုက်လိုင်းသွယ်တန်းပြီး ကောင်းကင်ရေဖျန်းစနစ်(ရေပန်းများ)အား အဓိကထားတပ်ဆင်ပေးထားကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ပဒေသာဈေးနှင့် အားကာဈေးရှေ့လမ်းမကြီးတွင် ကျင်းပနိုင်ရန် ဦးဆောင်အဖွဲ့များနှင့် ဈေးလူငယ်အဖွဲ့များက အပြီးသတ်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီး ယင်းလမ်းလျှောက်သင်္ကြန်တွင် မဟာသင်္ကြန်



အကြိုနေ့မှစတင်၍ စတုဒိသာ ကျွေးမွေးလှူဒါန်းမည့် အစီအစဉ်များ တစ်နေ့လျှင်နှစ်ကြိမ် ပါဝင်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ေမ ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်တို့ အလုံလမ်းမီးရထားခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ သီဟထွန်း

# ဒေးဒရဲမြို့နယ်၌ မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မသင်တန်း(ဗဟိုအဆင့်)စာမေးပွဲကျင်းပ

**ဒေးဒရဲ ေမ ၁၁**

မဇ္ဈိမဝံသ မြန်မာရဟန်းတော်များ အဖွဲ့ချုပ်က ဦးဆောင်၍ ကျင်းပသော မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မသင်တန်း (ဗဟိုအဆင့်) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာမေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက်ရှိ မင်္ဂလာကံကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲသို့ ၂၀၁၉ ခုနှစ်အတွက် မူလတန်းအဆင့် ၈၂ ဦး၊ အလယ်တန်းအဆင့် ၇၇ ဦး၊ အထက်တန်းအဆင့် ၁၈ ဦး စုစုပေါင်း ၁၇၇ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြကြောင်း စာမေးပွဲကြီးကြပ် ဆရာတော်များထံမှ သိရသည်။

စာမေးပွဲ ကျင်းပနေစဉ် မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မသင်တန်း(ဗဟိုအဆင့်)စာမေးပွဲဖြစ်မြောက်ရေး ဒေးဒရဲစာစစ်ဌာနတာဝန်ခံ ဦးတေဇဓမ္မနှင့် စာမေးပွဲဖြစ်မြောက်ရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြင့်မြင့်ခိုင်(ပြန်/ဆက်)



# ကရင်ပြည်နယ်တွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ဘားအံ ေမ ၁၁**

ကရင်ပြည်နယ်အတွင်း သဘာဝကျောက်လိုဏ်ဂူများနှင့် သမိုင်းဝင်ဂူဘုရားများ၊ အပန်းဖြေနိုင်ရန် သဘာဝရေတံခွန်များ၊ ဆံတော်ရှင်စေတီအပါအဝင် တန်ခိုးကြီးဘုရားများ အပြင် ရိုးရာယဉ်ကျေးမှုများ၊ သဘာဝအလှတရားများကြောင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များနှင့် လာရောက်လည်ပတ်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ ထို့ကြောင့် သင်္ကြန်ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများ ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် တည်းခိုရန်အခက်အခဲများရှိပါက တည်းခိုနိုင်ရန် စီစဉ်ပေးထားသည့်အပြင် ဘုရားဖူးဧည့်သည်များကိုလည်း သက်သတ်လွတ်ထမင်း၊ ဟင်းဖြင့် သုံးဆောင်နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

"ပြည်တွင်းခရီးသွားတွေကတော့ ပုံမှန်ဆိုတစ်ရက်ကို နှစ်ထောင်ကျော်ကနေ သုံးထောင်ကျော်အထိလာတယ်။ ပြည်ပက လာရောက်လေ့လာလည်ပတ်သူကတော့ နေ့စဉ် ၅၀ ခန့်အထိရှိတယ်။ အများဆုံးလာတဲ့နိုင်ငံတွေက ဂျာမနီနဲ့ ပြင်သစ်နိုင်ငံက များတယ်။ ပြည်တွင်းက ဘုရားဖူးဧည့်သည်တွေကို အချိန်နောက်ကျလို့ တည်းဖို့အခက်အခဲရှိလာရင် ဓမ္မာရုံတွေပေါ်မှာ တည်းခိုနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ လာရောက်လည်ပတ်သူတွေကို ဝါတွင်းဆို အဖိတ်နေ့နဲ့ ဥပုသ်နေ့တွေမှာ သက်သတ်လွတ် စတုဒိသာကျွေးတယ်။ ဝါထွက်ရင်တော့ စနေနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ ကျွေးပါတယ်။ သင်္ကြန်ကာလကတော့ ကျောင်းရဲ့ဘုရားပွဲလည်းဖြစ်တဲ့အတွက် နေ့စဉ်ကျွေးတာပါ"ဟု ကော့ဂွန်းဂူဘုရားတွင် သီတင်းသုံးသည့် ဆရာတော် ဦးဓမ္မပါလက မိန့်ကြားသည်။

ကရင်ပြည်နယ်အတွင်း သဘာဝထုံးကျောက်လိုဏ်ဂူများအနက် အထင်ရှားဆုံး ထုံးကျောက်တောင်များဖြစ်သော ဘုရင့်ညီဂူဘုရား၊ ဆဒ္ဒန်ဂူဘုရား၊ ကော့ဂွန်းဂူဘုရား၊ ရသေ့ပျံဂူဘုရား၊ ကော့ကသောင်ဂူဘုရား၊ ဣန္ဒာသယဂူဘုရားတို့မှာ ဘားအံမြို့အနီးဝန်းကျင်တွင် ရှိသည်။ ဇွဲကပင်ဆံတော်ရှင် သေဠာရ်မာန်အောင်ဘုရား၊ ရွှေရင်မျှော်ပြည်တော်အေးစေတီ၊ ကျောက်ကလပ်စေတီ၊ ဗုဒ္ဓဂယာစေတီတို့မှာ တန်ခိုးကြီးဘုရားများဖြစ်ပြီး တစ်ဆက်တည်းပင် သဘာဝအလှတရားများစုဝေးရာ နေရာများဖြစ်သည့် တောင်ဝိုင်းတောင်၊ ကျုံထော်ရေတံခွန်၊ ပရေကျေဒိုးရေတံခွန်၊ ကွီးကျဲစမ်းချောင်း၊ ဝင်းကျန်ကျွန်း၊ လွန်းညရေပြာအိုင်၊ ကန်သာယာတံတား၊ ချစ်သူမြိုင်ဥယျာဉ်၊ ရေလိုဏ်ဂူ၊ လင်းနို့ဂူ၊ ရေတံခွန်ရွာထမင်းဆုပ်တောင်ရေလယ်ကျွန်း၊ ဖားနွဲ့ကျွန်း၊ တောင်စွန်းရွာနှင့် မိဇံကျေးရွာတို့ ဖြစ်ကြသည်။





ထို့အပြင် ဒေသခံတိုင်းရင်းသားများ၏ ကရင်ရိုးရာဂျပ်ခုတ်လုပ်ငန်းကိုလေ့လာနိုင်သကဲ့သို့ ဘားအံမြို့နယ် လက္ခဏကျေးရွာအုပ်စုထဲရှိ အိမ်ခြေ ၁၀ အိမ်ကျော်၊ လူဦးရေ ၄၀ ကျော်လောက်သာရှိပြီး ခေတ်အဆက်ဆက် ရိုးရာဓလေ့ကိုထိန်းသိမ်းလာကြသည့် ရှေးကျပြီး ရိုးသားဖြူစင်သော တလဂုဏ်(တလာကူ)ကရင်တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ဂုဏ်သာဖောင်ကျေးရွာမှာ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည်။ ထို့အပြင် ဘားအံမြို့၏ နာမည်ကြီးထွက်ကုန်ပစ္စည်းတစ်ခုဖြစ်သည့် ပိုးမျှင်ဆပ်ပြာ (Handmade Silk Soap)မှာ ပြည်ပခရီးသွားဧည့်သည်များကို အကြိုက်တွေ့စေသော ဆပ်ပြာတစ်မျိုးဖြစ်ကြောင်း သိရသည်။ မင်းသူ(ဘားအံ)

# သင်္ကြန်ကာလအတွင်း မန္တလေး-မြစ်ကြီးနား မီးရထားများ ပြေးဆွဲမှု ခေတ္တရပ်နားမည်

**ခင်ဦး ေမ ၁၁**

ပုံမှန်ပြေးဆွဲနေသော မန္တလေး-မြစ်ကြီးနား မီးရထားများသည် သင်္ကြန်ကာလအတွင်း ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ခင်ဦးမြို့ဘူတာရုံမှ သိရသည်။

ေမ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်(သင်္ကြန်အကျ၊ အကြတ်၊ အတက်)နေ့တို့တွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် မန္တလေး-မြစ်ကြီးနား လေအိတ်အထူးရထား၊ အမှတ်(၃၇) အဆန်၊ (၃၈) အစုန် မန္တလေး-မြစ်ကြီးနား မြစ်ဆုံအထူးအမြန်ရထား၊ အမှတ်(၅၇) အဆန်၊ (၅၈) အစုန် မန္တလေး-မြစ်ကြီးနား မန္တလာအထူးအမြန်ရထား၊ အမှတ်(၅၃)အဆန်၊ (၅၄) အစုန် ကောလင်း-မန္တလေး (RBE) အမြန်ရထား၊ အမှတ် (၂၁၅) အဆန်၊ (၂၁၆) အစုန် ခင်ဦး-မန္တလေး (RBE) ရထားတို့ ပြေးဆွဲမှုရပ်နားထားပြီး ေမ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်တို့တွင် တင်းတိန်ရုံ-ရွှေဘို(RBE) လော်ကယ်ရထားတို့ ပြေးဆွဲမှုရပ်နားထားမည်ဖြစ်ကြောင်း ခင်ဦးမြို့ဘူတာမှ ဒုတိယရုံပိုင် ဦးမင်းခိုင်၏ ပြောကြားချက်အရ သိရသည်။ ခင်ဦးစိုးဝေ

# သင်္ကြန်ကာလအတွင်း ငပုတောမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသော နဝရတ်ယာဉ်လိုင်း ရပ်နားမည်

**ငပုတော ေမ ၁၁**

ငပုတောမြို့မှ ရန်ကုန်မြို့သို့ပြေးဆွဲပေးနေသော နဝရတ်ယာဉ်လိုင်းအား သင်္ကြန်ကာလအတွင်း အကြိုနေ့မှ အတက်နေ့(ေမ ၁၃ ရက်မှ ၁၆ ရက်)အထိ ယာဉ်လိုင်းပြေးဆွဲမှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလအတွင်း ယာဉ်လိုင်းပြေးဆွဲမှုကို ခေတ္တရပ်နားလေ့ရှိပြီး နှစ်ဆန်း ၁ ရက်နေ့တွင် ပုံမှန် ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း နဝရတ်ယာဉ်လိုင်းဂိတ်မှူးထံမှ သိရသည်။ လှမင်းထွဋ်(ပြန်/ဆက်)

# ကလေးသူငယ်များအား ပုံပြင်ပြောပြခြင်းနှင့်အရုပ်ဆက်နည်းများသင်ကြား

**ထီးချိုင့် ေမ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူလေးများ အတွေးအခေါ် စွမ်းရည်မြှင့်မားလာစေရန်၊ ပြင်ပဗဟုသုတ စွမ်းရည်မြင့်မားစေရန်၊ စာကြည့်တိုက်နှင့်ရင်းနှီးပြီး စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ယနေ့နံနက် ၁၁ နာရီတွင် ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ကလေးငယ်များအား ပုံပြင်များပြောပြခဲ့ပြီး ဒေါ်လဲ့လဲ့ခိုင်(ရုပ်သံ- ၃)က အရုပ်ဆက်ကစားနည်းများကို သင်ကြားပြသခဲ့သည်။ ရဲလင်းထွန်း (ပြန်/ဆက်)





# သရက်ချောင်းမြို့နယ်၌ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**သရက်ချောင်း ေမ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးစက်ချုပ် နှစ်လသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်း အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက သင်တန်းသူများ လက်တွေ့ချုပ်လုပ်ထားသည့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ မျိုးချစ်ဦး(ပြန်/ဆက်)

# ရန်ကုန်-မန္တလေးခရီးစဉ် သင်္ကြန်အထူးရထားတွဲဆိုင်းနှင့် ရန်ကုန်-ပြည်ခရီးစဉ်၌ ရထားတွဲများ ထပ်မံဖြည့်တင်းပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၁၁**

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ရထားစီးခရီးသွားပြည်သူများ၏လိုအပ်ချက်အရ ပုံမှန်ရထားတွဲဆိုင်းများအပြင် ဧပြီ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပြေးဆွဲပေးမည့် ရန်ကုန်-မန္တလေးခရီးစဉ် သင်္ကြန်အထူးရထားတွဲဆိုင်းကို တွဲ ခုနစ်တွဲ ထပ်မံဖြည့်တင်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"အခုကတော့ ဧပြီ ၁၂ ရက်မှာလိုက်ပါစီးနင်းမယ့် ခရီးသွားပြည်သူတွေ လွန်စွာများပြားမှာမို့ အဲဒီနေ့တစ်ရက်အတွက်ကို ရထားစီးအဆင်ပြေစေဖို့ ရထားတွဲတွေကို ထပ်မံဖြည့်တင်းလိုက်တာပါ။ ရထားတွဲတွေက အပိုသီးသန့် မရှိပါဘူး။ အခြားခရီးစဉ်ကပြေးဆွဲနေတဲ့ ရထားတွဲဆိုင်းက တွဲတွေကို လှည့်ယူအသုံးပြုပြီး ရထားတွဲ ခုနစ်တွဲနဲ့ ဖြည့်တင်းပေးလိုက်တာပါ"ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇) မန်နေဂျာ(သွားလာရေး၊ တိုင်း) ဦးဇော်လွင်က ရှင်းပြသည်။

လက်ရှိပုံမှန်ပြေးဆွဲပေးနေသည့် သင်္ကြန်အထူးရထားတွဲဆိုင်းတွင် ရိုးရိုးတန်း ငါးတွဲ၊အထက်တန်းထိုင်ခုံ လေးတွဲနှင့် အထက်တန်းအိပ်စင် သုံးတွဲဖြင့် ရထားတွဲစုစုပေါင်း ၁၂ တွဲဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ဧပြီ ၁၂ ရက် ညနေပိုင်းခရီးစဉ်အတွက် ရိုးရိုးတန်း ငါးတွဲနှင့် အထက်တန်း နှစ်တွဲကို ထပ်မံတိုးချဲ့ချိတ်ဆက်၍ ပြေးဆွဲပေးမည်ဖြစ်ရာ ရထားတွဲ စုစုပေါင်း ၁၉ တွဲပါဝင်သော ရထားတွဲဆိုင်းဖြစ်သွားမည်ဖြစ်ကြောင်း၊ အလားတူ နေ့စဉ်မွန်းလွဲ ၁ နာရီတွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-ပြည်ခရီးစဉ်ရထားတွဲဆိုင်းအတွက် မြစ်ငယ်စက်ရုံ၌ ပြုပြင်၍ မှာယူထားသောတွဲ နှစ်တွဲဖြင့် ရိုးရိုးတန်းနှစ်တွဲကို ဧပြီ ၁၀ ရက်တွင် ထပ်မံဖြည့်တင်းပြေးဆွဲပေးနေကြောင်းနှင့် ဧပြီ ၁၃ ရက်အထိ ပြေးဆွဲပေးမည်ဖြစ်ကြောင်း။




ရန်ကုန်-မန္တလေးခရီးစဉ် သင်္ကြန်အထူးရထားတွဲဆိုင်းအားတွေ့ရစဉ်။

ရထားလက်မှတ်ခနှုန်းထားများကိုလည်း ယခင်ဈေးနှုန်းအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ရောင်းချပေးသွားမည်ဖြစ်ကြောင်း တိုင်းအမှတ်(၇) မန်နေဂျာ (သွားလာရေး၊ တိုင်း)ဦးဇော်လွင်က ပြောသည်။

"မနက် ၄ နာရီလောက်ကတည်းက လက်မှတ်ရုံမှာ လာတန်းစီပြီး လက်မှတ်ဝယ်ယူတာပါ။ အထက်တန်းထိုင်ခုံဆိုတော့ လက်မှတ်ခက ငွေကျပ် ၉၃၀၀ ပေးရပါတယ်။ သမီးနဲ့ သူငယ်ချင်းအတွက် လက်မှတ်ဝယ်ယူရာမှာ လက်မှတ်ခပိုမပေးရပါဘူး။ တန်းစီသူတွေကတော့ များတယ်။ ရထားလက်မှတ်ဝယ်ယူရတာ ဘာအခက်အခဲမှတော့မရှိပါဘူး။ စောစောလာရတာတစ်ခုပဲရှိပါတယ်။ ဒီလိုမျိုး သင်္ကြန်အထူးရထားပြေးဆွဲပေးတာ ကောင်းပါတယ်။ ဒီအတိုင်းဆို ရထားလက်မှတ် ဝယ်ရတာအဆင်မပြေပါဘူး။ ခုလိုသင်္ကြန်အထူးရထားကို နှစ်စဉ်ပြေးဆွဲပေးရင် ကောင်းပါတယ်"ဟု လှိုင်သာယာမြို့နယ် မီးခွက်ဈေးရပ်ကွက်မှ မန္တလေးမြို့သို့သွားရောက်မည့် မသင်းမို့မို့အောင်က ပြောသည်။

ယခုနှစ်သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွက် ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန် ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြင့် ရထားအစင်းရေ ၉၀ ကို နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ- စိုးမြင့်အောင်**

# အိန္ဒိယနိုင်ငံမှ ပြန်လည်ဝယ်ယူမည့်သတင်းကြောင့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

**မန္တလေး ဧပြီ ၁၁**

အိန္ဒိယနိုင်ငံမှ နှစ်လကျော်ကြာ ဝယ်ယူမှုရပ်ဆိုင်းထားသည့် မြန်မာ့ထွက်ကုန်သီးနှံ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းသီးနှံများကို မတ် ၂၉ ရက်က ပြန်လည်ဝယ်ယူခွင့်ပြုသည့် သတင်းကြောင့် အဆိုပါ ပဲသီးနှံဈေးနှုန်းများ ပြန်လည် မြင့်တက်လာကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အဆိုပါပဲသီးနှံများမှာ တင်သွင်းခွင့်ရပ်ဆိုင်းထားသည့်အတွက် ဈေးနှုန်းများကျဆင်းကာ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ နှုန်း၊ ပဲစင်းငုံဈေးမှာ ငွေကျပ် ၇၀၀၀၀ ကျော်နှင့် ပဲတီစိမ်းသီးနှံမှာ ငွေကျပ် ၁၂၀၀၀၀ နှုန်းသာရှိခဲ့ရာမှ လက်ရှိတွင် ပြန်လည်တင်သွင်းခွင့်ပြုသည့်သတင်းကြောင့် မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်း၊ ပဲစင်းငုံဈေးနှုန်းမှာ ငွေကျပ် ၉၀၀၀၀ ခန့်နှင့် ပဲတီစိမ်းဈေးနှုန်းမှာ ငွေကျပ် ၁၃၀၀၀၀ ခန့်အထိ ဈေးပြန်လည်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီပဲအမျိုးအစားတွေက တောင်သူတွေ အများဆုံး အားထားစိုက်ပျိုးကြတဲ့ သီးနှံတွေဖြစ်တယ်။ ဝယ်ယူမှုရပ်ဆိုင်းထားတဲ့အတွက် ဈေးနှုန်းတွေက သောင်မတင်ရေမကျ ကျဆင်းနေရာကနေ ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ သတင်းလေးကြားရုံနဲ့တင် ဈေးနှုန်းတွေ ပြန်တက်လာခဲ့တယ်။ ဒီအခြေအနေက မြန်မာနှစ်သစ်မှာ ပဲဈေးကွက်အတွက် မင်္ဂလာရှိတဲ့ သတင်းကောင်းတစ်ခုလို့ ပြောရမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံမှ အဆိုပါ ပဲသီးနှံအမျိုးအစား သုံးမျိုးအနက် ပဲစင်းငုံကို တန်ချိန် နှစ်သိန်း၊ မတ်ပဲကို တန်ချိန် တစ်သိန်းခွဲနှင့် ပဲတီစိမ်းသီးနှံကို တန်ချိန်တစ်သိန်းခွဲ အသီးသီး ပြန်လည်ဝယ်ယူရန် ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။



မြန်မာနိုင်ငံတွင် ပဲစင်းငုံကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးနိုင်ပြီး မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး မတ်ပဲကို သီးထပ်သီးနှံအဖြစ် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပြင် ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌လည်း စပါးသီးနှံပြီးပါက ကန်သင်းရိုးများတွင် အဓိကအားထား စိုက်ပျိုးကြကြောင်းနှင့် ပဲတီစိမ်းသီးနှံမှာ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဓာတုကင်းလွတ်သည့်အပြင် အရည်အသွေးကောင်းသည့်အတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ အဓိကအားထား ဝယ်ယူနေရပြီး ဥရောပနိုင်ငံများမှလည်း ဝယ်ယူမှုများရှိကြောင်း သိရသည်။ **အောင်ဖြိုးကျော်**



# မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**ပေါက် ဧပြီ ၁၁**

ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၁၀ သန်းအောက် ငွေလုံးလုပ်ငန်းဖြစ်သည့် ရွှေပေါက်ပင်ရပ်ကွက် ရန်ကြီးအောင်လမ်း ကွန်ကရစ်ခင်းခြင်း (၄၂၀'-၁၂'-၀'.၈")လုပ်ငန်းအား တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ချိုချိုက အနီးကပ်ကြီးကြပ်၍ လုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက အမှုဆောင်အရာရှိ၊ စည်ပင်ကော်မတီဝင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ ပေါက်မြို့အနောက်ပိုင်းကျေးရွာများမှ ပေါက်မြို့သို့ လာရောက်ရာတွင် အဓိကအသုံးပြုသောလမ်းတစ်လမ်းဖြစ်ပြီး ယခင်က မြေသားလမ်းဖြစ်၍ မိုးတွင်းကာလ သွားလာမှုအခက်ခဲရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးပါက ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လွိုင်လင်မောဝ်မြေ လမ်းလျှောက်သင်္ကြန် ကြိုတင်ပြင်ဆင်မှုများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

**လွိုင်လင် ဧပြီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ နှစ်ပေါင်းလေးဆယ်ကျော်ကြာမှ ပထမဆုံးအကြိမ်ကျင်းပသည့် လွိုင်လင်မောဝ်မြေ တိုင်းရင်းသားလမ်းလျှောက်သင်္ကြန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဧပြီ ၁၀ ရက်အထိ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လွိုင်လင်မောဝ်မြေ လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေ ၃ နာရီတွင် လမ်းလျှောက်သင်္ကြန် မုခ်ဦးဖွင့်ပွဲကိုလည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် နာရီစင်သစ်ကြီးဖွင့်ပွဲကိုလည်းကောင်း၊ ညနေ ၄ နာရီတွင် လွိုင်လင်မောဝ်မြေ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲများကို ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ လီဆူ၊ ကိုးကန့်၊ မုန်းဝန်း၊ ယင်းနက်၊ ယင်းကြား၊ တောင်ရိုး စသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် စတုဒိသာနှင့် ရေကစားမဏ္ဍပ် ၁၈ ခုရှိကြောင်း သိရသည်။

**လွိုင်လင်မိုး**

# မုံးကိုးမြို့တွင် ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါ ဖြစ်ပွား

**မုံးကိုး ဧပြီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့တွင် ရာသီအလိုက်ကျရောက်သည့် ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ယင်းရောဂါကူးစက်မှုမှာ အလွန်မြန်သောကြောင့် ရောဂါကို အချိန်မီထိထိရောက်ရောက်မကုနိုင်ပါက တစ်မြို့လုံးရှိ ကျွဲ၊ နွားများ ကူးစက်ပျံ့နှံ့နိုင်ကြောင်းလည်း သိရသည်။ မုံးကိုးမြို့ ရပ်ကွက်(၂)နေ ကိုနောင်စန်းက "အခုကျွန်တော့် ကျွဲတွေ ခွာနာ၊ လျှာနာရောဂါဖြစ်နေပါတယ်။ ရောဂါက ကူးစက်တာအတော်မြန်တယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဧပြီ ၈ ရက်မှာ လာရောက်ကုသပေးပါတယ်"ဟု ပြောသည်။

"ကျွဲတွေ၊ နွားတွေဟာ ဒီရောဂါ စတင်ဖြစ်ပွားနေပြီဆိုရင်(ခွာနာဆို) မထနိုင်၊ (လျှာနာဆို)အစာမစားနိုင်ဖြစ်နေပါတယ်။ နှစ်ရက်၊ သုံးရက်ဆို ကျွဲတွေရဲ့ခွာတွေမှာ လောက်တွေတက်လာပါတယ်။ နွားတွေဆို ပါးစပ်မှာ အနာပေါက်ပြီးတော့ အစာမစားနိုင်ဘူး။ နောက်တဖြည်းဖြည်းကြာရင် အားနည်းပြီး သေသွားတယ်"လို့ ၎င်းက ဆက်လက်ပြောသည်။

ခွာနာ၊ လျှာနာရောဂါသည် ရာသီအလိုက်ဖြစ်ပွားသည့် ရောဂါဖြစ်ပြီး မုံးကိုးမြို့တွင် သက်ဆိုင်ရာမွေး/ကုဌာနမရှိခြင်းကြောင့် ဒေသခံပြည်သူများကလည်း မိမိတို့ဒေသတွင် ရာသီအလိုက်ဖြစ်ပွားသည့် တိရစ္ဆာန်ရောဂါများကို အချိန်မီကုသနိုင်ရန်အတွက် တိရစ္ဆာန်မွေး/ကုဝန်ထမ်းခန့်အပ်ထားပေးရန်လည်း လိုလားနေကြောင်း သိရသည်။

မူဆယ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဧပြီ ၈ ရက်တွင် သွားရောက်ကုသမှုကြောင့် ကျွဲ၊ နွားများ သက်သာလာစပြုနေပြီဖြစ်ကြောင်းလည်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

# သာယာလှပ မိုင်းရှူးရတနာမြေမှ ဟိုက်ပါရေတံခွန် အလှ



ဟိုက်ပါရေတံခွန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် အတွင်းတည်ရှိပြီး သာယာလှပသော ရှမ်းပြည်နယ်၏ သဘာဝယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပေသည်။ ရေလှ္ဘာ ခုနစ်ဆင့်မှ ကိုးဆင့်အထိရှိပြီး စိမ့်စမ်း လျှိုမြောင်များ၊ ကျေးငှက်သာရကာများဖြင့် သာယာလှပသောဆေးရေးမမီ သည့် အလှပန်းချီပင်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရ ပေသည်။ ဟိုက်ပါရေတံခွန်သို့ ရန်ကုန်၊ မန္တလေးစသည့် ဒေသများမှ လာရောက်မည်ဆိုပါလျှင် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမှတစ်ဆင့် လွိုင်လင်-လဲချား-မိုင်းနောင်လမ်းများမှ လာရောက်နိုင်မည်ဖြစ်ကာ လွိုင်လင်မှ ဟိုက်ပါအရောက် လေးနာရီခွဲခန့် မောင်းနှင်ရပါမည်။ လားရှိုး- မူဆယ်ဘက်မှ လာမည်ဆိုပါက နမ့်လန်-ကျေးသီးလမ်းမှသော်လည်းကောင်း၊ မိုင်းရယ်- မိုင်းရှူးလမ်းမှသော်လည်းကောင်း လာရောက်နိုင်ပြီး တာချီလိတ်- ကျိုင်းတုံဘက်မှ လာရောက်မည်ဆိုပါက ကွန်ဟိန်း- ဝမ်စိမ်း- မိုင်းနောင်လမ်း များမှ လာရောက်နိုင်သည်။

ဟိုက်ပါရေတံခွန်အား ပုံမှန်အားဖြင့် ၁၂ ရာသီ လာရောက်လည်ပတ် ကြသူများရှိကြသော်လည်း မိုးတွင်းကာလ လယ်ယာစိုက်ပျိုးချိန်တွင်တော့ လယ်ကွင်းများအကြား မိုးထဲရေထဲ ခြေကျင်ခရီးသာ သွားရောက်ကြရသည်မို့ လာရောက်သူအရေအတွက် နည်းပါးသည်။ အများအားဖြင့် စိုက်ပျိုးရာသီ အပြီး တန်ဆောင်မုန်းလတွင် ရေတံခွန်အပန်းဖြေခရီးစတင်ဖွင့်လှစ်ကာ ကဆုန်လကုန်တွင် ပြီးဆုံးလေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ဟိုက်ပါရေတံခွန်အပန်းဖြေစခန်းသို့ နေ့စဉ်လာရောက်လည်ပတ်သူများ မှာ လူဦးရေ ထောင်ကျော်ရှိပြီး ရုံးပိတ်ရက်များ၊ သင်္ကြန်ပွဲတော်ရက် များတွင် သောင်းကျော်ထိရှိကြောင်းလည်း သိရသည်။ အေးအေး ဆေးဆေး အိပ်စက်အပန်းဖြေလိုသူများအတွက်လည်း ယာယီငြိမ့်ရိပ်သာများ ရှိကာ စားသောက်ဆိုင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များလည်း အများအပြားရှိပေသည်။ ဟိုက်ပါဒေသထွက် အစားအစာများအဖြစ် ဝက်သားချဉ်၊ အမဲချဉ်များအား မြိန်ရှက်စွာ သုံးဆောင်နိုင်သလို ဟိုက်ပါရေ အလျဉ်စီးဆင်းနေသည့် နမ့်ပန်ချောင်းမှ ပေါက်ပွားလာသည့် ချောင်းငါးကြော် လေးများကလည်း ကျော်ကြားလှပေသည်။

တိုင်းနွဲ့တိုင်းရင်းသားများ၊ ပလောင်တိုင်းရင်းသားများ ချစ်ကြည်စွာ ယှဉ်တွဲနေထိုင်ရာ ဟိုက်ပါရေတံခွန်ဒေသသို့ နေ့စဉ်လာရောက်ကြသည့် အပန်းဖြေမော်တော်ယာဉ်အစီးရေ ၂၀၀ ကျော်မှ တစ်ထောင်ကျော်အထိရှိကာ ဒေသဖွံ့ဖြိုးရေးနှင့် ရေတံခွန်လမ်းပြုပြင်တည်ဆောက်ရေးအတွက် စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိသည်။

တောတောင်စိမ့်စမ်းတို့ဖြင့် အေးမြသာယာလှသော ဟိုက်ပါရေတံခွန် တွင် ရေကစားကြသူများ၊ တောတောင်ရှုခင်းအလှကို လှည့်ပတ်လေ့လာသူ များ၊ ဒေသထွက်အစားအစာများကို မြိန်ရှက်စွာ သုံးဆောင်အနားယူနေကြသူ များဖြင့် စည်ကားလှသလို နမ့်ပန်ချောင်းအတွင်း သဘာဝအလှများအား စက်လှေစီးကာ လှည့်ပတ်ကြည့်ရှုလိုသူများအတွက်လည်း စက်လှေများစီစဉ် ထားပေးသည်။ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး ထားသလို စက်လှေစီးနင်းလိုသူများအတွက်လည်း လူတစ်ဦးနှစ်ထောင်ကျပ်၊ စင်းလုံးငှား လေးသောင်းကျပ်မို့ နှစ်ဦးနှစ်ဖက် အဆင်ပြေစေသော အပန်းဖြေ လေ့လာရေးခရီးစဉ်တစ်ခုလည်းဖြစ်၍ ဟိုက်ပါရေတံခွန်အား တစ်ခါ တစ်ခေါက် လာရောက်အပန်းဖြေကြပါရန် ဖိတ်ခေါ်လိုက်ရပါတယ် ခင်ဗျာ။ ။

**မောင်ယဉ်ကျေး**







